# ဝိမုတ္တိယုဂဓမ္မသဘာဝ
## အလင်းပြ

နှင့်

# ဓမ္မစကြာ

ပါဠိ - အနက်

မေမြို့

ဓမ္မကထိက-ဆရာဦးစိန်

-၏-

ဟောစဉ်သင်တန်း နိဗ္ဗာန်ဝင်လမ်း

၁၆၈၃၂ ၂၉၄၀၃
၈

လူမျိုး, ဘာသာ, အရွယ်မရွေး
ပါယ်တံခါးပိတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြရန်

# ပုဋ္ဌံယုဂဓမ္မသဘာဝ အလင်းပြ

# နှင့် ဓမ္မစကြာ ပါဠိ-အနက်သာ

မေမြို့

ဓမ္မကထိက-ဆရာဦးစိန်

-၏-

ဟောပြောသင်တန်း နိဗ္ဗာန်ဝင်လမ်း

သာသနာသက္ကရာဇ် ၂၅၁၆၊ ကောဇာသက္ကရာဇ် ၁၃၃၄
ပြာသိုလတွင်—ဒုတိယအကြိမ် အုပ်ရေ(၂၀၀၀)
ပုံနှိပ်ပြီးစီးပါကြောင်း။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ်(၅၉၇၄)

ဖြန့်ချိရာဌာန

ခေတ္တရာစိန်
အမှတ် ၅၆၇ သန္တာ ၂—လမ်း (စ)ရပ်ကွက်
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ (အဘိုး—ဝိ)

ပုံနှိပ်ထုတ်ဝေသူ

ဦးမောင်ဂျလေး သောကြာစာပုံနှိပ်တိုက် မှတ်ပုံတင် (၀၁၇၂၁)
သောကြာ စာအုပ်တိုက် မှတ်ပုံတင် (၀၀၆၅)
အမှတ် ၄၉-ဩဘာလမ်း ကျောက်မြောင်း၊ ရန်ကုန်မြို့။

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရတနာသုံးပါးဂုဏ်တော်နှင့်သိက္ခာသုံးပါး .... | ၈ |
| ၂။ | ပါရမီ(၁၀)ပါး .... .... .... | ၁၈ |
| ၃။ | ဒါနမေတံအနက် .... .... .... | ၂၀ |
| ၄။ | ရတနာမြတ်သုံးပါး မင်္ဂလာဆုတောင်း .... | ၂၂ |
| ၅။ | နံယောဆရာတော်ဘုရားကြီးအားကန်တော့ရန် .... | ၂၄ |
| ၆။ | မေတ္တာပို့ .... .... .... | ၂၅ |
| ၇။ | ခန္ဓာရထားဖြင့် နိဗ္ဗာန်သွားရှစ်လုံးဘွဲ့ .... | ၂၈ |
| ၈။ | ကုက္ကုဋ္ဌ မယ်ဘဒ္ဒါဇာတ်လမ်း .... | ၃၀ |
| ၉။ | ခေတ်ငါးခေတ်နှင့်ဩကာသအဓိပ္ပါယ် .... | ၃၃ |
| ၁၀။ | မနုဿသဘာဝ အလင်းပြခြင်း .... .... | ၃၆ |
| ၁၁။ | မဂ်ဉာဏ်သဘာဝ အလင်းပြခြင်း .... | ၃၇ |
| ၁၂။ | ပဋိစ္စသမုပ္ပါဒ်နယ် ဝဋ္ဋဒုက္ခ သံသရာလယ်လင်္ကာ | ၃၈ |
| ၁၃။ | မဂ္ဂင်ရှစ်ပါး အစဉ်အလာ လင်္ကာ .... .... | ၆၁ |
| ၁၄။ | သဗ္ဗပါပဿ အကရဏံ အနက် .... .... | ၆၃ |
| ၁၅။ | သီလက္ခန္ဓ မဂ္ဂင်ဇယား .... .... | ၆၅ |
| ၁၆။ | နှုတ်တက်ဆောင်ရန် မဂ္ဂင်ကံလင်္ကာ.... .... | ၆၆ |
| ၁၇။ | ဒုစရိုက်(၁၀)ပါးရှောင်ကြဉ်ရန် .... | ၆၈ |
| ၁၈။ | ဗုဒ္ဓဘာသာ၏သဘာဝ .... .... | ၇၀ |
| ၁၉။ | ငယ်ငယ်ရွယ်ရွယ်နှင့်ယေန ဒေါသေနအနက် .... | ၇၁ |
| ၂၀။ | မာတာပိတုစသောမင်္ဂလာအစစ်ကိုပြခြင်း .... | ၇၂ |
| ၂၁။ | အမြတ်ဆုံးနတ်နှင့်အကောင်းဆုံးအရသာ .... | ၇၃ |
| ၂၂။ | မဟာဝါပါဠိတော်မြတ်စွာဘုရားညီးညူခြင်း .... | ၇၄ |

၂၃။ သတိဥဋ္ဌာဟံ ဘိက္ခဝေနှင့် အမတံဘိက္ခဝေ .... ၇၆
၂၄။ သမာဓိက္ခန္ဓာ မဂ္ဂင်ဇယား .... .... ၇၇
၂၅။ အဓိစိတ္တလင်္ကာ .... .... .... ၇၈
၂၆။ ပဋိကူလပွားပုံကိုပြခြင်း .... .... ၇၉
၂၇။ ဓာတုမနသိကာရပွားပုံပြခြင်း .... .... ၈၀
၂၈။ သမာဓိဖြင့် ရှိခိုးပုံနှင့်ရှစ်လုံးဘွဲ့လင်္ကာ .... ၈၁
၂၉။ ဥဒ္ဓံ ပါဒတလာအနက် .... .... .... ၈၂
၃၀။ ပညာက္ခန္ဓာ ဇယားကိုပြခြင်း .... .... ၈၄
၃၁။ ပညာငါးပါးလင်္ကာပြခြင်း .... .... ၈၅
၃၂။ ဣရိယာပထ ပဗ္ဗကိုပြခြင်း .... .... ၈၈
၃၃။ သမ္ပဇညနှင့်သဗ္ဗေဓမ္မာအနတ္တာအနက် .... ၈၉
၃၄။ မဂ်ဖိုလ်ဆိုတာဘာလဲ .... .... .... ၉၀
၃၅။ မသိသူကျော်သွား သိသူဖေါ်စား .... ၉၁
၃၆။ အရိပ်သုံးပါးကိုပြခြင်းနှင့် ဩကာသဂီတိ .... ၉၃
၃၇။ ကာယဂတာသတိဆိုင်ရာဒေသနာ .... ၉၅
၃၈။ နိဗ္ဗာန်ဆိုတာဘာလဲ .... .... .... ၉၉
၃၉။ ယောဂီ ၄-မျိုးနှင့် ထ ၄-ချက်ဂါထာပြခြင်း .... ၁၀၁
၄၀။ နောက်ဆုံးပိတ်အိတ်နှင့်လွယ်သရဏဂုဏ် .... ၁၀၇
၄၁။ သရဏဂုဏ်ဆိုင်ရာ ဂီတကဗျာ .... .... ၁၁၁
၄၂။ ဒုစရိုက်(၁၀)ပါးပေါ်ပုံ .... .... ၁၁၂
၄၃။ ဥတ္တရသာမဏေနှင့် ဟီနံဓမ္မံ အနက် .... ၁၁၃
၄၄။ မဂ္ဂင်ရထားလင်္ကာ .... .... .... ၁၁၅
၄၅။ မဂ္ဂသစ္စာပွားပြီးသိမ်းရန် .... .... ၁၁၆
၄၆။ ဓမ္မစက္ကပဝတ္တနသုတ် ပါဠိတော်နိသျ ၁၁၉-မှ-၁၆၈

# နိဒါနကထာ

အစိန္တေယျ လောကထွဋ်ထား သဗ္ဗညု မြတ်စွာ ဘုရား သခင်သည်၊ ဘုံသုံးဆင့်၌ ခုံမင်မက်မော တဏှာဇောဖြင့် နှစ် မျောနေသူ၊ နတ်ပိုလ်လူတို့ကို၊ ကြည်ဖြူ ထောက်ထား၊ လွန် သနားတော်မူသဖြင့်၊ ဟောကြားပြတော် မူအပ်သော ဒေသ နာတော်မြတ်သည်ကား "ဝိမုတ္တိရသ အားဖြင့် တပါး၊ ဓမ္မ ဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ် အားဖြင့် သုံးပါး၊ နိကာယ် အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအား ဖြင့် ရှစ်သောင်း လေးထောင်" များမြောင် လှစွာသော ဒေသနာတို့ကို၊ ဝေနေယျ အလိုက် ကျွတ်ထိုက်သည့် အား လျော်စွာ၊ လေးဆဲ့ငါးဝါတို့ ကာလပတ်လုံး၊ ရတနာရွှဲလုံး ပုလဲကုံးကို သီကုံးဘိသကဲ့သို့၊ ဟောကြားညွှန်ပြ ဆုံးမတော် မူလေသတည်း။

ထိုသို့ဟောကြားညွှန်ပြ, ဆုံးမတော်မူအပ်သော ဒေသနာ တော် မြတ်သည်ကား။ သုတ္တဟူသော ပါဠိတော် အရပ်ရပ် တို့နှင့်တကွ၊ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနော မတိ၊ မဟာပဒေသလေးပါး ညှိပြီးလျှင်၊ အတုမှာ တထောင် အယောင်ဆောင်မှာ တသောင်း၊ အကောင်းမှာတခု၊ ဥပမာ ပြုသော ပေါရာဏစကားနှင့်အညီ၊ ရှစ်သောင်း လေးထောင် သော ဓမ္မက္ခန္ဓာတို့၏ အဆီအနှစ်ကို ယူညှစ်သောအား၊ လေး ပါးသော သတိပဋ္ဌာန်၊ လေးတန်သော သမ္မပ္ပဓာန်၊ လေးဝ သော ဣဒ္ဓိပါဒ်၊ ငါးရပ်သောဣန္ဒြေ၊ ငါးထွေသောဗလ၊ သတ္တ

# နိဒါနကထာ

ဗောဇ္ဈင်, ငြစ်မျိုးစင်သည့် မဂ္ဂင်ရှစ်ပါး၊ တရားအဆီ ပါရမီ မင်္ဂလာ၊ သာသနာ့ဝိရတီ စုပေါင်းတည်လပ်၊ ပဋိပတ်ကျင့်ခန်း၊ မဂ်ဖိုလ်လမ်းကို၊ သင်တန်း သိပ်သည်း၊ နိသျည်းကျနု၊ ဟောပြော ပြသ လျက်ရှိပေသော။ မန္တလေးမြို့ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၊ သာသနာပြု နယ်လှည့် ဓမ္မကထိက (နံ့ယော ဆရာတော်- ဦးဇာဂရ အရှင်မြတ်) ၏၊ တပည့် ဖြစ်သော၊ မေမြို့ စတုဘုမ္မိက သာသနာပြု ဂုဏ်ထူးဆောင် လက်မှတ်ရ (ဓမ္မကထိက ဆရာစိန်) အား၊ အမြို့မြို့ အနယ်နယ်မှ ယောဂီကြီးငယ်တစုတို့က၊ ဟောပြော ပြသ သင်တန်း ပေးအပ်သော နည်းအတိုင်း၊ ကျမ်းစာစောင်တခု၊ ပြုစု ထုတ် ဝေ ပါ ရန် တောင်းပန်ကြသဖြင့်၊ အခါအခွင့် သင့်သည့် အားလျော်စွာ ရေးသား စီရင်အပ်သော "ဝိမုတ္တိယုဂ ဓမ္မသဘာဝ အလင်းပြကျမ်း"ကို (၇)နှစ် အရွယ်မှအစ၊ မဂ်ဖိုလ် ဗီဇ ကိုယ်စီ ကိုယ်င ရကြစေရန် စီမံရေးပြုရာ၊ ကောင်းမြတ်သော သမ္မာဆန္ဒဖြင့် ကြည့်ရှုဆောင်ရွက် မှတ်သားကျင့်ကြံ အားထုတ်နိုင်ကြပါစေ ကုန်သတည်း။ ။

# ဝိမုတ္တိယုဂ ဓမ္မသဘာဝ

## အလင်းပြကျမ်း

နမော ဗုဒ္ဓါဒိ၊ ရတနတ္တယံ–စိရံတိဋ္ဌတု သဒ္ဓမ္မော။

**(နမော တဿ အနက်)**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အနက်။ ။ အရဟတော၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋိလောမ ဈာန်ပုံ၊ အရဟံကိစ္စ၊ ပြီးဆုံးတော် မူတတ်ထသော။ အရဟတော၊ ကုသလံ,အကုသလံ၊ ဗီအဟံ အင်မတန် စက်ဆုပ်၍၊ မပြုမလုပ် ပယ်စွန့်တော်မူထသော။ အရဟတော၊ ကာမ ရူပ အရူပ, သင်္ခါရကုသိုလ်ကံကို၊ မစက်မဆုပ်၊ တလှုပ်လှုပ် ပြုတတ်သော သူတို့သည် ဆည်းကပ် ကော်ရော်, ပူဇော်ခြင်းငှာ ထိုက်တော် မမူထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားကို၊ သယမ္ဘူဉာဏ်တော်ဖြင့် ကိုယ်တိုင် သိမြင်တော် မူထသော၊ ဘဂဝတော၊ ဘဝဂ်မဆံ့အောင် ပျံ့နှံ့မဆုံး ဘုန်းရှိတော်မူထသော။ တဿ၊ ဝိသေသဂုဏ်ထူးတို့ဖြင့်၊ ချီးကျူး၍ မကုန်နိုင်သော ထိုမြတ်စွာဘုရားအား။ မေ၊ တပည့်တော်၏။ နမော နမကာရော၊ စိတ်ညွတ် ကြည်ညိုခြင်းသည်၊ အတ္ထု၊ ဘဝတု၊ ဖြစ်ပါစေသတည်း။

## ပဌမရှေးဦးစွာ အာရုံပြုရန်

# လောကုတ္တရာဓမ္မ ဟောညွှန်ပြသည့် ဗုဒ္ဓဂုဏ်တော်

(က) ဗုဒ္ဓေါမေနာထော၊ ဗုဒ္ဓံ သတ္တာနံပါကာရံ၊
ဇီဝိတံယာဝနိဗ္ဗာနံ၊၊ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ။

(ခ) ဓမ္မောမေနာထော၊ ဓမ္မံ သတ္တာနံပါကာရံ၊
ဇီဝိတံယာဝနိဗ္ဗာနံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ။

(ဂ) သံဃောမေနာထော၊ သံဃံ သတ္တာနံပါကာရံ၊
ဇီဝိတံယာဝ နိဗ္ဗာနံ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ။

(၁) အစိန္တေယျ၊ အပ္ပမေယျ၊ အရဟံအစ, ဘဂဝါ အဆုံးရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား, မြတ်စွာဘုရား။

(၂) ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား,မြတ်စွာဘုရား။

(၃) နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ, တည်းဟူသော ရောင်ခြည်တော် ခြောက်သွယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား, မြတ်စွာဘုရား။

(၄) ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား,မြတ်စွာဘုရား။

(၅) ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်, ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် တည်းဟူသော ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား, မြတ်စွာဘုရား။

(၆) သီလသံဝရ၊ ဣန္ဒြိယသံဝရ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာနုယောဂ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗဟုဿုတ၊ ဝီရိယ၊ ပညာ၊ ရူပါဝစရ စတုတ္ထဈာန် လေးပါး တည်းဟူသော စရဏတရား တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

(၇) ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ, တည်းဟူသော သစ္စာလေးပါး၊ ၁၂-ပါး၊ ၁၆-ပါး၊ ၆၇-ပါး၊ ၁၉၂-ပါးတိုင်တိုင် အကြွင်းမရှိ သိမြင်တော်မူနိုင်သော မြတ်စွာဘုရား,မြတ်စွာဘုရား။

(၈) သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ သမ္ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ တည်းဟူသော သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ကို အကြွင်းမရှိ သိမြင်တော် မူနိုင်သော မြတ်စွာဘုရား, မြတ်စွာဘုရား။

(၉) သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ် တည်းဟူသော ဉေယျဓမ္မတရား ငါးပါးတို့ကို အကြွင်းမရှိ သိမြင်တော်မူနိုင်သော မြတ်စွာဘုရား, မြတ်စွာဘုရား။

## လောကုတ္တရာတရား—ဂုဏ်တော်ခြောက်ပါး

(၁) သွာက္ခာတဂုဏ်, သန္ဒိဋ္ဌိကဂုဏ်, အကာလိကဂုဏ်, ဧဟိပဿိကဂုဏ်, ဩပနေယျိကဂုဏ်, ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ် တည်းဟူသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော ဘုရား မုခပါဠ်ဓမ္မခန္ဓာ လောကုတ္တရာ တရားတော်မြတ်, တရားတော်မြတ်။

## ပရမတ္ထသံဃဂုဏ်တော်ကိုးပါး

(၂) သုပ္ပဋိပန္နဂုဏ်, ဥဇုပ္ပဋိပန္နဂုဏ်, ဉာယပ္ပဋိပန္နဂုဏ်, သာမီစိပ္ပဋိပန္နဂုဏ်, အာဟုနေယျဂုဏ်, ပါဟုဏေယျဂုဏ် ဒက္ခိဏေယျယဂုဏ်, အဉ္ဇလိကရဏီယဂုဏ်, အနုတ္တရံပုညက္ခေတ္တ ဂုဏ် တည်းဟူသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရားတပည့်သား ရှစ်ပါးသော အရိယာ သံဃာတော်မြတ်, သံဃာတော်မြတ်။

# နမော ဩကာသ ဝန္ဒနာ

## ဩကာသ-ဩကာသ-ဩကာသ—

ကာယ ပဏာမ....ဝစီ ပဏာမ....မနော ပဏာမ.... တည်းဟူသော သုံးပါးသော ပဏာမတို့ဖြင့် ဘုရား ရတနာ တရားရတနာ သံဃာရတနာ ဤရတနာမြတ် သုံးပါးတို့အား ပဌမ....ဒုတိယ....တတိယ....၊ တကြိမ်၊နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် တပည့်တော် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

ဤသို့ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပါရမီမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက ကုသိုလ်တော်ပွားအထူးတို့ကြောင့်။ အပါယ်လေးပါး၊ ကပ်သုံးပါး၊ အရပ်အပြစ်ရှစ်ပါး၊ ပစ္စန္တရာဇ်၊ မိလက္ခု၊ ပိလက္ခု မနော့ဝဂ်၊ ဒုဗ္ဗုဇ္ဇဌာနီ၊ အပြစ်လေးပါး၊ ဝိပ္ပတ္တိတရားလေးပါး ရန်သူမျိုးငါးပါး၊ ဤအပါဒါန်ပယ်ဆု တရား ခြောက်ပါး တို့မှရင်း၊ ထိုခြောက်ပါးတို့၏ သဘောဖြစ်သော သုံးဆယ်နှစ်ပါးသော ကံကြမ္မာ၊ နှစ်ဆယ့်ငါးပါးသော ဘေး၊ တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ။ ဆယ်ပါးသော ဗြဟ္မဒဏ်၊ ရှင်တန်သော မဟာ သတိပဋ္ဌာန် သမာပတ်အပြစ်, ဆိုးသွမ်းငြစ်ညမ်းသော ရန်တပ်မျိုး တဆယ့်ငါးပါး၊ ကိုးဆယ့် ခြောက်ပါးသော ဆနဝုတိ ယောဇ, တဏှာ ပါသဏ္ဍ ကျော့ကွင်း, စွပ်မိခြင်း၊ အဋ္ဌာဓိကသတ, ဂရဟိတ ကွဲရှဲစွပ်စွဲခြင်း၊ တရာ့ရှစ်နဝင်း

ဂြိုဟ်စီးဂြိုဟ်နှင်း အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း ရသည်ဖြစ်ပါ၍၊ သမ္ဗုဒါန်သယ်ဆု သုံးပါးဟု ဆိုအပ်သော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို တပည့်တော် မျက်မှောက်ပြုရပါလို၏အရှင်ဘုရား။

## (မဂ်သီလဆောက်တည်ပုံ)

အဟံဘန္တေ၊ တိသရဏေန၊ သဟ၊ ပဉ္စင်္ဂသမန္နာဂတံ၊ အာဇီဝဋ္ဌမကံ၊ ဂရုဓမ္မသီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ၊ မေဘန္တေ။

ဒုတိယမ္ပိ၊အဟံဘန္တေ၊တိသရဏေန၊သဟ၊ပဉ္စင်္ဂသမန္နာဂတံ၊ အာဇီဝဋ္ဌမကံ၊ ဂရုဓမ္မသီလံ၊ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ၊ သီလံဒေထ၊ မေဘန္တေ။

တတိယမ္ပိ၊ အဟံဘန္တေ၊ တိသရဏေန၊ သဟ၊ ပဉ္စင်္ဂသမန္နာဂတံ၊ အာဇီဝဋ္ဌမကံ၊ ဂရုမ္မေသီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ၊မေဘန္တေ။

(အာမဘန္တေပါအရှင်ဘုရား)

နမောတဿ၊ ဘဂဝတော၊ အရဟတော၊

သမ္မာသမ္ဗုဒ္ဓဿ။

နမောတဿ၊ ဘဂဝတော၊ အရဟတော၊

သမ္မာသမ္ဗုဒ္ဓဿ။

နမောတဿ၊ ဘဂဝတော၊ အရဟတော၊

သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။
ဓမ္မမ် သရဏမ် ဂစ္ဆာမိ။
သံဃမ် သရဏမ် ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ။
တတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ။

(အာမဘန္တေပါ အရှင်ဘုရား)

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သမ္ဖပ္ပလာပဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မိစ္ဆာဒိဋ္ဌိ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မိစ္ဆာအာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယ မဇ္ဇပမာ ဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (အာမဘန္တေပါ အရှင်ဘုရား)

(သမ္မာကမ္မန္တ သမ္မာဝါစာ သမ္မာအာဇီဝ အဓိသီလ မဂ္ဂင် ၃-ပါး တည်ရှိနေသောကြောင့် ငရဲဘုံမှလွတ်ပြီမှတ်)

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။
အဒ္ဓါဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။
အဒ္ဓါဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။
အဒ္ဓါဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

## အဋ္ဌိဣမသ္မိံကာယေ

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမဉ္ဇ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊

မတ္တလုင်္ဂံ၊ ပိတ္တံ၊ သလေမှံ၊ ပုပ္ပေါ၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ မုတ္တန္တိ။ ။

## အတ္ထိဣမသ္မိံ ကာယေ

မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု၊ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုပ္ပေါ၊ သလေမှံ၊ ပိတ္တံ။ မတ္တလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ပိလိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။ ။

## ဤရူပကာယခန္ဓာကိုယ်၌

ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်း ချဉ်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်။ ။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ ။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

## ဤရူပကာယခန္ဓာကိုယ်၌

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက် အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုပ်၊ အဖျဉ်း

အမေး၊ အသည်း၊ နှလုံး၊ အညှို့၊ ရိုးတွင်း ချဉ်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ၊ အရေပါး၊ သွား၊ ခြေသည်း၊ လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဥဒ္ဓံပါဒတလာ အဓော ကေသ မတ္ထကာ၊ တစပရိယန္တံ ပူရံနာနပ္ပ ကာရဿ အသုစိနော ပစ္စဝေက္ခယျ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(သမ္ပာဝါယမ သမ္မာသတိ သမ္မာ သမာဓိ အဓိစိတ္တ မဂ္ဂင် ၃-ပါး တည်ရှိနားသောကြောင့် ပြိတ္တာဘုံ အသူရကာယ် ဘုံမှလွတ်ပြီမှတ်လေ။)

သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။အနိစ္စာ ဝတ ဘော သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမော သုခေါ။ ။သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ၊ အထနိဗ္ဗိန္ဒတိ ဒုက္ခေ- ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။ဒုက္ခာဝတဘော သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။သဗ္ဗေ ဓမ္မာအနတ္တာတိ၊ ယဒါပညာယပဿတိ၊ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။အနတ္တာ ဝတဘော ယေဓမ္မာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမော သုခေါ။

ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာ စရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။

သွာက္ခာတော ဘဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။

ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသ ဘဂဝတော သာဝက သံဃော၊ အာဟု နေယျော၊ ပါဟု နေယျော၊ ဒက္ခိနေယျော၊ အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊ ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာသတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊ ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာသတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊ ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာသတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊ ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာသတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊ ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတော မနော။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊ ယေသံ ဒိဝါစ ရတ္တောစ၊ ဘာဝနာယ ရတောမနော။

သိယာကုသလံ ဓမ္မံပဋိစ္စ ကုသလောဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ၊ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ။

(သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင် ၂-ပါး အဓိပညာဘရား တည်နားရပြီးဖြစ်၍ တိရစ္ဆာန်ဘုံမှ လွတ်ပြီမှတ်လေ)

ဒါနမေတံ မယာဂတမဂ္ဂေါ၊ သီလမေတံ မယာဂတမဂ္ဂေါ၊ နိက္ခမံယေဝ ပုရေန္တော နိဗ္ဗာနပစ္စယော ဟောတု.

ဣဒံမေ ပုညံ အာသဝက္ခယ ပတ္တံဝဟံဟောတု။
ဣဒံမေ ပုညံ အာသဝက္ခယ ပတ္တံ ဝဟံ ဟောတု။
ဣဒံမေ ပုညံ အာသဝက္ခယ ပတ္တံ ဝဟံ ဟောတု။
စိရံတိဋ္ဌတု သဒ္ဓမ္မော၊ ပု-ဒိ-အာ နှင့် ပြည့်စုံပါစေသော်။

## (ပါရမီ ၁၀-ပါး နိဗ္ဗာန် ရောက်ကြောင်းတရား)

၁။ ဒါန။ အားရှိသလောက်ပေး။
၂။ ဝီရိယ။ မဂ္ဂင် ရေနှင့်ဆေး။
၃။ မေတ္တာ။ ရာဂ ကင်းအောင်ကြွေး။

ပညာ အနိစ္စ မြင်အောင်တွေး။

၄။ သီလ။ ဒုကုန်ပယ်ကြဉ်ဆေး။
၅။ ခန္တီ။ သည်းခံချုပ်တီးရေး။
၆။ သစ္စာ။ နှုတ်မြွက်ဆောက်တည်ပေး။
ပညာဒုက္ခ မြင်အောင်တွေး။

၇။ နိက္ခမ။ ကျွတ်လွတ်ထွက်မြောက်ရေး။
၈။ အဓိဋ္ဌာန်။ ချိန်မှန်ကျင့်သွားပေး။
၉။ ဥပေက္ခာ။ လျစ်လျူကြံရှုမွေး။
ပညာ အနတ္တ မြင်အောင် တွေး။

၁။ သစ္စာငါးချက် လက်နက်ကိုကိုင်၊
ဒုစရိုက်ပေါ် မိုက်တောခုတ်ချိုင်၊
ဝိရတီထုံး ကျင့်သုံးပိုင်ပိုင်၊
ဒေါသကြမ်း ကုန်ခန်းဖျက်ဖြိုနိုင်။ ။

၂။ ပရိညာငါး ဆောင်သွားရှုသော်၊
ဟာကျာခပင်း ပယ်ရှင်းဖြတ်နော်၊
ငါသူလူပြုတ် နာမ်ရုပ်တွေပေါ်၊
လောဘဓာတ် ခုတ်ဖြတ် ဆင့်ဆင့်ကျော်။ ။

၃။ ပညာငါးရပ် ထပ်ထပ်ဆင်ခြင်၊
ဒိဋ္ဌိစားစား မြင်မှားလွင့်စင်၊
သစ္စာကျယ်သိ သတိဉာဏ်ယှဉ်၊
မောဟယုတ် တိုက်ထုတ်ကုန်အောင်ပင်၊ ။

## ဒါနမေတ် မယာဂတမဂ္ဂေါ၊ အနက်ကိုပြဆိုခြင်း

တေံဒါနံ၊ ဤမဟာပုရိသ ဓမ္မ, ဒါနပါရမီ မင်္ဂလာသုံးပါးသည်။ မယာဂတမဂ္ဂေါ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံးဖြည့်ဆည်းပူး၍ လာတော်မူခဲ့သော ငါဘုရား၏ ပါရမီမဂ္ဂင် ခရီးလမ်းအစဉ်ပင်ဘည်း။ ။တေံသီလံ၊ ဤမဟာပုရိသဓမ္မ, သီလပါရမီ မင်္ဂလာသုံးပါးသည်၊ မယာဂတမဂ္ဂေါ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူး၍ လာတော်မူခဲ့သော ငါဘုရား၏ ပါရမီ မဂ္ဂင် ခရီးလမ်း အစဉ်ပင်တည်း။ ။

နိက္ခမံယေဝ၊ ဝတ္ထုကာမမှ ထွက်မြောက်အောင် ကြံစည်ခြင်း။ နိက္ခမ, အဓိဋ္ဌာန်, ဥပေက္ခာ၊ ကိလေသာကာမမှ ထွက်မြောက်အောင် ကြံစည်ခြင်း။ နိက္ခမ, အဓိဋ္ဌာန် ဥပေက္ခာ ပါရမီ မင်္ဂလာ သုံးပါး၊ ခြောက်ပါး၊ နိက္ခမဘုရား ကိုသာလျှင် ပူရေန္တော၊ ဖြည့်ဆည်းပူးတော်မူလျက်။ အာဂတာ၊ လာတော်မူခဲ့၏။ ။

နိဗ္ဗာနပစ္စယော၊ ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးဟု ဆိုအပ်သော မီးဆဲ့တတန် ငြိမ်းရာအမှန် အဓိသီလ သာသနာ၊ အဓိစိတ္တသာသနာ၊ အဓိပညာသာသနာ၊ သာသနာတော် သုံး တန်, မြတ်နိဗ္ဗာန်၏ ရောက်ကြောင်း အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ အရိယာနယ်ကူး အကျင့်ထူးကို ဆည်းပူးမွေ့လျော် ဘုရားတပည့်တော်၏။ ဤဒ°ပုည°၊ ဤပါရမီ သမ္ဘာရ, ဒါန သီလ,နိက္ခမ, ကုသိုလ်ကောင်းမှု အစုစုသည်။ အာသဝက္ခယ ပတ္တ°၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတည်း ဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော အသခ်ဳတဓာတ် မြတ်သောနိဗ္ဗာန်သို့ ရောက်သည်တိုင်အောင်။ ဝဟံ, ဝဟန္တော၊ မရောက် ရောက် အောင်, အပါဆွဲငင် ပို့ဆောင်တင်သည်။ ဟောတု၊ ဖြစ်ပါ စေသတည်း။ ။

သဒ္ဓမ္မော၊ နေ့ညကြိုးစား ကျင့်ဆောင်ပွားသည့် ရှစ်ပါး သော မဂ္ဂင်,အရိယာတို့၏ လုပ်ငန်းကျင့်စဉ်သည်။ စိရံ၊မင်္ဂဉာဏ်, ဖိုလ်ဉာဏ်အမြင်သန့်၍ အသခ်ဳတဓာတ်, မြတ်နိဗ္ဗာန်သို့ ရောက် သည် တိုင်အောင် ကြာမြင့်စွာ။ တိဋ္ဌတု၊ ရုပ်, နာမ် တိုင်းပင် အမြဲယှဉ်၍ တည်ပါစေသတည်း။ ။

(ပု-ဒိ-အာ-) ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ ဝိဇ္ဇာသုံးတန် အမြင်သန့်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ။

ဤတွင် ဩကာသ ပဏာမမှ ပု,ဒိ-အာ-အထိ

(သီလ-သမာဓိ-ပညာ,သိက္ခာကျင့်စဉ် လုပ်ငန်းဝင်ပုံပြီးပြီ။)

ဘုရားကိုးကွယ်၊ စည်းစိမ်ကြွယ်၊ အပါယ်မကျပါ။
တရားကိုးကွယ်၊ ကိလေနယ်၊ လွတ်လွယ်ရမည်သာ။
သံဃာ့ကိုးကွယ်၊ ကောင်းကျိုးကြွယ်၊ စင်ကြယ်ရမည်သာ။

(၁) ဗုဒ္ဓေါစ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါ စာပိ လောကဂ္ဂေါ၊
ဗုဒ္ဓံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။

လောကေ၊ ကာမရူပ-အရူပဟု လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါစ၊ လေးပါးသစ္စာ, မြတ်ဓမ္မာကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင်ပင် သိမြင်နိုင်ခြား မြတ်စွာဘုရား သည်လည်း။ မင်္ဂလော၊ အမြတ်ပိုင်းခြား, မင်္ဂလာတရားတို့ထက် ထင်ရှား မြင့်မြတ်သော မင်္ဂလာကြီးဖြစ်တော်မူပါပေ၏။ သမ္ဗုဒ္ဓေါစာပိ၊ တေဘုမ္မိက, စတုဘုမ္မိက, သင်္ခတ, အသင်္ခတ တရားသဘော အတန်ဟန်ကို မကြွင်းမကျန်, အမြင်သန်သော သယမ္ဘူဉာဏ် သဗ္ဗညုတဉာဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ လောကဂ္ဂေါ၊ ကာမလောက, ရူပလောက, အရူပလောက, သုံးလောကထက် ကြီးမြတ်တော်မူပါပေ၏။ ဗုဒ္ဓံသရဏံ၊ ဂေါတမနွယ်ဘွား, မြတ်စွာဘုရား တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ သဒ္ဓါ ထန်သဲ, မပြောင်းလွဲဘဲ အစွဲပြုကြ၍။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ အပါဒါက် ခြောက်ပါး, အပါဒီရှစ်ပါး, ခပ်သိမ်းသော ဆင်းရဲဒုက္ခကြား တို့မှ။ ပမုစ္စရေပမုစ္စန္တိ၊ မချဉ်းမစွပ် ဆင့်ဆင့် ကျွတ်၍ ကင်း လွတ်ကြရလေကုန်တော့သတည်း။ ။

(၂) ဓမ္မောစ မင်္ဂလော လောကေ၊
ဂမ္ဘီရောဟောတိ ဒုဒ္ဒသော၊
ဓမ္မံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။

လောကော၊ ကာမရူပ-အရူပဟူသော လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မောစ၊ မဂ်လေးတန်, ဖိုလ်လေးတန်, မြိုက်နိဗ္ဗာန်နှင့် တဖန်ပရိယတ်, ဆယ်ပါးသော တရားတော် မြတ်သည်လည်း။ မင်္ဂလော၊ အမြတ်ပိုင်းခြား မင်္ဂလာတရားတို့ထက် ထင်ရှား မြင့်မြတ်သော မင်္ဂလာကြီး ဖြစ်တော်မူပါပေ၏။ ဂမ္ဘီရော၊ ပါဠိ၏နက်နဲခြင်း, အနက်၏နက်နဲခြင်း, ဒေသနာ၏နက်နဲခြင်း, အသိဉာဏ်၏နက်နဲခြင်း သဘောရင်းတို့ကြောင့် ထိုးထွင်းမရ, အလွန်နက်နဲလှပါပေ၏။ ဒုဒ္ဒသော၊ အကျင့်မသန် ပုထုဇန်တို့, အလွန်သိနိုင် မြင်နိုင်ခဲသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မံ သရဏံ၊ ပါရမီကံ, မဂ္ဂင်ကံ, ဗောဇ္ဈင်ကံ စတုဘုမ္မိက တရားမှန်တည်း ဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ သဒ္ဓါထန်သဲ, မပြောင်းလွဲဘဲ အစွဲပြုကြ၍။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ အပါဒါန်ခြောက်ပါး, အပါဒီရှစ်ပါး။ ခပ်သိမ်းသော ဆင်းရဲ ဒုက္ခကြွားတို့မှ။ ပမုစ္စရေ ပမုစ္စန္တိ၊ မချဉ်းမစွပ် ဆင့်ဆင့်ကျွတ်၍ ကင်းလွတ်ကြ လေကုန်တော့ သတည်း။ ။

(၃) သံဃော စ မင်္ဂလော ယောကော၊
ဒက္ခိနေယျော သဒါဘဝေ၊
သံဃံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။

လောကော၊ ကာမရူပ-အရူပဟူသော လောကသုံးခွင် ဘုံအပြင်၌။ သံဃော စ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန် လေးယောက်၊

ရှစ်ယောက်သော အရိယာ မဟာသတိပဋ္ဌာန် ဂိုဏ်ဝင် သံဃာ
တော်အစစ်၊ တရာ့ရှစ်ပါး သည်လည်း။ မင်္ဂလော၊ အမြတ်
ပိုင်းခြား မင်္ဂလာ တရားတို့ထက် ထင်ရှား မြင့်မြတ်သော
မင်္ဂလာတော်ကြီးဖြစ်တော်မူပါပေ၏။ သဒါ၊ နေ့ရော ညဉ့်ပါ၊
အခါခပ်သိမ်း။ ဒက္ခိဏနေယျော၊ သဒ္ဒါကြည်ဖြူ၊ မြတ်သော
အလှူကို၊ ခံယူတော်မူထိုက်သည်။ ဘဝေ၊ ဖြစ်၏။ သံဃံ သရဏံ၊
မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန် လေးယောက်, ရှစ်ယောက်
သော အရိယာ မဟာသတိပဋ္ဌာန်ဂိုဏ်းဝင်၊ သံဃာတော်အစစ်
တရာ့ရှစ်ပါး တည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ၊ သဒ္ဓါ
ထန်သဲ မပြောင်းလဲဘဲ၊ အစွဲပြုကြ၍။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ
သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ အပါဒါန်ခြောက်ပါး၊
အပါဒီ ရှစ်ပါး၊ ခပ်သိမ်းသော ဆင်းရဲဒုက္ခ ကြားတို့မှ။
ပမုစ္စရေ ပမုစ္စန္တု၊ မချဉ်းမစွပ် ဆင့်ဆင့်ကျွတ်၍၊ ကင်းလွတ်
ကြရလေကုန်တော့သတည်း။

---

## နံ့ယော ဆရာတော်ဘုရားကြီးအား ကန်တော့ရန်

သဒ္ဓါပါလ၊ ဆန္ဒမဟိ၊ ဒယာညာဏ၊ ကမ္မကရိ၊
ဓမ္မဆောက၊ ဂုဏစယိ၊ ဝန္ဒာမ၊ အမှမာစေရိ။

သဒ္ဓါပါလံ၊သာသနာဝင် အများယုံကြည်မှု ပွားအောင်
အင်အား ရှိသလောက် ခရီးရောက်စေဘို့ စောင့်ရှောက်လေ့
ရှိပေထသော၊ ဆန္ဒမဟိ၊ စတုဘုမ္မိကာ၊ သာသနာကို

ကမ္ဘာကြီးပျံ့ တည်ရှိနေအောင် ခိုင်ခန့်သော သမာ ဆန္ဒလည်း ရှိပေထသော၊ ဒယာညာဏ်၊ ပုဂ္ဂိုလ်တန်းစား၊ မခွဲခြားဘဲ သနားခြင်းအမှန် စေတနာသန့်လျက် ဝေဘန်သော ဉာဏ်လည်း ရှိပေထသော။ ဓမ္မကာရီ၊ ကံလေးပါးဝယ် ယုတ်လတ်ပယ်၍ စင်ကြယ်ဖြောင့်မတ် ကံအမြတ်ကိုသာ အထပ်ထပ် ပြုလေ့ ရှိပေထသော။ မေဓာဝီ၊ သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ် သဘောမှန်တို့ဖြင့် ကျမ်းဂန်ကန့်သတ် ထုံးပုံ ကပ်လျက် ဆုံးဖြတ်လေ့ ရှိပေထသော။ ဂုဏဝယိ၊ သာဝက တပည့် သဘောကြည့်လျက် ဂုဏ်ရှိသလောက် ခရီးပေါက် အောင် ချီးမြှောက်လေ့ ရှိပေထသော။ အမှ၊ သိက္ခာသုံးလီ ဆောင်ပွားသည့်ကြောင့် ယောဂီခေါ်ထား တပည့်များ၏ အာစရိ၊ ဟံသာဝတီ တကြော ကျေးရွာတွေ ပေါ်သော် လည်း၊ နံ့ယောဂါမှာ, နေထိုင်လာ၍ ကြေငြာ ထင်ပေါ် (နံ့ယောဆရာတော်ဘုရားကြီးကို) မယံ၊ ဆရာတော်ကျေးဇူး ဂုဏ်အထူးကို ချီးကျူးဖေါ်ထုတ် အကျွန်ုပ်တို့သည်။ ဝန္ဒာမ၊ လောကုတ္တရာတန်ခိုး အသိဉာဏ်တိုးသဖြင့် ရှိခိုးကန်တော့ပါ ကုန်၏ အရှင်ဘုရား။

## မေတ္တာပို့

(၁) ဆရာတော်သခင်၊ ကျေးဇူးရှင်၊ ကြည်လင်ကိုယ် စိတ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်း ဖြာပါစေ။ ။

(၂) မိခင်, ဘခင်၊ ကျေးဇူးရှင်၊ ကြည်လင်ကိုယ်စိတ် ကျန်းမာပါစေ၊ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊လန်းဖြာပါစေ။

(၃) ယောဂီများစွာ၊ ဒို့သူငါ၊ နှစ်ဖြာ ကိုယ် စိတ် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသားပါစေ၊ လန်းဖြာပါစေ။ ။

(၄) ဒို့မြို့ရှိနေ၊ ရှင်လူတွေ၊ နှစ်ဖြာကိုယ်စိတ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာပါစေ။

(၅) ဒို့ရွာရှိနေ၊ ရှင်လူတွေ၊ နှစ်ဖြာကိုယ်စိတ်၊ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာပါစေ။

(၆) ဒို့နယ်ရှိနေ၊ ရှင်လူတွေ၊ နှစ်ဖြာကိုယ်စိတ်၊ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာပါစေ။

(၇) ဒို့တိုင်းပြည်နေ၊ ရှင်လူတွေ၊ နှစ်ဖြာ ကိုယ်စိတ် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာပါစေ။

(၈) ဘုမ္မအာကာ၊ နတ်ပြဟ္မာ၊ နှစ်ဖြာ ကိုယ် စိတ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာပါစေ။

(၉) သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ နှစ်ဖြာ ကိုယ် စိတ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာပါစေ။

(၁၀) ဆရာတော်အကြံ၊ အဓိဋ္ဌာန်၊ အမြန်ပေါက်ရောက် အောင်ပါစေ။ (၃)ခေါက်။

အောင်စေ-အောင်စေ-ဒို့တတွေ
အောင်ကြပါစေ-ဒို့တတွေ။ သာဓု(၃)

............):o:(............

## ရှစ်ပါးလောကဓံ မြန်မာပြန်

လာဘ် သပ္ပကာ ပေါများ ပြန်ရင်လဲ ခြေဖျား မထောက်လိုက်ကြပါနဲ့။

လာဘ် သပ္ပကာ မရှိမှာကိုလဲ တွေး၍ မကြောက်လိုက်ကြပါနဲ့။

ဒေါက်လျှောက်လော ကဓံ၊ သည်းညီးခံ၊
နိဗ္ဗာန်မရသေးသမျှ-ဤဒုက္ခ။

အခြွေအရံ ပေါများပြန်ရင်လဲ ခြေဖျားမထောက်လိုက်ကြပါနဲ့။

တယောက်ထဲ နေရမှာကိုလဲ တွေး၍ မကြောက်လိုက်ကြပါနဲ့။

ဒေါက်လျှောက် လောကဓံ၊ သည်းညီးခံ၊
နိဗ္ဗာန်မရသေးသမျှ-ဤဒုက္ခ။

သူများ ချီးမွမ်းပြန်လဲ ခြေဖျားမထောက်လိုက်ကြပါနဲ့။

သူများ ကဲ့ရဲ့မှာကိုလဲ တွေး၍ မကြောက်လိုက်ကြပါနဲ့။

ဒေါက်လျှောက် လောကဓံ သည်းညီခံ၊
နိဗ္ဗာန် မရသေးသမျှ-ဤဒုက္ခ။

(၇) ချမ်းသာပြန်ရင်လဲ ခြေဖျားမထောက်လိုက်ကြပါနဲ့။
(၈) ဆင်းရဲမှာကိုလဲ တွေး၍ မကြောက်လိုက်ကြပါနဲ့။
ဒေါက်လျှောက် လောကဓံ သည်းညီးခံ
နိဗ္ဗာန်မရသေးသမျှ-ဤဒုက္ခ။

(နေချင်သလို မဖြစ်လို့လဲ စိတ်မညစ်လိုက်ကြပါနဲ့၊ ဖြစ်သလိုသာနေ၊ ဒို့တတွေ) သာဓု-၃။

....o....

## သံသရာနယ်တကြောမြောနေတဲ့ ခန္ဓာရထားနှင့် နိဗ္ဗာန်သို့သွားကြစို့

(၁) ဉာတပရိညာ။ ။ရုပ်၊နာမ် နှစ်ဖြာ ပိုင်းခြားကာ။
(၂) တီရဏပရိညာ။ ။လက္ခဏာသုံးပါး ဆင်ခြင်ပါ။
(၃) ပဟာနပရိညာ။ ။ဒိဋ္ဌိဘဏှာ ကင်းရှင်းကွာ။
၁-ရူပက္ခန္ဓာ။ ၂-ဝေဒနက္ခန္ဓာ။ ၃-သညက္ခန္ဓာ။
၄-သင်္ခါရက္ခန္ဓာ။ ၅-ဝိညာဏက္ခန္ဓာ။
ဖေါက်ပြန် ခံစား၊ မှတ်သား ပြုပြင်၊ အသိပင်၊ ခေါ်တွင် ငါးခန္ဓာ။

(က) ခန္ဓာငါးပါး၊ ရထားလိုလို၊
သံသရာဝဲ၊ မမြဲထိုထို၊
ဖန်ဖန်ဖြစ်နဲ့၊ ဆင်းရဲပိုမို၊
စိုးမရ၊ ဆိုးလှပါ၏ကိုယ်။

(ခ) ဇာတိဒုက္ခ၊ ဆယ်လကြာပေ၊
ဇရာကညွှင်း၊ အိုမင်းခန္ဓေ၊
ဗျာဓိကစွဲ၊ ကိုက်ခဲနာပေ၊
မရဏ၊ ခွဲရချစ်သူတွေ။

(ဂ) ဤသို့ဒုက္ခ၊ မုချမသွေ၊
နေ့ရှိတိုင်းပ၊ မဆိုင်းမနေ၊
သုံးဆယ်ကော၊ ရောက်ကြသူတွေ၊
တွေ့ရမြဲ၊ ကိုယ်ဘဲပြုခဲ့ပေ။

(ဃ) ဒုက္ခသက်တွင်း၊ လွတ်ကင်းလိုသူ၊
မဂ္ဂရှစ်ပါး၊ ရထားလှေဖြူ၊
စက်ကုန်းမောင်းလို့၊ ဖေါ်ပေါင်းညီတူ၊
ထိုင်ခါစီး၊ ခရီးပြည်နိဗ္ဗူ။

(သာဓု....၃)

အထက်ပါ ရှင်လုံးဘွဲ့ လင်္ကာအရ ဖေါ်ပေါင်းညီတူ ကြည်ကြည်ဖြူဖြူနှင့် အိမ်ထောင်စုံ ပြည်နိဗ္ဗူ ယူကြပုံထုံးကို ရုပ်လုံးဖေါ် လိုက်ကြအုံးစို့။

...........):ဝ:(..........

## (ယဉ်ကျေးမှုရ မြတ်ဓမ္မ၏ သဘာဝစံပြ)

# ကုက္ကုဋ-မုဆိုးကြီးဝတ္ထု

……း၀း……

### ယဉ်ကျေးလိုက မြတ်ဗုဒ္ဓ ပွားကြသာသနာ

ကမ္ဘာသူ ကမ္ဘာသား လူအများတို့သည် စကားပြောကြရာ၌ ယဉ်ကျေးမှု အဖြာဖြာရအောင် ရှာကြပါဟု မကြာမကြာ ပြောကြတဲ့ အသံတွေကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ထင်မြင်ချက် ထည့်သွင်းပြီး ရေးသားခြင်း ပြုကြတာတွေ တွေ့ရတယ်၊ ယဉ်ကျေးမှု အသွယ်သွယ် မရှောင်မပယ်ဘဲ တကယ်လိုချင်ကြပါသလားလို့ စဉ်းစားဆင်ခြင်လိုက်တော့ တကယ်လိုချင်သူက ရှားပြီး အပြောသမားတွေသာ များနေတာ တွေ့ရတယ်။

တနိုင်ငံက တနိုင်ငံကိုကူးပြီး ယဉ်ကျေးမှု အတူးပေးတယ်လို့ ဆိုသော်လဲ မကြားကောင်း မနာသာ မမြင်ဝံ့ မကြားဝံ့တာတွေသာ ကြေငြာပြဋ္ဌာန်းပြီး နည်းလမ်း မဟုတ်တာတွေ စည်းကမ်း လုပ်နေကြတယ်။

ဗုဒ္ဓဘာသာလို့ အမည်ခံတယ်၊ အသံထွက်တယ်၊ အဝိဇ္ဇာနယ်က မဖွယ်မရာတဲ့ အပုံအမူ၊ အပြောအဆို၊ အကြံအစည်မျိုးကို လက်ခံသိမ်းပိုက်ပြီး နှစ်ခြိုက်ပျော်ရွှင် နေကြတာတွေ

တွေတော့ သူတို့တတွေရဲ့ ယဉ်ကျေးမှု ဆိုတာတွေဟာ အကျိုးမများ အကုသိုလ်ပွားသဖြင့်... ဘုရားမကြိုက်တဲ့ အမှားအမိုက်တွေ ဖြစ်နေကြတယ်။

ဗုဒ္ဓါဝါဒ လိုက်နာကြတဲ့ ဗုဒ္ဓဘာသာဝင်ဆိုရင်ယဉ်ကျေးမှု အစားစား နိုင်ငံတပါးမှာ ထွက်မရှာကြနဲ့၊ ဗုဒ္ဓသာသနာတော်အတွင်းမှာ ရှာဖွေစုဆောင်းခြင်း ပြုကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်၊ ဗုဒ္ဓသာသနာတော်၌ ပြည်တွင်း ငြိမ်းချမ်းရေး ဒုစရိုက်ပပျောက်ရေး အကျင့်ဖြူဖွေးပြီး အမိုက်အားလေးတဲ့ ယဉ်ကျေးမှု အစားစားရှိနေပါတယ်၊ သာသနာတော်ကို တကယ်ကြည်ညို ကိုးစားကြပြီး နင်လား ငါလား အသိပွားအောင် ကြိုးစားကြမယ် ဆိုရင် မျက်မြင်ကိုယ်တွေ့ ယဉ်ကျေးတဲ့ အလေ့တွေ ရယူနိုင်ကြောင်းကို ဗုဒ္ဓဘာသာဝင်များ သတိထားကြပါ။

သာသနာတော်၏ သတ္တိသည် လွန်ကြူးနေတဲ့ သူတွေကို မလွန်ကြူးဝံ့အောင် သောင်ကျန်း ထကြွနေတဲ့ သူတွေကို မထကြွ, မသောင်းကျန်းဝံ့အောင် အမိုက်မျိုး ဖျက်ဆီးပြီး၊ မကူးစက်နိုင်အောင် ဆောင်ရွက် အားပေးတတ်တဲ့ သတ္တိထူးရှိပါတယ်။

ကိုယ်တွေ့ကြုံရင် ယုံကြည်ရမယ်၊ ဥပမာ၊ မောင်မဲဆိုတဲ့ လူတယောက်သည် သာသနာ့ အလုပ်ကို အားမထုတ်ခင်က လွန်ကြူးဆူပွက် မိုက်မျိုးဆက်အောင် နေ့ရက် အပိုင်းအခြား မရှိ အမှားငြိနေတဲ့ လူတယောက်လို့ ထားပါတော့၊ မောင်မဲသည် ဘာကြောင့် အမှားငြိနေသလဲဆိုတာကို ကြိုတင်စုံစမ်း

ပြီး သူ၏လိုလားချက်ကို ရက်အပိုင်းအခြားလောက် ကူညီဖြည့် စွက်ပြီး မောင်မဲကို သာသနာ့ဘက်သို့ ပို့လိုက်စမ်းပါ။　။

အစမ်းခန့် အနေနဲ့ဘဲ သာသနာနယ် ဝင်လာရင်ဘဲ ပဌမ အဆင့် သတ်မှုအစားစား၊ ခိုးမှုအစားစား၊ လူန်ကြူးမှုအစား စား၊ သောက်စားမှုအစားစား၊ ဒုတိယအဆင့် လိမ်မှုအစား စား၊ ဂုံးတိုက်မှုအစားစား၊ ဆဲမှုအစားစား၊ ပြိန်ဖျင်းပြောမှု အစားစားတို့ဟာ ရပ်နားရပ်သိမ်း သွားပါလိမ့်မည်။ တတိယ အဆင့်အနေနဲ့ သူ့စည်းစိမ် မတရားကြံမှုတွေ အစားစား၊ ရန်ညိုးထားမှု အစားစား၊ ဖေါက်ပြန် ယူမှားမှု အစားစား၊ မတရား အသက်မွေးမှု အစားစားတို့မှ ရပ်နား ရပ်သိမ်းသွား ပါလိမ့်မည်။

မောင်မဲသည် သာသနာတော်ဝင် မဖြစ်ခင်က တွေ့မြင် သမျှ ရပ်သူရွာသားတို့က မောင်မဲအနားသို့ မသွားဝံ့၊ ကြောက် လန့် မုန်းတီးနေစရာ ဖြစ်သော်လည်း သာသနာတော် အစ မဂ္ဂင်သီလကို မောင်မဲ စောင့်ထိန်း စောင့်ရှောက်နေတဲ့ ကာလ အတွင်းမှာ ရပ်သူရွာသားတို့က ရှုံမုန်းခြင်း ကင်းလျက် စိတ် သန့်ရှင်းစွာနှင့် မောင်မဲကို ဆက်ဆံ အပေါင်းအဘက်လုပ်ခြင်း ပြုလာမည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်နိုင်ပါတယ်။

ကျမ်းဂန်ထွက် ဝတ္ထုဇာတ်လမ်း ပုံပြင် စခန်းများကို ရေး ဆရာတော်တို့ အနာဂါတ် ဗုဒ္ဓဘာသာဝင်များ အတုယူ နည်း ခိုးစရာ နိပါတ်များကို ရေးသား စီရင်ခဲ့ကြသော်လဲ အချို့ မလေးမစားသူများက ခေတ်မမှီသော ဖျော်စကားတွေပါလို့ ပယ်ရှား အပြစ်တင်တတ်ကြတယ်၊ ပယ်ရှားဝံ့သော ပုဂ္ဂိုလ် များသည် ဗုဒ္ဓဘာသာအစစ် မဟုတ်ဟု တထစ်ချ မှတ်သား

ရှောင်ကြဉ်ရမယ်၊ ယခု ဥပမာဖြစ်တဲ့ မောင်မဲလို လူတန်းစားသည် မြို့ရွာတိုင်းမှာပင် ရှာဖွေကြည့်လျှင် တွေ့နိုင် မြင်နိုင်ကြပေတယ်။

ဗုဒ္ဓမြတ်စွာ အမိသီလ သာသနာဆိုတာ ကာယက မယဉ်ကျေး, ဝစီက မယဉ်ကျေး, မနောက မယဉ်ကျေး သူများအတွက် ရှေးဦးစွာ ညွှန်ပြဟောကြားပြီး ဆောင်ပွားခိုင်းကြည့်ပါ၊ လိုက်နာတဲ့ အချိန်ကစပြီး မယဉ်ကျေးမှုတွေ ပပျောက်ပြီး ယဉ်ကျေးမှုတွေ ရောက်လာပါလိမ့်မည်။ ယခုခေတ် လူများသည် အပြောသမားတွေ များသလောက် တကယ် အားထုတ်ကြိုးစားသူ ရှားနေသဖြင့် ယဉ်ကျေးမှုမရတာပါ၊ ဒါကြောင့် အထက် ခေါင်းစဉ်ထားခဲ့တဲ့ လင်္ကာက ဘယ်လိုလဲဆိုတော့

"ယဉ်ကျေးလိုကမြတ်ဗုဒ္ဓ ပွားကြသာသနာ"

အမိသီလ ဖြူဖွေးရင် ဒုစရိုက် ကင်းဝေးပြီး ယဉ်ကျေးမှုတွေဟာ ကိုယ်တွေ့မျက်မြင် ဖြစ်ပေါ်လာနိုင်တယ်၊ အမိစိတ္တသာသနာ ပွားပေးရင် ကိလေသာကင်းဝေပြီး ယဉ်ကျေးမှု အဖြာဖြာဟာ ကိုယ်တွေ့မျက်မြင် ဖြစ်ပေါ်လာနိုင်တယ်၊ အမိပညာပွားပေးရင် ဒိဋ္ဌိအမြင်မှား ကင်းဝေးလျက် ယဉ်ကျေးမှုအဆက်ဆက် အသိဉာဏ်သက်၍ ပေါ်ထွက်လာနိုင်ပုံများကို ကိုယ်တွေ့မျက်မြင် ယုံကြည်နိုင်ကြပါတယ်၊ ယခုခေတ်က ကိုယ်တွေ့မျက်မြင်မှ မှုချယုံကြည်တတ်သူ များလာလို့ သူမြင် ငါသိ ပြစမ်းပါဆိုရင် သီလဝန္တ ဖြစ်တော်မူကြတဲ့ သံဃာတော်ကြီးတွေ့,

သိက္ခာသီလနဲ့ ပြည့်စုံကြွယ်ဝတဲ့ သာမဏေတွေ, သီလရှင်တွေ ဥပါသကာ ယောကျ်ား, ဥပါသိကာ မိန်းမတွေ အများကြီးရှိနေသည်ကို ကိုယ်နေတဲ့ ဒေသ ပတ်ဝန်းကျင်၌ စိတ်ကောင်းသွင်းပြီး ရှာဖွေလို့ ကြည့်ရင် ယဉ်ကျေးမှု တည်နားတဲ့ ပုဂ္ဂိုလ်ထူးများကို ကိုယ်တွေ့ မျက်မြင်ဖြစ်၍ ယုံကြည် နိုင်ပါလိမ့်မည်။ ဆောင်ပုဒ် လင်္ကာဖြင့် ရှာဖွေကြည့်လိုရင်-

ကိုင်း-လိုက်ဆိုကြစမ်း။

သီလဖြူဖွေး၊ ဒေါသအေး၊ ယဉ်ကျေးလိမ္မာသည်။
သမာဓိပွားပေး၊ လောဘအေး၊ ယဉ်ကျေးလိမ္မာသည်။
ပညာပွားပေး၊ မောဟအေး၊ ယဉ်ကျေး လိမ္မာသည်။

ဤလင်္ကာများ အရကျက်ထားပြီး ယဉ်ကျေးမှု တည်နားတဲ့ ပုဂ္ဂိုလ်ထူးများကို သတိဉာဏ် ရှေ့သွားလျက် ကြိုးစားရှာဖွေဘတ်ကြပါလျှင် ကိုယ်တွေ့ မျက်မြင် ဖြစ်နိုင်၍ သာသနာတော် သတ္တိ အစွမ်း ရှိကြောင်းကို ကောင်းကောင်းကြီး သိနိုင်ပါလိမ့်မည်။

သာသနာတော်သုံးပါး သတ္တိထူးများကြောင့် ဒု စရိုက်, သုစရိုက်, ရုပ်, နာမ်, ခန္ဓာများ မသိမမြင်တဲ့ အန္ဓ ပုထုဇန် မယဉ်ကျေးသူများသည် ယဉ်ကျေးမှု ရရှိသွားသဖြင့် သာသနာတော် သုံးပါးကို လက်ခံကြိုးစား ဆောင်ကျင့်ပွားတဲ့ နေ့ကစပြီး ကလျာဏ ပုထုဇန်အဖြစ်သို့ ရောက်ရလေသည်၊ တဆင့်တဆင့် အသိရင့်အောင် သာသနာတော်သုံးပါး ဆောင်ကျင့်ပွားပါက ကလျာဏ အဆင့်မှ တဖန် သောတာပန် အဆင့်သို့ ရောက်ရလေသည်။

သာသနာပြု ဗုဒ္ဓမတည္ မထေရ်မြတ်ကြီးများ အဆင့်ဆင့် မှာကြားတဲ့ ကျမ်းဂန်စကားရပ်ကို ပြစမ်းပါဆိုရင်-

သီလဝန္တ ပုထုဇ္ဇန၊ ကလျာဏောန၊
သောတာပန္နေန၊ သင်္ဂဟိတာ။

ဟု အဆင် အရှား ရှိသည်ကို ကျမ်းဂန်တတ် ပုဂ္ဂိုလ်များ သိမြင်ပြီးသား ဖြစ်သောကြောင့် မရသေးသူတို့အတွက် အရ ကျက်ထားကြဘို့ တိုက်တွန်းလိုက်ရပေတယ်။

သီလဝန္တ ပုထုဇ္ဇန ကလျာဏောန၊ သီလရှိပြီးသော ပုထုဇန် အကောင်းစား ပုဂ္ဂိုလ်များသည်။ သောတာပန္နေန၊ ကာယ ငါးပွတ်, ဒုခလုပ်ဘဲ နာမ်, ရုပ်, သိမှန် သောတာပန် အဖြစ်ဖြင့်။ သင်္ဂဟိတာ၊ စာရင်းထည့်သွင်း ရေတွက်ခြင်း ပြုနိုင်သည်။ ဟောတိ၊ သာသနာတည်နား သတ္တိများကြောင့် ထင်ရှား ဖြစ်ရလေတော့၏။ ။ သောတာပန် စကား ပြောကြရာ၌၊ အစမ်းခန့် သောတာပန်, အမြဲတမ်း သောတာပန်လို့ အဆင့် နှစ်ပါးကို သတိထားကြဘို့ လိုတယ်၊ ပါဠိလို ခေါ် တော့ အနုဗောဓ သောတာပန်၊ ပဋိဝေဓ သောတာပန်လို့ သိမြင် ရမယ်၊ သောတာပန် အစစ်ဖြစ်ကြောင်း အကျင့်သိက္ခာသုံးပါး တည်ရှိနားသော ပုဂ္ဂိုလ်များကို အနုဗောဓ သောတာပန်လို့ ခေါ်တယ်။ ။ (တနည်း) သစ္စာလေးပါး သဘောများကို လျော်စွာ သိမြင်တာကို အနုဗောဓ သောတာပန် ဟု ခေါ် တယ်ဟုမှတ်။

ပဋိဝေဓ ဆိုတာကတော့ သိက္ခာ အကျင့်များ တည်ရှိ နားရုံမျှ မဟုတ်၊ မပြို မကွဲ မရိုင် မလဲ ခိုင်မြဲတဲ့ သဘောရှိပြီး

သစ္စာလေးတန် သဘောမှန်ကို ဖေဘာ်ပြီး ကိုယ်ပိုင်ဉာဏ်တဆင့် တက်လျက်၊ ထိုးထွင်း၍ သိမြင်ချက်ရှိသော ပုဂ္ဂိုလ် များကို ပဋိဝေဓ အမြဲတန်း သောတာပန်များဟု သဘော အားဖြင့် မှတ်သားနားယူကြလေ။

သောတာပန်ထက် သကဒါဂါမ်က ယဉ်ကျေးသည်၊ သက ဒါဂါမ်ထက် အနာဂါမ်, ရဟန္တာက ယဉ် ကျေး သည်၊ ရဟန္တာထက် ပစ္စေကဗုဒ္ဓါ၊ ပစ္စေက ဗုဒ္ဓါထက် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၊ အဆင့်ဆင့် ယဉ်ကျေးမှု တည်နားတဲ့ ပုဂ္ဂိုလ် ကြီးများကို ဉာဏ်ကျယ်ကျယ်နှင့် စဉ်းစားပြီး၊ တိုးချဲ့ ယူငင် နိုင်ကြဘို့ရာ အကျဉ်းပြလိုက်ရပေတယ်။

သာသနာတော် သတ္တိက အမှန်ပင် ရှိသေ်ာလဲ၊ သတိတမန် ပညာဉာဏ်ဖြင့် ရှာကြံကြိုးစား အားထုတ်သူ နည်းပါးသော ကြောင့် အကမရောက် ဖြစ်နေကြတယ်။

မြတ်စွာဘုရား လက်ထက် တော်က၊ ကုက္ကုဋ္ဌ မုဆိုးကြီး ဟာ၊ ကာယကံ ဝစီကံ မနောကံ၌၊ ဒုစရိုက်တွေနဲ့ အသက် မွေးတဲ့ တောသား မုဆိုးကြီးပေပေါ့၊ အဲဒီ-ကုက္ကုဋ္ဌ မုဆိုးက ကြမ်းထမ်း ယုတ်မာ, လွန်ကြူးမှု အဖြာဖြာကို၊ နေ့ရက် ပေါင်းများစွာ ပြုကျင့်လိုက်စား, မိုက်မှားပြီး နေသော်လဲ အိမ်သူမယား-ဘဒ္ဒါအမည်ရတဲ့ မတင့်တယ်ကတော့ ခုနစ်နှစ် အရွယ်က၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြတ်ကင်းတဲ့ သောတာပန် စာရင်းဝင် ဖြစ်နေတယ်၊ ။အရပ်သူ, အရပ်သား အိမ်နား နီးချင်းတွေကတော့၊ မယားက, သောတာပန်၊ လင်ကတော့ တိရစ္ဆာန်လို့ အသံထွက်အောင် ပြောကြ, ပြောင်, လှောင် နေကြတယ်၊ လင် တိရစ္ဆာန်နှင့် မယား သောတာပန် သည်

အချိန် ဘယ်လောက် ကြာညောင်း အတူပေါင်းသင်း နေရ ပါသလဲလို့ ဆိုတော့၊ သားယောကျ်ား ခုနစ်ယောက် အိမ် ထောင်သည်အဖြစ်သို့ ရောက်သည်အထိ ဆက်ဆံ ပေါင်းသင်း တအိမ်တွင်းမှာ မှီတင်းနေထိုင်ခဲ့ရသတဲ့။

မယ်ဘဒ္ဒါခေါ်တဲ့ မတင့်တယ် ကတော့၊ နေ့ နေ့ ည ည အချိန်ရှိသမျှ အချိန်ရသလို ယဉ်ကျေးမှုတည်တော့၊ မြတ်စွာ ဘုရား၏ သုံးပါးသိက္ခာ, သာသနာ့အလုပ်ကို တခါမှမလစ်ဘဲ၊ အာထုတ်ကြိုးစား ဆောင်ကျင့်ပွားလေ့ ရှိတာပါဘဲ၊ သူက မွေးဖွားတဲ့ သူ့သားတွေကတော့၊ အမိ၏စရိုက် ယဉ်ကျေးမှု မလိုက်ဘဲ၊ အမိုက်တွေပွားတိုး လွန်ကြူးမှု အမျိုးမျိုးဖြစ်တဲ့ မုဆိုးဘခင်ဘက်ကို ပါဝင်လျက် ရှိသောကြောင့် သား ခုနစ် ယောက်လဲ ရိုင်းပြမှု အခန်းခန်း ပြုလုပ်စွမ်းတဲ့ လူကြမ်း, လူ ယုတ်တွေ ဖြစ်နေကြရှာသတဲ့။

"စိတ်ရှေ့ဇွဲသန်—သည်းညီးခံ—ပြုရန်သာသနာ"

ဆိုတဲ့ လင်္ကာစကားအရ၊ မိခင်ကြီး- မတင့်တယ် ကလဲ သားတို့နှင့် လင် ယောကျ်ား၊ တနေ့သော အခါ မြတ်စွာ ဘုရား၏ သုံးပါးသိက္ခာ, သာသနာ တည်နားရမယ်။ တည် နားအောင်လဲ ငါကြိုးစားမယ် ဟူသော မြင့်မြတ်သော စိတ် ထားဖြင့်၊ ဇွဲသန်သန်နဲ့ စောင့်စားပြီး သကာလ ရှာဖွေပြီး လာခဲ့တဲ့ သမင်, ဒရယ်, ဂျီ, ငယ်, စိုင်, ဆတ်, ဖွတ်, ပဒတ်စသော တောကောင်များကို ချွေးမတွေနှင့် စီစဉ်လျက်၊ ဈေးထွက် ရောင်းစား, တောသို့ သွားခါနီးလဲ နေရာတကျ စီမံပေးရ တယ်၊ ဝတ်ပြုနေတာက "အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သချာ၊

မိတ္တာကြည့်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ အိမ်သူမယား ကျင့်ဝတ်ငါးပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ရပေတယ်။

မတင့်တယ် စေတနာ သန့်ရှင်းတော့ လုံးဝ အပြစ်ကင်းကြောင်းကို ၎င်းဇာတ်လမ်းအဆုံး၌ ဒေသနာ ဖြတ်ထုံးဖြင့် နိဂုံးချုပ်ပြမယ်။ ယခုအခါမှာတော့ စေ့ဒကာ ဆရာများအတွက် ဖြေကြားဘို့ အကွက်မပေးနိုင်သေးဘူး၊ ပြောဟောတဲ့ စကားတရား အစဉ်ကိုသာ အသိဉာဏ်ရှေ့သွားပြီး သတိထားလျက်၊ မှတ်သားနာယူကြပေတော့။ အဲ ခုနက ပြောခဲ့တဲ့ မတင့်တယ်သည် လင်နှင့်သားများ အစာရှာဖွေထွက်သွားတဲ့ အခါမှာ အချိန်ရတာနဲ့ တချက်ထဲ သာသနာတော်သုံးပါး ယဉ်ကျေးမှု လုပ်ငန်းများကို ကြိုးစားပြီး ပွားရတာပေါ့။

အဓိသီလဆေး ဒေါသမီးအေးပြီး ယဉ်ကျေးမှု အစားစား တည်နားလာရတယ်၊ အဓိစိတ္တဆေးက လောဘမီး အေးပြီးယဉ်ကျေးမှု အစားစား မျက်မြင် ကိုယ်တွေ့ အဖြစ်ဖြင့် တည်နားလာရမယ်၊ အဓိပညာဆေးက မောဟမီးအေးပြီး ယဉ်ကျေးမှု သစားစား တည်ရှိနားလာသည်ကို အများပင် မျက်မြင် ကိုယ်တွေ့ ဖြစ်နိုင်ပါတယ်။

လင်ယောကျ်ား သားမုဆိုးတို့သည် မတင့်တယ် အမူ အရာ ယဉ်ကျေးမှု အဖြာဖြာကို အခါခါ တွေ့မြင်ရတော့ အရပ်တပါး ဌာန၌ မိုက်မိုက်မှားမှား ဒုစရိုက်သမားတွေ ဖြစ်ငြားသော်လဲ အိမ်သို့ရောက်သောအခါ ကြမ်းတမ်းမှုများ အထူးသတိထား ရှောင်ရှား ကြရှာသတဲ့၊ သဘောတရားကို စဉ်းစားရင်ဖြင့်

ဘုရားသာသနာ တည်နေတဲ့ မိခင်ကြီးအား အထူးလေးစား ကြတယ်လို့ဆိုရမယ်၊ ဒါကြောင့် သာသနာတော် အလုပ်ကို နောက်မဆုတ်ဘဲ ၀စီနှုတ်မြွက် အသံထွက်အောင် ကြိုးစားပေး ကြပါ၊ ကြွားကြွားသမျှ သူတို့သည် တမျိုးတမည်ပြောင်းပြီး သူတော်ကောင်းဖြစ်လာနိုင်တယ်။

ယခုခေတ်အခါမှာ အချို့သော သူတို့က အသံပေါ်ထွက် နှုတ်ကမြွက်ခါ အဓိသီလ ဆောက်တည်ပွားများတာ၊ အဓိစိတ္တ သိက္ခာကို စိတ်ပါ၀င်စား သတိထားပြီး ရွတ်ပွားကြတာ၊ အဓိပညာ လုပ်ငန်းကို ဉာဏ်သတိ ယှဉ်လျက် ဆင်ခြင်ပွားများ အားထုတ်မှုများကို မလေးမစားတဲ့ စကား ပြောကြားကဲ့ရဲ့ တတ်ကြဘယ်၊ ပတ်၀န်းကျင် အာရုံကို တားဆီးလျက် ကြွား ကြွားသမျှ သူအပေါင်း စေတနာပြောင်း၍ စိတ်ကောင်းရ သွားတာတွေဟာ မြတ်စွာဘုရား သာသနာပြုရာ ကျသော ကြောင့် ကဲ့ရဲ့စကား တော်ရာ ဖယ်ထားပြီး ပွားစရာရှိတဲ့ မဂ္ဂင်တရားကို ပွားကြရမယ်။

မုဆိုးကြီး ကုက္ကုဋ္ဌနှင့် သားခုနစ်ယောက်တို့ကလဲ ဒေါ်တင့် တယ် ရွတ်ပွားတဲ့ အသံတွေ ကြားရဖန်များတော့ ၀မ်းရေး စားရေး အတွက် လောဘဇော ထွက်လို့ သူ့အသက်တွေ သတ်နေကြသော်လဲ မိခင်ကြီးကို သနားပြီး အထူး အားနာ ကြမှာပေါ့၊ ဒေါ်တင့်တယ်ကလဲ အချိန်ရသလို အိမ်ကိစ္စများ ပြီးတိုင်း သစ္စာငါးပါး၊ ပရိညာငါးပါး၊ ပညာငါးပါး လုပ် ငန်းစဉ်များကို ရွတ်ပွားကြိုးစားရှာတယ်။

ကုက္ကုဋ္ဌ မုဆိုးကြီးဟာ ယနေ့သော အခါ သားများကို မခေါ်ဘဲ သားကောင်ရှာဘို့အတွက် တယောက်တည်း တော စခန်းသို့ ထွက်သွားတဲ့အခါ သူသွားတဲ့ လမ်း တခုသော သစ် ပင်ကြီး တပင်အောက်၌ မြတ်စွာ ဘုရားရှင်ကြီးကလဲ မယဉ် ကျေးသော သတ္တဝါကို ယဉ်ကျေးမှု အဖြာဖြာ ပေးအပ်တော် မူဘို့ရာ သီတင်းသုံး တန့်နားလျက် စောင့်စားတော်မူနေတယ်၊ မုဆိုးကြီး ကုက္ကုဋ္ဌမြင်တော့ "ငါဒီနေ့ သားကောင်ရှာ ထွက် လာတာ ရက်ရာဇာ မဟုတ်ဘဲ ပြဿဒါးနေ့နဲ့ တူတယ်၊ ဘာကြောင့်လဲဆိုတော့ လာဘ်လာဘ ပယ်ရှားတဲ့ ဘုရားနဲ့တွေ့ နေတာ မကောင်းဘူး။

"အကြောင်းထူးကတော့ မလိုချင်တဲ့ ဗုဒ္ဓ၊ စိတ်မဆိုးတဲ့ဗုဒ္ဓ၊ မတွေဝေတဲ့ ဗုဒ္ဓဖြစ်တော့၊ ကေန် ငါတော့ သားကောင်ရမယ် မဟုတ်တော့ဘူး-" လို့ တွေးပြီး စိတ်လေးလေးနဲ့ဘဲ သွား သတဲ့။

အဲ-ဘုရားရှင်ကြီး၏ အမိဋ္ဌာန် တန်ခိုးကြောင့် မုဆိုးကြီး ခုနက တွေးထင်တဲ့ အတိုင်းပင် သားကောင် အကြီး အသေး အနည်းငယ် ကလေးတောင် မရရှာဘူးတဲ့၊ နေကလဲ မြင့်လှ၊ သားကောင်ကလဲ မရ၊ အိမ်ပြန်မလှဘဲဖြစ်နေပေမဲ့ မောမော ပန်းပန်းနဲ့ လာတဲ့ လမ်းကို ပြန်ခဲ့ရရှာတယ်၊ သစ်ပင်ကြီးအောက် က ဗုဒ္ဓဘုရားနဲ့ တွေ့ပြန်တာပေါ့။

မုဆိုးကြီး ကုက္ကုဋ္ဌဟာ ဗုဒ္ဓနှင့် တဖန် တွေ့ရတော့ အသွား တုန်းက အတွေးချော်တဲ့ အတိုင်း ဟင်းစား ကျွေးစား မရ တာနဲ့ သည်ဗုဒ္ဓ အတွက်ကြောင့် ငါ ယနေ့ လာဘ်ပျက်တာ

ကံသုံးဖြာ အမှုမိုက် ဒုစရိုက်တွေကို ကြောက်ထိတ်မှ အောက်ရပ်သံသရာပြတ်နိုင်တာ၊ အကျိုးကိုမြင် အကြောင်းကြည် မဂ္ဂင်ဝိပဿနာ ပုထုဇန်လေ့ ရှောင်ကြဉ်ကွေ့ လက်တွေ့အရိယာ၊ အပါယ်နာမ်ရုပ် ငြိမ်းအေးချုပ် လောကုတ်နိဗ္ဗာန်ပါ။ ။

## မဂ်,ဉာဏ် သဘာဝအလင်းပြခြင်း

မဂ်ဉာဏ် သဘာဝ အလင်းပြမှာ၊ ဉာဏ်တူရင် စာကွဲ့ ဘုရားရဲ့သာသနာ၊ သောတာပန်ဆိုတာ မခက်ပါ၊ အိမ်ထောင်ဘက်နဲ့ နေနိုင်တာ။ မသိတွယ်တာ အစွဲနာတဲ့ ခရီးသည်များစွာ သတ္တာ ကံစခမ်း ကံလမ်းနဲ့လာ၊ ဝေနေယျာ ကရွတ်ကင်းရှောက် ဝဋ်တွင်းရောက် ထွက်ပေါက် ရှာကြပါ။ မသိတွယ်တာ အစွဲနာတဲ့ ခရီးသည်များစွာ သတ္တာ ဈာန်စခမ်း ဈာန်လမ်းနဲ့လာ၊ ဝေနေယျာ ကရွတ်ကင်းရှောက် ဝဋ်တွင်းရောက် ထွက်ပေါက်ရှာကြပါ။ မသိတာက အဝိဇ္ဇာ တွယ်တာတာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ ပြုလုပ်နေတာကကံ၊ ရလာတော့ ရုပ်နဲ့နာမ်၊ ခံရမှာက အိုဒုက်၊ နာဒုက်၊ သေဒုက်၊ ကေန်အမှန် ဉာဏ်မှာမိဘို့ သိအောင်သာကြံ၊ သမုဒယ သစ္စံ အကုသလံ၊ မဂ္ဂသစ္စံ ကုသလံ၊ ကျမ်းဂန်ထင်ရှား ဘုရားတွေ အသင်္ချေ၊ ဟောပေမဲ့ ကြောကမှ မကြားကြလို့၊ အာယုဟနတ္ထ၊ နိဒါနတ္ထ၊ သံယောဂတ္ထ၊ ပလိဗောဓတ္ထအမှု၊ ပြုသမျှ-သမုဒယကံ။ ။ပီဠနတ္ထ၊ သင်္ခတတ္ထ၊ သန္တာပတ္ထ၊ ဝိပရိနာမတ္ထမျိုး အကျိုး ပေးတော့ ဒုက္ခဒုက်၊ သမုဒယမဖြုတ် ထပ်ထင်လုပ် မြောမြုပ် သံသရာလည်ဂပြန်။

နိဗ္ဗာန်နန်း စံမြန်းနိုင်ဘို့ရာ၊ ကိုယ့်တွက်တာ ဉာဏ်စခမ်း ဉာဏ်လမ်းကိုဆက် ထွက်ရပ်ရှာ။ ထိုင်နေရင်လဲ မြုပ်မှာ၊ လုပ်ပြန်ရင်လဲ မျောမှာ၊ မဂ်သဘောကို နားလည်မှ နိဗ္ဗာန်ကိုလဲ ရနိုင်တာ၊ နိယျာနတ္ထ၊ ဟေတွတ္ထ၊ ဒဿနတ္ထ၊ အဓိပတေယျတ္ထ၊ တရားဓမ္မပွားသမျှ မဂ္ဂသစ္စာဉာဏ်။ ။ နိဿရဏတ္ထ၊ ဝိဝေကတ္ထ၊ အသင်္ခတတ္ထ၊ အမတတ္ထ၊ သရုပ်ပြ ချုပ်သမျှ နိရောဓ နိဗ္ဗာန်၊ သိ, ပယ်, ပွား, မျက်၊ တပြိုင်နက် ပေါ်ထွက်မဂ်ဉာဏ်၊ သဘောတာပန်။

......:O:........

## ပဋိစ္စသမုပ္ပါဒ်နယ် ဝဋ်ဒုက္ခသံသရာလယ် လင်္ကာ

ဂင်္ဂါဝါဠု သဲစုအမျှ၊ မကအသင်္ချေ၊ ပွင့်တော်မူလေသမျှ ဘုရားရှင်၊ ဟောဖော်မိန့်ကြား၊ ဒေသနာတော် တရားမလဲ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး တရားပင်။ ။ အနာဂတ် ကာလ၊ အရိမေတ္တေယျအစ၊ နောင်လာ ရှစ်သောင်း၊ ပွင့်တော်မူကြမဲ့၊ ဘုရားပေါင်းတို့၊ ဟောဖော်မိန့်ကြားမဲ့၊ ဒေသနာတော် တရားမလဲ၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးတရားပင်။ ။ ငါတို့ဗုဒ္ဓ၊ ဂေါတမနွယ်ဘွား၊ ရှင်တော် မြတ်ဘုရား၊ ဟောဖော်မိန့်ကြားလို့၊ ထားတော်မူတဲ့ တရားကလဲ၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးတရားပင်။ ။ ရှေးသာသနာ၊ နောက် သာသနာ၊ ခု သာသနာ၊ ထူးတာ မမြင်၊ ခွင့်ကြုံခိုက်ကမ၊ မလိုက်ချင်လျှင် ခွင့်သာတုံးကမ၊ မရုန်းချင်လျှင်၊ ခွင့်သာဆဲကမ၊ မခဲချင်လျှင် အလွဲနှင့်ပြင် ရှိအုံးမတဲ့လားလေး။ ။ လာလမ်းအစဉ်၊ သွားလမ်းမြင်၊ ဉာဏ်လျှင်ဦးစီး၊ မဂ်ခရီး၊ နီးရမည်သာ၊ ဝေနေ

ယျာ။ ။ ယခုဘဝ မသိကြ၊ အမတမည်ခေါ်၊ ရွှေပြည်တော် အစော် မနံပါ။ ။

အဝိဇ္ဇာသင်္ခါရာ၊ အတီတော အဒ္ဓါ၊ ဇာတိ ဇရာ မရဏံ အနာဂတော အဒ္ဓါ၊ မဇ္ဈေ အဋ္ဌပစ္စုပ္ပန္နော၊ အဒ္ဓါ-တိ၊ တယောအဒ္ဓါ။

အာဘိဓမ္မတ္ထသင်္ဂြိုဟ်၊ ထုတ်ဆိုတာအမှန်၊ ကာယကံ စုတ်တတန်၊ ဝစီကံ စုတ်တတန်၊ မနောကံ စုတ်တတန်၊ ဟုတ်မှန်စွာ ချင့်တွေး၊ ကိုယ့် အရပ် ကိုယ်ရေးကြ၊ အကြီး အသေး အသွယ်သွယ်၊ အယုတ် အလတ်, အမြတ်ဖလှယ်၊ သုဂတိ၊ ဒုဂ္ဂတိ ဓွိဟိတ်-တိဟိတ်နယ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ မန်သမျှမယ် အဝိဇ္ဇာနဲ့ သင်္ခါရလမ်းက လာခဲ့ကြရတယ်။ ။ ဘယ်လမ်းကို မြန်ကြမယ်၊ ဇာတိဘေး, ပဋိသန္ဓေ နေရေးလဲ့ မလွှတ်တယ်၊ ဇရာ ဘေး, အိုရေးလဲ မလွှတ်တယ်၊ ဗျာဓိဘေး, နာရေးလဲ မလွှတ်တယ်၊ မရဏဘေး, သေရေးလဲ မလွှတ်တယ်၊ သင်္ခါရသုံး၊ လက်ကတုံး တောင်ဝှေးသဖွယ်၊ မလွှတ်ချင်တယ်၊ ဇွတ်ခင်တွယ်၊ ဝဋ်အစဉ် လယ်၊ အမှန်ထုတ်ပြတဲ့ သမ္ဗုဒ္ဓရဲ့၊ နာမ်, ရုပ်ဓမ္မကို မဆင်ခြင် တယ်၊ ခန္ဓာကိုယ်မယ်, ငါသူတွယ်၊ အဲဒါ သံသရာလို့ ခေါ် တယ်၊ ဒါကြောင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏလမ်း မြန်းကြ ရမယ်။ ။ ၃၁-ဘုံ ဝဋ်ဗွေ၊ ကရွတ်ခွေပမာနှယ်၊ သံသရာ ဆိုတာ ဒီမယ်၊ သံသရာနယ် အကျဉ်း၊ ကျယ်ခြင်းမကာ ကျူယ်၊ ပညတ်တွေ အမှတ်မှား ခေတ်သား ပရမတ်တရား မပေါက် တော့၊ ဒေါက်လျှောက်လယ်၊ နာမ်ခေတ်ရယ်, ရုပ်ခေတ်ရယ်း သိသမျှ နာမ်၊ ဖေါက်ပြန်တာ ရုပ်၊ ငါမဟုတ်တဲ့ နာမ်ရုပ်

နှစ်ခုရဲ့ အပေါ်မယ်၊ နာမ်ရုပ်ရှု၊ ငါဟုမရှု၊ မှတ်မှု မှားတော့
တယ်၊ နိစ္စ, သုခ, အတ္တ ,သုဘ,ဘာညာ ဝိပ္ပလ္လာသနယ်။ ။
ဒွါရအာရုံ၊ နှစ်ပါးဆုံတော့၊ ပေါ်တုံညွတ်တတ်၊ သဘာဝ၊
ဖြစ်, ပျက် နှစ်ဝရဲ့ အပေါ်မယ်၊ နာမ်ရုပ်မရှု၊ ငါဟုရှု၊ သိမှု
မှားတော့တယ်၊ နိစ္စ,သုခ, အတ္တ, သုဘ, စိတ္တ, ဝိပ္ပလ္လာသနယ်၊
ဒွါရအာရုံ နှစ်ပါးဆုံတော့၊ ပေါ်တုံညွတ်တတ်, သဘာဝဖြစ်
ပျက်နှစ်ဝရဲ့အပေါ်မယ်၊ နာမ်, ရုပ် မရှု၊ ငါဟုရှု, ယူမှုမှား
တော့တယ်၊ နိစ္စ, သုခ, အတ္တ, သုဘ, ဒိဋ္ဌိ, ဝိပ္ပလ္လာသနယ်။
မှတ်မှား, သိမှား, အယူမှား, သုံးပါး ဖေါက်ပြန်တယ်။
သံသရာ တလျှောက်မယ်၊ ထွက်ပေါက် မရတဲ့အရေးက၊ ဒိဋ္ဌိ
ဘေး, သူလက်သယ်၊ လူအရပ်ရပ်, နတ်အထွေထွေ, ဗြဟ္မာ
တွေတောင် ဘဝင်မအေး၊ သက္ကာယဒိဋ္ဌိ အဆိပ်မိတဲ့ဘေးရယ်
ကြောင့်၊ တကယ် မတွေးကြလို့၊ အပါယ် လေးဝမှာ၊
တလယ်လယ်၊ မသိရင်လဲ၊ တပတ်ပတ်ကွယ်၊ သိရင်လဲ အစ
ပြတ်တယ်၊ မသိရင်လဲ ခရီးဝေးတယ်၊ သိရင်လဲ အနီးကလေး
ရယ်၊ တွေးကြ, မေးကြ, ပြိုင်ယှဉ်၊ တိုင်ပင်ကြရမယ်။ ဘာ
သာရေးရယ်၊ သာသနာရေးရယ်၊ မကြာ, မကြာတွေးလို့
အရေးတခု အလေးပြုသင့်တယ်၊ ဗုဒ္ဓရာဇာ, ဘုရားမင်းက၊
ဓမ္မ, စကြာ တရားခင်းလို့ အသင်းကို ပြခဲ့တယ်၊ စက္ခုံ ဥ-
ဒ-ပါ-ဒိ။ ။ ဉာဏံ ဥ-ဒ-ပါ-ဒိ။ ။ ပညာ ဥ-ဒ-ပါ-ဒိ။
ဝိဇ္ဇာ ဥ-ဒ-ပါ-ဒိ။ ။ အာလောကော ဥ-ဒ-ပါ-ဒိ။ ။
ကြည့်ရှု သတိပြု၊ သိမှုပေါ်ရမယ်၊ လောကဝိဇ္ဇာ တွေကိုဖယ်၊
ဂေါတမဝိဇ္ဇာ အလင်းရောက်မှ နိဗ္ဗာန် မျက်မှောက်ပြုနိုင်မယ်၊
သစ္စာမကွဲ၊ သံသရာထဲ၊ ရစ်ဝဲချာချာလယ်။ ။

## ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှ ထွက်ရာလမ်းစ
## သဿတ ဥစ္ဆေဒနယ်မှ အလွန်စင်ကြယ်သော
## မင်္ဂလာရှစ်ပါး အစဉ်အလာ လင်္ကာကိုပြခြင်း

၁။ ဗုဒ္ဓေါမေနာထော၊ ဗုဒ္ဓံ သတ္တာနံ၊ ပါကာရံ၊
ဇီဝိတံ ယာဝ နိဗ္ဗာနံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မော မေနာထော၊ ဓမ္မံ သတ္တာနံ၊ ပါကာရံ၊
ဇီဝိတံ ယာဝ နိဗ္ဗာနံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃောမေနာထော၊ သံဃံ သတ္တာနံ၊ ပါကာရံ၊
ဇီဝိတံ ယာဝ နိဗ္ဗာနံ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(စိရံတိဋ္ဌတု သဒ္ဓမ္မော, အရ)

ရတနတ္တယ ပဏ္ဏာသ ဂါထာ၊ ငါးထောင် သာသနာ၊ တေဝိဇ္ဇာခေတ်အတွင်း၊ လူဖြစ်ခြင်းကြုံကြိုက်၊ အရတော်ခိုက်မှာ၊ ဘဝပဒေသာ၊ အရဖွေရှာ- အမတ ခေမာ၊ အစကောင်းမှု၊ အနှောင်းသော်ချာ။ ။အဲသို့မို့ ကြောင့်၊အာဒိကလျာဏ အစ၏ ကောင်း ခြင်း ကို၊ မဇ္ဈမရှာ၊ မဇ္ဈေ ကလျာဏ၊ အလယ်၏ ကောင်းခြင်း တဖြာ၊ ပရိယောသာန ကလျာဏ၊ အဆုံး၏ ကောင်းခြင်းဆိုတာဟာ- အနှောင်းသော်ချာ။

မှောင်မိုက်ခရီးသွား၊ ပမာအလားသို့၊ ယောင်ဝါးမှန်းဆ၊ မဖင့်ကြရအောင်၊ ကျင့်ကြကြံကြ၊ ပွားများကြစေဘို့၊ပွင့်တော်မူလာ ။ ။၁-အာဂါရမုနိ။ ။ ၂-အနာဂါရမုနိ။ ။၃-သေက္ခမုနိ။ ။ ၄-အသေက္ခမုနိ။ ။ ၅-ပစ္စေကမုနိ။ ။ မုနိငါးဦး တို့ရဲ့ အကြီးအမှူး၊ ထူးတဲ့ ရာဇာ၊ ဒေသနာတော် ပြန့်တမ်း အရ၊ ဝေဘန်ပါ၊ ကေန်သာ။

သဗ္ဗပါပဿ အကရဏံ။ ကုသလဿုပ သမ္ပဒါ
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

သမ္မာသမ္ဗုဒ္ဓ၊ သယမ္ဘူ၊ ဆုဆုဗုဒ္ဓ၊ သုံးလူ့ဘတို့၏ ဟောခါ ပြပါတဲ့၊ ဩဝါဒ ဒေသနာ၊ အသီးတရား၊ အညွှာတခု၊ ပမာ ပြုဘို့ရာ။

အထူး ရှုဘာ၊ ဝိပဿနာ၊ ရုပ် နာမ်, နှစ်ဖြာ ငါးခန္ဓာ၊ အနိစ္စာ, ဒုက္ခာ, အနတ္တာ၊ ရှုရင်း ရှုရင်း ထိုအတွင်းမှာ၊ တုံးခု ဝင်လာ ကိလေသာ၊ ကမ္ဘာနာ။ လောဘာ၊ ဒေါသာ၊ မောဟာ၊ အဲသို့မို့ကြောင့်၊ အမြစ်ဖွေရှာ၊ ဖြတ်ကြပါ။ ဒုစရိုက် တဏှာ ဒိဋ္ဌိပါ။ ။ ဒေါသအနာ၊ ဒု,ဖြာဖြာ၊ မှတ်ပါ အမြစ် သာ။ အမြစ်ဖွေရှာ ဖြတ်ကြပါ။ လောဘ အနာ ရာ့ရှစ်ဖြာ၊ မှတ်ပါ အမြစ်သာ၊ အမြစ်ဖွေရှာ ဖြတ်ကြပါ။ မောဟ အနာ ဒိဋ္ဌိပါ၊ မှတ်ပါ အမြစ်သာ၊ အမြစ်ဖွေရှာ ဖြတ်ကြပါ။ အမြစ် တွေ့ဖြတ်မှ အမြတ်ဖြစ်မယ် သဘောချော။ ၁-အမြင်ဖြောင့်မှန် အယုဉ်သန့်ရှု၊ ဆောင်ရန်အားရှိ၊ ပွားတိုင်းမိ ခေါ်၏ အရိယာ။ ၂-မြင်, ယုဉ်, ဆောင်, ပွား, တည်ရှိနား၊ တရားကိန်းမည်သာ။ ၃-တရားတည်ကိန်း၊ ဒု, မလိမ်း၊ ပြတ်ငြိမ်းသံသရာ။ ။ ပြော မယုံ ကြုံမှသိ၊ မဂ္ဂင်ခုံမှာညှိစရာ၊ ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ၊ အသိကိုယ့်ဉာဏ်မှာ။ ။ သင်သင့်,အံအံ၊ ကြံကြံ,ကြည့်ကြည့် ဉာဏ်နှင့်ညှိ၊ သတိမြဲစေပါ။ ။ ဘယ်ကိုသိက။ သဘောတာပန်။ ညာကိုသိက၊ သကဒါဂါမ်။ ။မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ ထိုတရား ဝမ်းကမဖွား နားကဖွားသည်။ ရှားရှစ်ပင် မြင်ရဲ့လား။ ဉုပ် ရှစ်ပင်သိရဲ့လား။ နိမသောင်မည့် ထိုစကား မြဲမြဲမှတ်၍ ကြံ စဉ်းစား။ နိဗ္ဗာန်ရောက်မည် ဤကာရား။

ဝိဇ္ဇာညဏ် အမြင်ရှိကာ၊ ကျင့်နည်းကို သိကြရ၍၊ နိရောဓ နိဗ္ဗာန်ကို၊ ကော မျက်မှောက် ပြုနိုင်ကြောင်း။

တရားပျောက်လျှင်၊ ကိုယ်ဉ္စပင်၊ ဆင်ခြင်ပွားရှာပါ။
ပထဝီကာယ၊ သဘာဝ၊ ရှုကြမြင်အောင်သာ။
အာပေါကာယ၊ သဘာဝ၊ ရှုကြ မြင်အောင်သာ။
အဆူဆူ ဘုရား၊ ဟောညွှန်ကြား၊ သုံးပါး သာသနာ
ကြိုးစားပါ။ ။

## သဗ္ဗပါပဿ အကရဏံ အနက်ကိုပြခြင်း

(၁) ဘိက္ခဝေ၊ ဒုစရိုက် အတန်တန် မိုက် မှား ရန် ကို ပယ်လှန်လိုကြ၊ အို—ချစ်သား, ချစ်သမီးတို့။ သဗ္ဗ ၊ ကိုယ်နှုတ် စိတ်ကြုံး မိုက်မှား ဖုံး၍၊ အလုံးစုံ ဖြစ်ပေသော။ ပါပဿ၊ ယုတ်မာ ငြစ်ဆိုး မကောင်းကျိုးကို ပွားတိုးစေဘတ် အရပ် ရပ်သော ဒုစရိုက် တရားတွေကို။ အကရဏံ ၊ သစ္စာငါးပါး သဘော များကို တည်နား အောင်စု ပယ်ကြဉ်မှုဖြင့်၊ မပြု မပြော, မကြံစည်ခြင်းသည်။ သာဓု၊ အရိယာနယ်ကူ အကျင့် ထူးပေမို့ ချီးကျူး ကောင်းမြတ်လှပါပေ၏။ တော်၊ ဒုစရိုက် ဆိုလျှင် နှုတ်မြွက် ကြဉ်သည့် ဖြူစင်သော ဤအကျင့်တရား သည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါ သဲတူ ပွင့်တော် မူပြီး အဆူဆူသော မြတ်စွာသခင် ဘုရားရှင်ကြီး တို့၏။ သာသနံ၊ အဓိသီလဆေး ဒေါသ အေးစေ၍ ယဉ်ကျေး လိမ္မာ သာသနာတော် အစစ် ပါပေတည်း။

(၂) ဘိက္ခဝေ၊ ခင်မင်သာယာ လွန်တွယ်တာတဲ့ တဏှာ အင်အား ချိုးနှိမ်ထားလိုသော အို....ချစ်သား, ချစ်သမီးတို့။

ကုသလသာ၊ ပရိညာ ငါးခု ကျယ်ပွားရှုအပ်သည့်၊ စတုဘုမ္မိက ကုသိုလ်ကံ အထူးကို။ ဥပသမ္ပဒါ၊ ပွားနည်း အကုန် ဉာဏ်ဖြင့် ခြုံလျက်၊ ပြည့်စုံအောင် ဆည်းပူးရခြင်းသည်။ (ဝါ)၊ ကောင်းမှုအဆိ ပါရမီကို ယုံကြည်စွာ ပြည့်စုံအောင် ဆည်းပူးရခြင်းသည်။ သာဓု၊ တရားရှစ်ရပ်၊ တကျာဖြတ်နိုင်၍ ကောင်းမြတ်လှပါပေ၏။ တော်၊ ပရိညာငါးလီ ပါရမီကို ယုံကြည်စွာပြုကြသော ဤကောင်းမှု များသည်။ ဗုဒ္ဓါနံ၊ မြတ်သ ယမ္ဘူအောင်လံထူလျက် အဆူဆူ ပွင့်သွား၊ မြတ်စွာဘုရားသခင်ကြီးတို့၏၊ သာသနံ၊ အဝိစိတ္တ ဆေး၊ လောဘ အေးစေ၍ ယဉ်ကျေးလိမ္မာ သာသနာတော် အစစ်ပါပေတည်း။ ။

(၃) ဘိက္ခဝေ၊ မှားဒိဋ္ဌိရန် အတန်တန်ကို ပယ်လှန်ကြိုးစား အို-ချစ်သား၊ ချစ်သမီးတို့၊ သစိတ္တံ၊ ငါလဲရှိ၊ သူလဲရှိ၊ လူလဲရှိ၊ ပုဂ္ဂိုလ်လဲရှိ၊ သတ္တဝါလဲ ရှိနေတဲ့ မိမိ၏ စိတ်မိုက်စိတ်ဆိုး၊ စိတ်သူခိုးကို၊ ပရိယောဒါပနံ၊ ပညာ ငါးအင် လုပ်ငန်းဝင်လျက် ဖြူစင်သန့်ရှင်း အပြစ်ကင်းအောင် အပျင်းအရိကိုပယ်ရှား၊ ဉာဏ်ရှေ့သွားပြီး ကြိုးစား သုတ်သင်ခြင်းသည်။ သာဓု၊ မြင်မှားအရပ်ရပ်၊ အဆင့်ဆင့် ဖြတ်နိုင်သဖြင့် ကောင်းမြတ်လှပါပေ၏။ တော်၊ ပညာ ငါး၍ လုပ်ငန်း မြတ်ကို အဆပ်ထပ် ဆောင်၊ ပွား၊ ဤသသောများသည်။ ဗုဒ္ဓါနံ၊ မရေမတွက်နိုင်ပါ၊ သမ္မာသမ္ဗုဒ္ဓ မြတ်ဇိနတို့၏။ သာသနံ၊ အဝိပညာ ဆေး မောဟအေးစေ၍ ယဉ်ကျေးလိမ္မာ သာသနာတော် အစစ်ပါပေတည်း။

....း၀း....

အောက်ပါဇယား၊ စဉ်းစားဝေဘန်၊ အသိဉာဏ်ရှင်း၍၊ အလင်းသို့ရောက်လှယ်ကြပါစေ၊
သူတော်ကောင်းတွေတို့....။

# သီလက္ခန္ဓာ (၃) ပါး အကျင့်တရား

| သမ္မာဝါစာမဂ္ဂင် | သမ္မာကမ္မန္တမဂ္ဂင် | သမ္မာအာဇီဝမဂ္ဂင် |
|---|---|---|
| ၁-မုသာဝါဒါ ဝေရမဏီ | ၁-ပါဏာတိပါတာ ဝေရမဏီ | ၁-အဘိဇ္ဈာ ဝေရမဏီ |
| ၂-ပိသုဏဝါစာ ။ | ၂-အဒိန္နာဒါနာ ။ | ၂-ဗျာပါဒါ ။ |
| ၃-ဖရုသဝါစာ ။ | ၃-ကာမေသုမိစ္ဆာစာရာ ။ | ၃-မိစ္ဆာဒိဋ္ဌိ ။ |
| ၄-သမ္ဖပ္ပလာပဝါစာ ။ | ၄-သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ။ | ၄-မိစ္ဆာအာဇီဝါ ။ |
| သမ္မာဝါစာ မဂ်ကုသိုလ် | သမ္မာကမ္မန္တ မဂ်ကုသိုလ် | သမ္မာအာဇီဝ မဂ်ကုသိုလ် |

(၁) ဝစီသစ္စာ။ (၂) ဝိရတီ။ (၃) တခ်ဏိက။ (၄) ပဋိသာဝ။ (၅) ဘူမဋ္ဌသစ္စာ။

## နှုတ်တက်ဆောင်ရန်-မဂ္ဂင်ကံ

## သီလမဂ္ဂင်သုံးပါးဟူသော်ကား

သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာဝါစာ မဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်။

(က) သမ္မာကမ္မန္တ မဂ္ဂင် လိုချင်လျှင် ကြိုတင်၍ ကာယကံ၊ ကာယဒုစရိုက် ၃-ပါး, ၄-ပါးကိုရှောင်။

သတ်မှုကိုရှောင်၊ ခိုးမှုကိုရှောင်၊ လွန် ကျူး မှု ကို ရှောင်၊ သောက်စားမှုကိုရှောင်၊ (ပါ-ဒိန်ကာမေ သုရာမေ, မှတ်လေ ကာယကံ) (ရှောင်ကြဉ် ပယ်ရှား၊ လူအများဖြစ်ကြွား သော တာပန်။)

၁။ သူ့အသက်မှု၊ သတ်သောသူ၊ မှတ်ယူပါဏာတိ။

၂။ သူ၏ဥစ္စာ ခိုးသောခါ အဒိန္နာဟုသိ။

၃။ သူ၏ မယား၊ သူ့လင်သား၊ ပြစ်မှားကာမေဿ။

၄။ ယစ်မူးသေစာ၊ သောက်စားပါ၊ သုရာမေရယသိ။

ကာယကံဖြူစင်၊ သမ္မာကမ္မန္တ မဂ္ဂင်၊ ကိုယ်၌တပ်ဆင် သာသနာ့ နယ်ဝင်။

(ခ) သမ္မာဝါစာမဂ္ဂင်၊ လိုချင်လျှင်၊ ကြိုတင်၍ ဝစီကံ ဝစီ ဒုစရိုက် လေးပါးကိုရှောင်။

လိမ်မှုကိုရှောင်၊ ဂုံးတိုက်မှုကိုရှောင်၊ ဆဲရေးမှုကိုရှောင်၊ ပြိန် ဖျင်းစကားပြောကြားမှုကိုရှောင်၊ မုသာ, ပိသု, ဖရု၊ သမ္ဖပ် ဤလေးရပ်၊ မှတ်လေ ဝစီကံ။ (ရှောင်ကြဉ်ပယ်ရှား, လူအများ ဖြစ်ကြွား သောတာပန်။)

၁။ မဟုတ်တာပ၊ ပြောဆိုက၊ မုသာဝါဒမှု။
၂။ နှစ်ယောက်ချစ်ရာ၊ ဂုံးတိုက်ခွါ၊ ပိသုဏာဟုရှု။
၃။ ကြမ်းထမ်းယုတ်မာ၊ ပြောသောခါ၊ ဖရုသာဟုရှု။
၄။ ပြိန်ဖျင်းစကား၊ ပြောဆိုငြား၊ မှတ်သားသမ္ပပ်မှု။

ဝစီကံဖြူစင်၊ သမ္မာဝါစာ မဂ္ဂင်၊ နှုတ်၌တပ်ဆင်၊ သာသနာ နယ်ဝယ်။

(ဂ) သမ္မာအာဇီဝမဂ္ဂင်၊ လိုချင်လျှင်ကြိုတင်၍ မနောကံ မနောဒုစရိုက်သုံးပါးနှင့် မိစ္ဆာအာဇီဝကိုရှောင်။

သူ့စည်းစိမ် မကောင်းကြံမှုကိုရှောင်၊ ရန်ညိုးဖွဲ့မှုကိုရှောင်၊ အယူမှားမှုကို ရှောင်၊ အသက်မွေးမှားမှုကို ရှောင်။

(ဘိဇ်-ဗျာ-ဒိဋ္ဌိ-မိစ္ဆာဇီ-လေးလီမနောကံ။)
(ရှောင်ကြဉ်ပယ်ရှား၊ လူအများ၊ ဖြစ်ငြားသောတာပန်)
၁။ သူ့စည်းစိမ်ပင်၊ မြင်လိုချင်၊ ကြံလျှင် အဘိဇ္ဈာ။
၂။ ဝေဏအများ၊ ရန်ညိုးထား၊ မှတ်သားဗျာပါဒါ။
၃။ အမှားကိုပင်၊ အမှန်ထင်၊ အမြင်ဉာဏ်မိစ္ဆာ။
၄။ မသွယ်ကောင်းတာ၊ သွယ်မှားပါ၊ မိစ္ဆာအာဇီဝါ။

မနောကံ ဖြူစင်၊ သမ္မာ အာဇီဝ မဂ္ဂင်၊ စိတ်၌တပ်ဆင်၊ သာသနာ နယ်ဝင်။

ဝစီလေးဖြာ၊ ရှောင်ကြဉ်ခွာ၊ ဝါစာမဂ္ဂင်ါ။
ကာယလေးတန်၊ ရှောင်ကြဉ်ပြန်၊ ကမ္မံမဂ္ဂင်ါ၊
ဒု—ဆို့ ကုန်ကြဉ်၊ မိစ္ဆာနှင်၊ မဂ္ဂင်အာဇီဝါ။
သီလစင်မှ၊ ခေါ်ဆိုရ သီလသုဒ္ဓိပါ။

## ကံ သုံးပါး ဝေရမဏီတပ်၍ ရှောင်ကြဉ်ရန်

## အဂုတ္တိုရ်ပါဠိတော်

သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ၊ ပုရိသ ပုဂ္ဂလဿ၊
ယဉ္စေဝ ကာယကမ္မံ၊ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊
ယဉ္စ ဝစီကမ္မံ၊ ယထာဒိဋ္ဌိ သမတ္တံ၊ သမာဒိန္နံ၊
ယဉ္စ မနောကမ္မံ၊ ယထာဒိဋ္ဌိ သမတ္တံ၊ သမာဒိန္နံ။

အင်္ဂုတ္တိုရ်ရှေ့စာ၊ ဒေသနာ ဓမ္မာသာထ မရမဘာဂဝါ ဟောကာပြတော့ ဩကာသ ပဏ္ဏာမက, သုရာမေရယ ဆိုးလျှင် ရုပ်နာမ်နှစ်ခု အကုသိုလ်စင်၊ ကာယကံ ကာယဒုစရိုက်ကိုနှင်။ ဝစီကံ ဝစီဒုစရိုက်ကိုနှင် (ရုပ်) ၏ စင်ကြယ်မှုပင်။ မနောကံ မနော ဒုစရိုက်ကိုနှင် (နာမ်) ၏ စင်ကြယ်မှုပင်။ (ရုပ်-နာမ်)နှစ်ခု အကုသိုလ်စင်။ ။သစ္စာငါးဖြာ လက်ကိုင်ထားကာ ထိန်းသိမ်းကြဘို့ပင်။ ။ (၁) ဝစီသစ္စာ ရုပ်တရား, နာမ်တရား, ရုပ်,နာမ်တရား နှစ်ပါးတွင်။ သိက္ခာပုဒ်အလီလီ။ နှုတ်သံမြည်အောင် ဆောက်တည်စေချင်။ ။(၂) ဝိရတီသစ္စာ ရုပ်တရား, နာမ်တရား။ ရုပ်,နာမ်တရား နှစ်ပါးတွင်။ ဒုစရိုက်အရပ်ရပ် နောက်သပ်မဖြစ်အောင် အပြတ်အသတ်ရှောင်ကြဉ်။ (၃) တင်္ခဏိကသစ္စာ၊ ရုပ်တရား, နာမ်တရား။ ရုပ်နာမ်တရား နှစ်ပါးတွင်။ တခဏအတွင်း အမိုက်ကင်း၍ အရိယာနယ်တွင်းသို့ သွတ်သွင်းစေချင်၊ ။(၄) ပဋိဿဝသစ္စာ ရုပ်တရား, နာမ်တရား ရုပ်နာမ်တရား၊ နှစ်ပါးတွင်၊ သိက္ခာပုဒ် အစားစားတည်နားအောင်လဲ ထားကြစေချင်။ (၅) ဘူမဋ္ဌသစ္စာ။ရုပ်တရား, နာမ်တရား။ ရုပ်နာမ်တရားနှစ်ပါးတွင် မြေကြီးပမာ တိုးတက်

လာ၍၊ ခိုင်မာမြဲမြံ အောင်လဲ ထားကြ စေချင်။ ။သစ္စာ ငါးဖြာ, လက်ကိုင်ထားကာ၊ ထိန်းသိမ်းကြဘို့ပင်၊ မဂ်လာ မည်တွင်၊ မဂ္ဂင်ဝင်၊ တဆင့်တက်ခါ၊ တချက်လွှတ်တော့၊ တ မဂ် တနိဗ္ဗာန်မြင်။ ။ ကိုယ့် ဝန် ကိုယ် ထမ်း၊ ကိုယ့် လမ်း ကိုယ် သွား၊ ကိုယ့် တ ရား ကိုယ် ဆင် ခြင် ကိုယ့် နိဗ္ဗာန် ကိုယ်ဝင်။

........)၀(-........

ကေနိပါတ်--ကေဝမ္မဝဂ်--အင်္ဂုတ္တိုရ်

## ပါဠိတော်အနက်

ဘိက္ခဝေ၊ ယောဂီခေါ်အပ် အို့ သူမြတ်တို့။ သမ္မာဒိဋ္ဌိ ကဿ၊ သစ္စာလေးတန် သဘောမှန်ကို ဝေဘန်မြင်သိ သမ္မာ ဒိဋ္ဌိ အယူရှိသော ပုရိသပုဂ္ဂလဿ၊ မိန်းမ, ယောကျ်ား ပုဂ္ဂိုလ် အစားစားအား။ ယဉ္စေဝကာယကမ္မံ၊ အကြင်ကာယ ကံအမူကိုလည်း ယထာဒိဋ္ဌိ၊ အမြင်မှန်ရှိသည် အားလျော်စွာ သမတ္တံ သစ္စာမြင်သိ, အစွမ်းရှိသလောက်။ သမာဒိဏ္ဏံ၊ ဒုစ ရိုက်ပယ်ကြဉ် သုစရိုက် ထင်အောင် ပေါ်လွင် ပြတ်သား ဆောက်တည်ထားအပ်၏။

ယဉ္စဝစီကမ္မံ၊ အကြင် ဝစီကံ ပြောမှုကိုလည်း။ ယထာ ဒိဋ္ဌိ၊ အမြင်မှန်ရှိသည် အားလျော်စွာ။ သမတ္တံ၊ သစ္စာမြင်သိ အစွမ်းရှိသလောက်၊ သမာဒိဏ္ဏံ၊ ဒုစရိုက်ပယ်ကြဉ်, သုစရိုက် ထင်အောင် ပေါ်လွင်ပြတ်သား ဆောက်တည်ထားအပ်၏။

ယဉ္စမနောကမ္မံ၊ အကြင် မနောကံမှုကိုလည်း။ ယထာ ဒိဋ္ဌိ၊ အမြင်မှန်ရှိသည် အားလျော်စွာ။ သမတ္တံ၊ သစ္စာမြင်သိ

အစွမ်း ရှိသလောက်။ သမာဓိဏ္ဍ ၊ ဒုစရိုက် ပယ်ကြဉ်, သုစရိုက် ထင်အောင် ပေါ်လွင်ပြတ်သား ဆောက်တည် ကားအပ်၏။

## အသိဉာဏ်ပေါက် တယောက်စာသာ ဘုရားပွင့်လာခြင်း

(ဗုဒ္ဓုပ္ပါဒေါ- ဒုလ္လဘော အပြောကလွယ်၊ ဘုရားပွင့်လာ ကိုယ့်တွက်တာ၊ လွန်စွာသိခဲတယ်- ၂) သရဏ, ပုဒ်ကိုစွဲလို့ သရဏဂုဏ် ခေါ်ရတယ်။ ဗုဒ္ဓံ ရယ်, ဂစ္ဆာမိရယ်၊ ထိုနှစ်သွယ် မြဲအောင်၊ သရဏပုဒ်က၊ ဂဟေစွဲသည့်နှယ်၊ အသိရောက်သူ့, ဉာဏ်ပေါက်သူ တယောက်စာသာ ပွင့်တော်မူလာတယ်။

........ပ........

## ရှိခိုးခြင်း၏ သဘာဝ

၁။ ကာယကံ၊ ကာယ, ဒုစရိုက်မှ ကင်းဝေးတော် မူတဲ့ ဂုဏ်တွေ ဘုရားရှင် ကိုယ်တော်မြတ်မှာ (ရှိ) တယ်။

အဲဒါတွေ အတု (ခိုး) လို့ ယူကြရတယ်၊ ဒါ့ကြောင့်— (ရှိခိုး)တယ်။" ။ (ဝစီကံ နှင့် မနောကံ, ကို လဲ၍ ဆိုပါ။)

## ဗုဒ္ဓဘာသာ သဘာဝ အလင်းပြခြင်း

(ဗုဒ္ဓဘုရားရဲ့၊ ဘာသာ, အယူ၊ ကာယကံ၊ ကာယ ဒုစရိုက်မှ ကင်းဝေးစင်ကြယ်တော်မူ ၂) ငါဘုရားရဲ့ အယူ။ ညီညီတူတူ ကြည်ဖြူစွာ သဒ္ဓါတရားနဲ့ ရှောင်ကြဉ်ခါ သွားရင်။ လှင်ရယ်, မယားရယ်, သားရယ်, သမီးရယ်, မြေးရယ်, မြစ်ရယ် အပါယ်လေးပါးကို မနစ်လို့ သောတာပန်, အစစ်တွေဖြစ်ရလေတော့တယ်။ ။ (ဝစီကံ နှင့် မနောကံ,ကို လဲ၍ဆိုပါ။)

(ဥဒ္ဒိစ္စမနော, ဝိတက္က မနော, ကမ္မပထ မနော,ဟု မနော သုံးမျိုးတွင်၊ ကမ္မပထ မနောကို သီလအရာဖြင့် ထိန်းသိမ်းအပ် ကြောင်း။)

ငယ်ငယ်ရွယ်ရွယ်၊ လူမမယ်ဘဝမှာ၊ သူက ငါက၊ ရှိသမျှ လိုပင်၊ ကိုယ်ပိုင်ဥာဏ် အသိမဝင်၊ ခါးဝတ်ပုဆိုး၊ တန်ဘိုး မမြင်၊ ဝတ်လဲမဝတ်ချင်။ ။ အသိထူးရောက်ခါ၊ အမြင်ထူး ပေါက်လို့ လာပြန်လျှင်၊ ကိုယ်ပိုင်ဉာဏ်အသိဝင် (သီလပုဆိုး) တန်ဘိုးကိုမြင်၊ အကြောင်းတွေပြတ်မှ အကျိုးရပ်မယ် အမှန် ပင်၊ ကမ္မပထမနော၊ သဘောကုန်အစင်၊ သမ္ဗောဇ္ဈဉာဏ် ယှဉ်ကြ ရင်၊ ထိုက်သူပန်၊ တန်သူရဘို့ပင်၊ သစ္စာဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုဝင်။

ယေန ဒေါသေန ဒုဋ္ဌာသေ၊ သတ္တာဂစ္ဆန္တိ ဒုဂ္ဂတိံ
တံဒေါသံ သမ္မာဒညာယ၊ ပဇဟန္တိ ဝိပဿိနော။ ။

ယေနဒေါသေန၊ ကြမ်းထမ်းမှု ယှဉ်, ပြစ် မှား ချင်တဲ့ အကြင်ဒေါသဖြင့်။ ဒုဋ္ဌာသေ၊ ကြမ်းတမ်းမှု ပေါ်ထွက်၊ ပြစ် မှားချက်ဖြင့် အသက်ကုန်ကြ, ပျက်စီးရ ကုန်သော။ သတ္တာ၊ ဒေါသလောင်မီး လွန်ပွားစီးတဲ့ အသီးသီးသော သတ္တဝါ တို့သည်။ ဒုဂ္ဂတိံ၊ အပူလွန်ကဲ ကြိတ်ချေဆွဲတဲ့ ငရဲကြီးများသို့။ ဂစ္ဆန္တိ၊ ဒေါသတရား ဆောင်ယူ သွားသဖြင့် တည်နား ရောက်ဆင်း ရလေကုန်၏။ ဝိပဿိနော၊ ဝိပဿနာ မဂ်ပညာ ကို လွန်စွာပွားများ ယောဂီအစားစား တို့သည်။ တံဒေါသံ၊ ကြမ်းတမ်တဲ့ သဘော လွန်ကြူးမှု ထူးပြောသည့် ထိုဒေါသ

ယုတ်ကြီးကို။ သမ္မာဒညာယ၊ မဖေါက်မပြန် လုပ်ငန်း မှန်ဖြင့် ဝေဘန် မြင် သိ သည် ဖြစ် ၍။ ပဇ ဟန္တိ၊ သစ္စာ ငါးပါး အဓိသီလ ပွားသျက် ပယ် ရှား စွန့် ပစ် ကြ ရ လေ ကုန် တော့ သတည်း။

၁။ ဒေါသနဲ့တွဲ၊ သေရင်လဲ၊ ဆောက်မြဲ ငရဲရွာ၊
၂။ အဓိသီလ၊ ဒေါသကိုခွါ၊ ငရဲဘုံမှ လွတ်ရမည်သာ။

(သီလက္ခန္ဓ မဂ္ဂင်သုံးပါး ပြီး၏)

…………:o:…………

## မာတာ ပိတု ပုတ္တဒါရဿ ဉာတကာနဉ္စ သဘာဝ

သာသာနာတွင်း၊ လူ့ဘောင်းဆင်း၊ အလင်းရှာကြ၊ ကလျာ ဏ။ ။ နာမ်ကိုဆုံးမ၊ ရုပ်ကိုဆုံးမ၊ ကြောခကြကျက်၍၊ ဆင် ချင်ကြ။ ။ ဝိပဿနာတရားမြတ်၊ နားမာတ်၍ ဘည်ပေစေ။ အဘိုးဘန်တဲ့ တရားအမှန်၊ ကျေးဇူးကြီးတဲ့ မိန္ဒင့်ဘ၊ ပြောကြ ခပ်မြန်မြန်၊ အဲဒါမှ မာတာပိတု ဉပဋ္ဌာနံ။

နောက်တဖန် မင်္ဂလာ အစစ်က၊ ချစ်လှတဲ့ လင်မယား၊ သား, သမီး, မြေး, မြစ် တွေပါ အစုံ၊ အား လုံး ကုန် ခဏ– ခဏပြော၊ အဲဒါမှ ပုတ္တဒါရဿ-သင်္ဂဟော။

သဘောမပျက်၊ ကျောင်းနေဘက်သူငယ်ချင်း၊ လည် ပင်း ဘက်ကြီးသူတွေ၊ ချစ်ခင် သူတွေ မှန်သမျှ ဆွေမျိုးဉာတိတွေ မကျန်ရ၊ အိမ်နားနီးချင်းပါ ဟူသမျှ၊ သဘာဝ တူက၊ ခဏ ခဏပြော၊ အဲဒါမှ ဉာတကာနဉ္စ သင်္ဂဟော။

သီလမှာလဲ ဝိသုဒ္ဓိ၊ ထုတ်ကြည့်တော့ ဓမ္မကွန်၊ လမ်းမှန်တာက မဂ္ဂင်။ ဖြေရှင်းမှာက- ဒွတ္တိံသ။ ဝဋ္ဋငြိမ်း ကြချင် မြန်မြန်ကျက်။ ပညတ်ပိုင်းတွေ နားနားဖျက်။ အိမ်သာတက်တိုင်းမေး။ ခါတ်ပေါက်အောင်တွေး။ အနတ္တ ရောက်မှ အေး။ နိဗ္ဗာန်ပေါက်မဲ့ဆေး။

## ရိပ်သာဆိုတာဘာလဲ

၁။ ရိပ်သာဆိုတာ, ဘယ်လိုဟာခေါ်တယ်, ပြောကြပါ။
၂။ ကိလေသာမီးဖြိုးဆိတ်ငြိမ်ရာ၊ "ရိပ်သာ" ခေါ်ရပ ။
၃။ အိမ်ဦးခန်းတွင်၊ နေရာပြင်၊ မဂ္ဂင်ပွားကြပါ။
၄။ လောဘရော့ပြန်၊ တရားမှန်၊ ကေန်ဆုံးဖြတ်ပါ။
၅။ ဒေါသရော့ပြန်၊ တရားမှန်၊ ကေန်ဆုံးဖြတ်ပါ။
၆။ မောဟရော့ပြန်၊ တရားမှန်၊ ကေန်ဆုံးဖြတ်ပါ။
၇။ မင်္ဂဉာဏ် မလင်း၊ အကြောင်းရှင်း၊ အပျင်းမျှာလို့သာ။
၈။ အချိန်ကိုဖြုန်း၊ မင်္ဂညွန့်တုံး၊ အရှုံးနစ်နာတာ။

## အမြတ်ဆုံးနတ်နှင့် အကောင်းဆုံးအရသာ

လောက သမုတိနတ်, ဥပပတ္တိနတ်တို့ထက် အလွန်အကြူး အထူးသဖြင့် မြင့်မြတ်တော်မူတဲ့ ဝိသုဒ္ဓိနတ်၊ ဘုရှင်တဆူ, ယှဉ်သူ မရှိလေတယ်။ ။ ဗုဒ္ဓရောင်ခြည် အလင်းကတော့၊ မင်္ဂအစ, ဖိုလ်အလယ်, နိဗ္ဗာန်နယ်၊ မောဟဖိတော့၊ အသိတွေပယ်၊ အဲဒါ-အဝိဇ္ဇာ ခေါ် တယ်။ (သမ္မာ သက်ပ္ပ ကောင်း ကောင်း ကြံ မှ သ မ္မာ ဒိဋ္ဌိ, ကောင်း ကောင်း မြင်

တယ်-၂) အမြင်မှန်ရင်, အကြံဟုတ်တယ်၊ အကြံဟုတ်ရင် အလုပ်ရှိတယ်၊ အလုပ်ရှိမှ, အမည်ရမယ်။ ။ အသီးမှာလဲ သရက်၊ အရွက်မှာလဲလဖက်၊ အသားမှာလဲဝက်၊ တရားမှာ တော့"မဂ်"တဲ့ကွယ်။ ။

ကံ့စခမ်း ကံလမ်းတွေကိုဖယ်၊ ဥာဏ်စခမ်း၊ ဥာဏ်လမ်း တွေကိုသယ်။ စျာန်းစခမ်း၊ စျာန်းလမ်း တွေကိုဖယ်။ ဥာဏ် စခမ်း၊ ဥာဏ်လမ်းတွေကို သယ်။ ။ ရောင့်လျှင်မိစ္ဆာ၊ သာ လျှင်ဒိဋ္ဌိ၊ ချိန့်ခွင်ညာရိပ်မိမှ ပဋိပဒါ၊ အရိယာနယ်။ အဓိ သီလကို ရင်ခွင်ထား၊ အဓိစိတ္တ တွင်တွင်ပွားတော့၊ အဓိပညာ ထင်မြင်သွာလို့၊ မဂ်တံခါး, ဖိုလ်တံခါး၊ အလွယ်အားဖြင့် ထင်ရှားပွင့်နိုင်တယ်။ ။

## (မဟာဝါပါဠိတော်) သတ္တဝါများအတွက် မြတ်စွာဘုရားကိုယ်တော်မြတ် စိတ်ပျက်အားလျော့တော်မူခြင်း

ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ၊
ရာဂရတ္တာ နဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ။ ။

ပဋိသောတဂါမိံ၊ သုံးသိက္ခာနှင့် ရှစ်ဖြာမဂ္ဂင် ကျင့်စဉ်တရား ပြည့်စုံငြားသဖြင့် လေးပါးဒုက္ခ ချုပ်ငြိမ်းရသည့် အမတ အေးရာ, ခေမာစခမ်း, နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းမသွေ ဆိုက် ရောက်စေတတ်ထသော။ နိပုဏံ၊ အလွန်သိမ်မွေ့စွာထသော။ နိပုဏံ၊ ရာဂညစ်ကြေး, မှုံအလေးတို့မှ ကင်းဝေးမယှဉ် ဖြူစင် စွာလှ, ဝိညာဏခတ် စိတ်တော်မြတ်ဖြင့် ရအပ် သိအပ်သော သစ္စာလေးရပ် တရားတော်မြတ်ဖြစ်၍ အလွန် သိမ်မွေ့စွာ

ထသော။ ဂမ္ဘီရံ၊ အလွန်နက်နဲသော သဘောလည်းရှိပေထသော။ ဂမ္ဘီရံ၊ သိန္ဓုဒက,နက်လှယူဇနာ, သမုဒ္ဒရာကို ယုန်သတ္တဝါ လေးပါဒတို့ဖြင့် ထောက်မှီရန် ဝေးကွာလှသကဲ့သို၊ တိံသပါရမီ,၊ ငါးလီစ်ာဂ ဟူသမျှတွေကို စိသ,သချေ လွန်လေသည်က ကမ္ဘာတသိန်းကျအောင် ဒုက္ခလွန်ကဲ ဆင်းရဲပြုပြင်ပင်ပင်ပန်းပန်း ဖြည့်စွမ်းရှာဖွေမှ ရအပ်, သိအပ်သော သစ္စာလေးရပ် တရားတော်မြတ်ဖြစ်၍ သဒ္ဒ--အတ္ထ နှစ်ဌာနတို့ဖြင့် သဘာဝအရာကို သေချာစွာ ဝေခွဲ၍ သိနိုင်ရန် အလွန်ခဲယဉ်းသဖြင့် နက်နဲသော သဘောလည်းရှိထသော။ ဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲစွာထသော။ ဒုဒ္ဒသံ၊ သမာဓိကင်း, ဉာဏ်အရောင်မလင်းသူတို့ မြင်ခြင်းကိစ္စ ဝေးကွာလှသော သဘောလည်းရှိထသော။ အတက္ကံ၊ ပရမာဏ်မြူအလားဖြစ်သော ငါဘုရား၏သစ္စာလေးရပ် တရားတော်မြတ်ကို။ ရာဂရတ္တာ၊ ကာမဂုဏ်ငါး အာရုံများဖြင့် ပျော်ပါးနှစ်သက် တပ်မက်၍ နေကြကုန်သော သတ္တဝါတို့သည်။ တမောခန္ဓေန၊ အဝိဇ္ဇာတည်းဟူသော မှောင်ထုကြီးသည်။ ဝါ၊ သန်းခေါင်လကွယ်,တောအုပ်လယ်၌ ဆယ်မျက်နှာမှ မိုးမှောင်ကျကို မဟာတမ ခေါ်ဆိုရ၏။ ထို့ထက် ရာထောင် မကမှောင်သည့် လင်းရောင်မရ အဝိဇ္ဇာတည်းဟူသော မှောင်ထုကြီးသည်။ အာဝုဋာ၊ ပိတ်ပင် အပ်ကုန်သည်ဖြစ်၍။ နဒက္ခန္တိ၊ မသိမမြင် နိုင်ကြကုန်၊ နဒက္ခန္တိ၊ သတ္တဝါဝေနေယျသားတို့က ကိလေသာ မြူတွေများသော်ကြောင့် ဟောကြားမည့် ဒေသနာ ပရမာအဏုမြူလားဟာမို့ ထင်ရှားမသွေ၊ ဩော်…မသိ မမြင်နိုင်ကြလေကုန်တော့သတည်း။

(သာဓု-၃)

သတိဥ္စ ခွာဟံဘိက္ခဝေ၊ သဗ္ဗတ္ထိကံ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သတိဥ္စ၊ မဟာ သတိပဋ္ဌာန် မဂ္ဂင် ရှစ်ပါး၊ သမ္မာသတိ၊ သမာပတ်ကိုကား။ ခေါ- ခလု၊ စင်စစ်၊ ဝါ၊ ခေါက်တုံ့ခေါက်ပြန်။ သဗ္ဗတ္ထိကံ၊ ခပ်သိမ်းသော ဣရိယာပုတ်၌ ဆောင်အပ်သော အရိဟန္တ သမာပတ် တရားဟူ၍။ ဝါ၊ စိတ္တံပါတိ သမာပတ္တိ၊ စိပ်ပုတီးဟူ၍။ အဟံ၊ ငါဘုရား သည်။ ဝဒါမိ၊ ဟောလိုက်ပါပေ၏။

အမတံ ဘိက္ခဝေ၊ ပရိဘုဥ္စထ၊ ယေ ကာယဂတာသတိံ၊
နပရိဘုဥ္စန္တိ၊ တေအမတံ၊ နပရိဘုဥ္စန္တိနာမ။

ဘိက္ခဝေ၊ ရဟန်းတို့။ အမတံ၊ မသေတတ်သော အမြိုက်သုဒ္ဓါဘုတ် အာယုဝဍ္ဍနဆေးကို။ ပရိဘုဥ္စထ၊ ဘုဉ်းပေး သုံးဆောင်ကြကုန်လော့။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင် ယီးတီးယားတား ကာမဝိတတ်များ၍ အလကား နေကုန်သော သူတို့သည်။ ကာယဂတာသတိံ၊ ကိုယ်ကျိုး ကိုယ်စီးပွား အလွန်များသော မဟာသတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး ကာယဂတာသတိကို၊ နပရိဘုဥ္စန္တိ၊ အနုလုံပဋိလုံ စုံ-မ ဝက်သလို အာရုံမပျက် နှုတ်တက်ရအောင် မဆောင်ရွက်ကြကုန်၊ တေ၊ ထိုဖွတ်မေ့၊ လိပ်မေ့၊ ပဒတ်မေ့ ပုတ်သင်လို ခေါင်းညိမ့်၍ အိမ့်ပါလေ၊ အိမ့်ပါလေ၊ ပဒေပဒါ၊ နဝေနဝါ ပလေပချော မရေမရာ အမေ့ကြီးလေးပါး မေ့များမိသော သူတို့သည်။ အမတံ၊ မသေတတ်သော အမြိုက်သုဒ္ဓါဘုတ် အာယုဝဍ္ဍန ဆေးတော်ကြီးကို။ နပရိဘုဥ္စန္တိနာမ၊ မသုံးဆောင်ရသည် မည်ကုန်၏။ ဝါ၊ သားမမြည်းရဘူးသည် မည်ကုန်၏။

# သမာဓိက္ခန္ဓာ မဂ္ဂင် (၃) ပါး အကျင့်တရားကိုပြခြင်း

| သမ္မာ ဝါယာမ မဂ္ဂင် | သမ္မာ သတိ မဂ္ဂင် | သမ္မာ သမာဓိ မဂ္ဂင် |
| --- | --- | --- |
| ၁။ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်စေရန် လုံ့လပြု။ | ၁။ ကာယာ နုပဿနာ သတိပဋ္ဌာန်-အသုဘ | ၁။ ပဌမစျာန် သမာဓိ အကုသိုလ်နီဝရဏချုပ် |
| ၂။ ဖြစ်ပြီးသော အကုသိုလ်ကို ပပျောက်ရန် လုံ့လပြု။ | ၂။ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်-ဒုက္ခ | ၂။ ဒုတိယစျာန် သမာဓိ ဝိတက် ဝိစာရချုပ် |
| ၃။ မဖြစ်သေးသောမဂ်ကုသိုလ်ကို ပြုကျင့်မိရန် လုံ့လပြု။ | ၃။ စိတ္တာ နုပဿနာ သတိပဋ္ဌာန်-အနိစ္စ | ၃။ တတိယစျာန် သမာဓိ ပီတိချုပ် |
| ၄။ ပြုကျင့်ခဲ့သော မဂ် ကုသိုလ်ကို တိုးပွားရန် လုံ့လပြု။ | ၄။ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်-အနတ္တ | ၄။ စတုတ္ထစျာန် သမာဓိ သုခ,ဒုက္ခ သောမနဿ ဒေါမနဿချုပ် |

၁-ဆကောဋ္ဌာသ၊ (၆) ချက်၊ ၂-ကေန္တရိက၊ (၁၇) ချက်၊ ၃-ဒွန္တရိက၊ (၁၆) ချက်၊ ၄-အင်္ဂုသ၊ (၂၇) ချက်၊ ၅-နဂဘာသိဝ၊ (၄၂) ချက်၊

## (အဓိစိတ္တလက်ာ)

ဣမဿိံကာယေ၊ ကေသာ ဆက်လို့ ပရိညာငါးချက်ပွား
များလျှင်....

(၁) ဆက်ကောဋ္ဌာသ, ညာတပရိညာ။ (၂) ကေန္တရိက် ညာတပရိညာ။ (၃) ဒ္ဓန္တရိက ညာတပရိညာ။ (၄) အင်္ဂုသ ညာတပရိညာ။ (၅) နာဂဘာသိဝ ညာတပရိညာ။

ဣမဿိံကာယေ၊ ကေသာ ဆက်လို့ ပရိညာငါးချက်ပွား များလျှင်၊ နိဝရဏဘေးရန် ကင်းစင်ဝေးလို့၊ သန့်ပြန့်ဖြူဖွေး နာမ်ဓာတ်အစဉ်၊ ပုဗ္ဗဘာဂ, အမည်ရ၊ လောကုတ္တရာမှာယှဉ်။ ။ နှစ်ဆင့်တက်ခါ နှစ်ချက်လွှတ်တော့၊ နှစ်မဂ်နိဗ္ဗာန်မြင်။ ။ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွား ကိုယ့်တရားကိုယ် ဆင်ခြင်၊ ကိုယ့်နိဗ္ဗာန်ကိုယ်ဝင်။

### သမာဓိကမ္မဋ္ဌာန်မဂ္ဂင် ၃-ပါးကိုပြခြင်း
### (သမ္မာဝါယာမ)

၁။ အသစ်အသစ်၊ အကုသိုလ်၊ မဖြစ်အောင်သာ အားထုတ်ပါ။

၂။ အဟောင်း ဆိုးညစ်၊ အကုသိုလ်၊ မဖြစ်အောင်သာ ကြိုးစားပါ။

၃။ အသစ်အသစ်၊ ကုသိုလ်စစ်၊ ပေါ်ဖြစ်အောင်သာ ကြိုးစားပါ။

၄။ ရရှိတည်နား၊ မဂ်မျိုးများ၊ တိုးပွားအောင်သာ ကြိုး စားပါ။

လုံ့လလေးအင်၊ နေ့ညယှဉ်၊ မဂ္ဂင်ဝါယမာ။

(သမ္မာသတိ)

၁။ ကာယအစု၊ သတိပြု၊ အသုဘထင်သည်သာ။
၂။ ဝေဒနာအစု၊ သတိပြု၊ ကြည့်ရှုဒုက္ခသာ။
၃။ စိတ်ခေတ်အစု၊ သတိပြု၊ ကြည့်ရှုအနိစ္စာ။
၄။ ဓမ္မာအစု၊ သတိပြု၊ မြင်မှုအနတ္တာ။
သတိလေးဖြာ၊ ပွားလေ့လာ၊ သမ္မာသတိသာ။

(သမ္မာသမာဓိ)

၁။ ဒုစရိုက်အဝဝ၊ ဆိတ်ငြိမ်က၊ ပဌမစျာန်ခေါ်ပါ။
၂။ ကြံမှုသုံးသပ်၊ ငြိမ်းအေးလပ်၊ ခေါ်အပ် ဒု-စျာန်ပါ။
၃။ နှစ်သက်မှုကြည်၊ ရှိဘူယ်မြင်၊ ခေါ်တွင် တတိယာ။
၄။ လောကဓံကြုံ၊ မလှုပ်တုံ၊ စျာန်ဟုန်စတုတ္ထာ။
အဆင့်လေးဖြာ၊ တည်ကြည်ပါ၊ သမ္မာသမာဓိပင်သာ။

သမာဓိ မဂ္ဂင် (၃) ပါး၌၊ သမ္မာ သတိ မဂ္ဂင်၊ ကာယာနုပဿနာ သတိပဋ္ဌာန် ပွားများမှု တခုသာ လိုရင်းတည်း။

………:o:………

## ပဋိကူလပစ္စဝေက္ခဏပွားနည်းကိုပြဆိုပေအံ့

ကောဋ္ဌာသအစဉ်၊ ပဋိကူလထင် မြင်အောင် ဆင်ခြင်ရှုတ် ပွားကြပါကုန်လော—။

ဆံပင်သည် အဆင်း, အနံ့, သဏ္ဌာန်, တည်ရာ အရပ် အားဖြင့် ရှိရှာဘူယ် ဆက်စုတ်ဘူယ် မတင့်တယ်။ ။ (အမှာ) ဆံပင်ကစ၊ ကျင်ငယ်ကျအောင်၊ ပွား ကြ စေ ကွယ်၊ ရှိရှာဘူယ်….။

## ဓာတု မနသိကာရ ပွားနည်းကို ပြဆိုပေအံ့

ကောင္ဒသအင်း၊ ဓာတ်သဘော ထင်မြင်အောင်၊ ဆင်ခြင်ရွတ်ပွားကြပါကုန်လော-။

ဆံပင်သည်၊ အသီး အခြား အစု အပုံ မျှသာ တည်း။ အသက်မရှိ၊ သတ္တဝါ မဟုတ်၊ မကြံစည်တတ် (ရုပ်တရား) သူ ငါ့နဲ့ မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

(ဆံပင် ကစ၊ ဦးနှောက် ကျ အောင်၊ ဓာတ်က ပထဝီ ပွားရမည်။)

(သည်းခြေကစ၊ ကျင်ငယ် ကျအောင်၊ ပွားကြ စေသော ဓာတ်, အာပေါ။)

ယေနလောဘေန၊ လုဒ္ဓါသေ၊ သတ္တာဂစ္ဆန္တိ ဒုဂ္ဂတိံ
တံလောဘံ သမ္မာဒညာယ၊ ပဇဟန္တိ၊ ဝိပဿိနော။

ယေနလောဘေန- အာရုံတွေလျှင် ရယူချင်တဲ့ အကြင်လောဘဖြင့်၊ လုဒ္ဓါသေ၊ အာသာငင်ငင်, ဆွဲဆောင်ယှဉ်လျက် လိုချင်ဆဲ ခဏ, သေကြရ ကုန်သော။ သတ္တာ၊ လော ဘ လောင်မီး, လွှန့်ပွားစီတဲ့ အသီးသီးသော သတ္တဝါတို့သည်။ ဒုဂ္ဂတိံ၊ ပြိတ္တာ, အသူ ရကာယ်, ဆင်းရဲ ကြွယ်တဲ့ နှစ်နယ် သော ဒုဂ္ဂတိဘုံများသို့။ ဂစ္ဆန္တိ၊ လောဘတရား, ဆောင် ယူသွား သဖြင့် တည်နားရောက်ဆင်း ရလေ ကုန် တော့ ၏။ ဝိ ဿိနော၊ ဝိပဿနာ မဂ် ပညာကြောင့် သစ္စာသိထား

ယောဂီများတို့သည်။ တံလျှောဟု၊ ပြိတ္တာဘုံလား, မတရားတဲ့ ကြီးမားသော ထိုလောဘတယုတ်ကို။ သမ္မာဒညာဏ၊ သမ္မာ ဒိဋ္ဌိဉာဏ် သဘောမှန်ဖြင့် သန်သန်ကြီး သိမြင်ကြတော့သည် ဖြစ်ရ၍၊ ပဇဟန္တိ၊ တဏှာသတ်ပညာ၊ လုပ်ငန်း အဖြာဖြာဖြင့် ပယ်စွန့်ခွာနှုတ် ဖြုတ်ကြရလေကုန်တော့သတည်း။

လောဘနှင့်တွဲ၊ ခေသရင်လဲ၊ ရောက်မြဲပြိတ္တာရွာ၊
အခိစိတ္တ၊ လောဘကိုခွာ၊ ပြိတ္တာဘုံကလွတ်ရမည်သာ။

## သမာဓိဖြင့်(ရှုနိုး)ပုံကိုပြခြင်း

လောဘ, ဒေါသ, မောဟ၊ စသော ကိလေသာတို့မှကင်း ဝေးတော်မူတဲ့ ဂုဏ်တွေ, ဘုရားရှင် ကိုယ်တော်မြတ်မှာ(ရှိ) တယ်။ ။ အဲဒါတွေ အတု(ခိုး) လို့ ယူကြရတယ်။ ။ ဒါကြောင့်(ရှိခိုး)တယ်။

## ပညတ်ပေါ်ပရမတ်ပျောက်၊ ပရမတ်ပေါ် ပညတ်ပျောက်

(၁) ပညတ်,ပရမတ်၊ အတတ်သိရန်
ကိုယ်ထဲ,စိတ်ထဲ၊ ဉာဏ်ခွဲဝေဘန်
ကောင်ဌာသခေတ်ကြီး၊ ဖြစ်ပြီးပျက်ပြန်
နိဗ္ဗာန်ရောမ၊ ချုပ်မှ ပြည်နိဗ္ဗာန်။ ။

(၂) နာမ်ရော, ရုပ်ရော၊ ဒုက္ခော,ဒုက္ခ
ဖြစ်လျှင် ပျက်မြဲ။ မလွဲကောန်
ဝူပသမော၊ သုခေါ နိဗ္ဗာန်
ဝိမုတ္တိ သုဒ္ဓိ သန္တိကံ။ ။

(၃) အပြောမဟုတ်၊ အလုပ်ဝင်ပါ
ကိုယ်တိုင်ကြည့်ရှု၊ သိမှုပေါ်လာ
လေးရက်အတွင်း၊ ပွင့်လင်းဉာဏ်မှာ
မဂ်ဖိုလ်ရောက်၊ မျက်မှောက်နိဗ္ဗာန်သာ။ ။

(၄) သာသနာ့ရေး၊ အားပေးကြရာ
လိုရင်းချုပ်က၊ အလုပ်လိုတာ
ဗိုလ်ငါးပါးကို၊ ရှေ့ဖျားတင်ခါ
ပဋိပတ်၊ မပြတ်အားထုတ်ပါ။ ။

(၅) ဝိမုတ္တိခေတ်၊ အနှစ်ကိုရှာ
မဂ်ဖိုလ်စခန်း စုံစမ်းလေ့လာ
သတ္တဝါများ၊ မလားပါယ်ရှာ
လိုရာရ၊ ဘဝပဒေသာ။

(၆) ဤသို့ဟောပြ၊ သောတပန်ဆင်
ဗုဒ္ဓရှင်အား၊ ဝပ်တွားဖူးမြင်
လာကွဲ့နာလှဲ့၊ ဒါကွဲ့မဂ္ဂင်
သညာတ၊ ယုံကြနိဗ္ဗာန်ဝင်။ ။

## (ဥဒ္ဓံပါဒတလာ့ အနက်ကား)

ပါဒတလာ၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားသို့ တိုင်အောင်။ ကေသမတ္ထကာ၊ အထက်ဆံဖျားမှ။ အဓော၊ အောက်ခြေဖဝါးသို့ တိုင်အောင်။ တစပရိယန္တံ၊ အရေထူ အရေပါး, အရေပြားတို့ဖြင့် ပိုင်းခြားကွယ်ကာ, လုံခြုံစွာ ခြုံရံအပ်သော။ နာနပ္ပကာရဿ၊ ရွံ့စရာ, ထွီစရာ, မသတီ

စရာ, ထွေလာ ထူးပြား ၃၂-ပါး၊ ၄၂-ပါးရှိသော။ အသု စိနေသ၊ ယန္တ ဆိုးယုတ်, မစင်ပုပ်ဖြင့်။ ပုရံ၊ ပြည့်သော။ ဣမမေဝ ကာယံ၊ နေ့တိုင်း နေ့စဉ်, အမှမ်းတင်၍ ချိုချဉ်ရသာ လိုရာကိုးကျူး ယုယစွာ မွေးရတဲ့ ခန္ဓာကိုယ်ရုပ်, အကောင်ပုပ် ကိုသာလျှင်။ ပစ္စဝေက္ခေယျ ဥဂ္ဂဟ ကောသလ္လဉာဏ် ၇-ပါး၊ မနသိ ကောသလ္လဉာဏ်ဆယ်ပါး၊ နိမိတ် သုံးပါး ထင်လာ အောင်၊ အနုလုံ—ပဋိလုံ ဈာန်ဟုန်ကသိုဏ်း စိုင်းကာ, စိုင်းကာ ဆင်ခြင်ရာ၏။

ဂဟာဋ္ဌေနဝါ၊ ဂရာဝါသ, မှုကိစ္စနှင့် ဒုက္ခဖွဲ့နှောင်၊ လူတို့ ဘောင်တွင် အိမ်ထောင်ချင်, သားမွေးချင်သော လူပင်ဖြစ် သော်ငြား။ ပဗ္ဗဇိတေနဝါ၊ အိမ်ယာ မထောင်, ရှာကိုရှောင် လျက် တော,တောင် ဂူပျော် သူတော် ဖို့မ တာပသနှင့်ပဗ္ဗဇ္ဇ ခေါ် ရဟန်းတော်တို့ပင် ဖြစ်သော်ငြား။ အဘိဏှံ၊ နေ့ညမ ပြတ်, ကိလေသာ ကြွားမချပ်ရအောင်။ ပစ္စဝေက္ခိတဗ္ဗံ၊ အနုလုံ ပဋိလုံ, အစုန်အဆန် အပြန်အလှူး သတိထား၍ ပွားများ ဆင်ခြင်အပ်လေတော့သတည်း။

သတိပဋ္ဌာန်, သမာဓိခဏ်းပြီး၏။

အောက်ပါဇယားကို စဉ်းစားဝေဘန်၊ အသိဉာဏ်ရှင်း၍၊ အလင်းသို့ရောက်လှယ်ကြပါစေ၊
သူတော်ကောင်းတွေတို့....။

# ပညာက္ခန္ဓာ မဂ္ဂင်(၂)ပါး အကျင့်တရား

| သမ္မာသင်္ကပ္ပ မဂ္ဂင် | သမ္မာဒိဋ္ဌိ မဂ္ဂင် |
|---|---|
| ၁။ ဝတ္ထုကာမမှ ထွက်မြောက်ရန်ကြံခြင်း | ၁။ ဒုက္ခသစ္စာ ပိုင်းခြား၍သိ |
| ၂။ ကိလေသာကာမမှ ထွက်ရန်ကြံခြင်း | ၂။ သမုဒယသစ္စာ၊ ပယ်စွန့်၍သိ |
| ၃။ ရန်ညှိုးမပြု၊ လစ်လျူရှုရန် ကြံခြင်း | ၃။ နိရောဓသစ္စာ၊ မျက်မှောက်ပြု၍သိ |
| ၄။ ညှဉ်းဆဲမပြု၊ လစ်လျူရှုရန် ကြံခြင်း | ၄။ မဂ္ဂသစ္စာ၊ ပွားများ၍သိ |

၁-တဏှာသတ်ပညာ။ ၂-ရာဂသတ်။ ၃-ဒိဋ္ဌိသတ်။ ၄-အနုသယသတ်။ ၅-မဂ်ဉာဏ်တက်ပညာ။

# (ပညာငါးပါးကိုပြပေအံ့)

၁။ ခင်မင်တွယ်တာ၊ လွန်သာယာ၊ တဏှာသတ်ကိုပွား။
၂။ အခါရှိတွေ့က၊ ကပ်ငြိက၊ ရာဂသတ်ကိုပွား။
၃။ ရုပ်,နာမ်တိုင်းကြည့်၊ ငါသူရှိ၊ ဒိဋ္ဌိသတ်ကိုပွား။
၄။ ကိလေသာခေတ်၊ ကြွင်းကျန်ဖြတ်၊ အနုသယသတ်ကိုပွား။
၅။ မဂ်ဉာဏ်,ဖိုလ်ကျိုး၊ ပွားစီးတိုး၊ ငါးမျိုးကာယပွား။
၆။ ပညာငါးတန်၊ ဝိဇ္ဇာဉာဏ်၊ သန်သန်ပွားပါ၊ အရိယာ။

## အာဓိပညာလင်္ကာ

သဗ္ဗေသခ်ါရာ အနိစ္စပင်။ ။ သဗ္ဗေသခ်ါရာ ဒုက္ခပင်။ သဗ္ဗဓမ္မာ အနတ္တာပင်။ ။ ထင်မြင်အောင် ဆင်ခြင်ပွားဘို့၊ ပညာများမတော့ ငါးရပ်အစဉ်။ ။

၁။ တဏှာသတ်ပညာ။ ၂။ ရာဂသတ်ပညာ၊ ရာဂတဏှာ,လောဘကိုနှင်။ ၃။ ဒိဋ္ဌိသတ်ပညာ။ ၄။ အနုသယသတ်ပညာ။ ၅။ သဘာဝဆယ်ချက်။ လက္ခဏာသုံးနက်။ မဂ်ဉာဏ်တက်ပညာ၊ ဒိဋ္ဌိ, မောဟ, အတ္တာ မယှဉ်၊ သုံးဆင့်တက်ခါ သုံးချက်လွတ်တော့၊ သုံးမဂ် သုံးနိဗ္ဗာန်မြင်။ ။ ကိုယ့်ဝန် ကိုယ်ထန်း၊ ကိုယ့်လမ်း ကိုယ်သွား၊ ကိုယ့်တရားကိုယ်ဆင်ခြင်၊ ကိုယ့်နိဗ္ဗာန်ကိုယ်ဝင်။ သစ္စာလေးအင် မသိမြင်ကျင့်စဉ်မမြဲချင်။

ဒုက္ခသစ္စာသိလျှင်၊ သမုဒယ သစ္စာ ပယ်ချင်။ သမုဒယသစ္စာ ပယ်လျှင် မဂ္ဂ သစ္စာ ပွားချင်။ မဂ္ဂ သစ္စာ ပွားလျှင်

ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော နိဗ္ဗာန်မြင်၊ သိ, ပယ်, ပွား, ဆိုက်, လမ်းစဉ်လိုက် တည်စိုက် ပန်းတိုင်ဝင်။

# ပညာကွန့်မဂ္ဂင် (၂) ပါးကိုပြခြင်း

(က) သမ္မာဒိဋ္ဌိမဂ္ဂင်အင်္ဂါ

၁။ ဒုက္ခသစ္စာ၊ အဖြာဖြာ၊ ကောင်းစွာ ပိုင်းခြားသိ။

၂။ သမုဒယသစ္စာ၊ ကျယ်ဝန်းစွာ၊ ပယ်ခွာစွန့်ဖြတ်သိ။

၃။ နိရောဓသစ္စာ၊ ချုပ်ငြိမ်းရာ၊ ကောင်းစွာဆင့်ဆင့်သိ။

၄။ မဂ္ဂသစ္စာ၊ ပွားဘို့ရာ၊ သိက္ခာစုံအောင်သိ။

သမ္မာဒိဋ္ဌိ သစ္စာသိ၊ အားရှိကျယ်ပွားပါ။

(ခ) သမ္မာသင်္ကပ္ပ မဂ္ဂင်အင်္ဂါ-

၁။ ဝတ္ထုကာမ၊ ဟူသမျှ၊ နေ့ ည လွတ်ကင်း ကြံစည်ခြင်း။

၂။ ဒုစရိုက်အဖြာဖြာ၊ ကိလေသာမှ၊ ပယ်ခွာရှောင်ကွင်း ကြံစည်ခြင်း။

၃။ သတ္တဝါများ၊ချမ်းသာပွားအောင်ကြိုးစားဆောင်သွင်း ကြံစည်ခြင်း။

၄။ ရန်ငြိုးဖွဲ့ထား၊ အစားစားမှ၊ မြင်ဟား ခုတ်ရှင်း ကြံစည်ခြင်း။

မိုက်မှားပယ်ခွာ၊ ကြံစည်ပါ၊ သမ္မာသင်္ကပ္ပါ။

ယေနမောဟေန၊ မုယှသေ၊ သတ္တာဂစ္ဆန္တိဒုဂ္ဂတိံ၊
တံမောဟံ သမ္မာဒညာယ၊ ပဇဟန္တိ ဝိပဿိနော။

ယေနမောဟေန၊ ဖုံးလွှမ်းပိတ်ပင်, အမှန်မမြင်တဲ့ အကြင် မောဟတရားဖြင့်။ မုယှသေ၊ တွေဝေဖုံးလွှမ်းယောင်စမ်းစမ်းနဲ့ သေလမ်းသို့ သွားကြရကုန်သော။ သတ္တာ၊ မောဟလောင်မီး, လွှန်ပွားစီးတဲ့ အသီးသီးသော သတ္တဝါ တို့သည်။ ဒုဂ္ဂတိံ၊ မကောင်းသော အလား, တိရစ္ဆာန် ဘုံများသို့။ ဂစ္ဆန္တိ၊ မောဟတရား ဆောင်ယူသွားသဖြင့် တည်နား ကျဆင်းရလေကုန်တော့၏။ ဝိပဿိနော၊ သာသနာသုံးအင် လုပ်ငန်းဝင်တဲ့ ဉာဏ်မြင်ကြီးမား, ယောဂီ အစားစားတို့သည်။ တံမောဟံ၊ တွေဝေ ဖုံးလွှမ်း, အမြင်ကန်းအောင် ယှက်သန်းကာဆီး, ထို မောဟယုတ်ကြီးကို။ သမ္မာဒညာယ၊ မဂ္ဂင်ရှစ်တန် လုပ်ငန်းမှန်ဖြင့် ဝေဘန် မြင်သိကြတော့သည်ဖြစ်၍။ ပဇဟန္တိ၊ ပညာငါးပါး, နေ့စဉ်ပွားလျက် ပယ်စွန့်ခွာနှုတ် ဖြုတ်ကြရလေကုန်တော့သတည်း။

၁။ မောဟနဲ့တွဲ၊ သေရင်လဲ၊ ရောက်မြဲတိရစ္ဆာန်ရွာ။
၂။ အဓိပညာ၊ မောဟကိုခွာ၊ တိရစ္ဆာန်ဘုံက လွတ်ရမည်သာ။

## ပညာဖြင့် (ရှိခိုး) ခြင်း သဘော

သစ္စာလေးပါး မြတ်တရား၊ ပိုင်းခြားထင်ထင်၊ သိမြင်တော်မူတဲ့ ဂုဏ်တွေ, ဘုရားရှင် ကိုယ်တော်မြတ်မှာ (ရှိ) တယ်။ အဲဒါတွေ— အတု (ခိုး) လို့ ယူကြရတယ်၊ ဒါကြောင့်(ရှိခိုး) တယ်။ ရှိ,ဂုဏ်မြတ်နိုး၊ အတုခိုး၊ ဘုရား (ရှိခိုး) သည်။

# ဣရိယာပထပဗ္ဗကိုပြခြင်း

ဝိပဿနာ၊ဉာဏ်မှာမဝင်၊ သမုတိအနိစ္စအမြင်၊
ယောဂီဉာဏ်တွင်၊ အသုံးချ၊ သန္တတိအနိစ္စ။

ဂစ္ဆန္တောဝါ၊ ဂစ္ဆန္တောမှီတိ၊ ပါဠိတော်ပြ။ ။ ဌိတောဝါ ဌိတောမှီတိ၊ ပါဠိတော်ပြ။ ။ နိသိန္နောဝါ၊ နိသိန္နောမှီတိ ပါဠိတော်ပြ။ ။ သယာနောဝါ၊ သယာနောမှီတိ၊ ပါဠိတော်ပြ။ ။ယထာယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာတထာနံပဇာနာတိ၊ ပါဠိတော်ပြ။ ။ အလှမ်းတရာမှာ၊အပျက်တရာရ၊ ။သွား၊သိ၊ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တ။ ။ရပ်၊ သိ၊ ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တ။ ။ ထိုင်သိ၊ ရုပ်နာမ်၊အနိစ္စံ၊ ဒုက္ခံ၊ အနတ္တ။ ။ လျောင်းသိ၊ ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တ၊ အပိုင်းပိုင်း ပြတ်ပုံ အမြင်မှန်ရ၊ ဣရိယာပထပဗ္ဗ။ (ဘင်္ဂညာဏ) ပုဂ္ဂလသတ္တ၊ ငါမပါ၊ ရုပ်နာမ်၊ နှစ်ဖြာသာ၊ (နာမရူပ ဝဝတ္ထာနေန သက္ကာယ၊ ဒိဋ္ဌိယာ ပဟာနံဟောတိ) သံယုတ်ပါဠိတော်အလာ မသိရင်အဝိဇ္ဇာ။ သိရင်ဝိဇ္ဇာ။ ။ ဝိဇ္ဇာဉာဏ်အမြင်ရှိ၊ လေးသစ္စာ အစဉ်သိပါ။ အဲဒါမှ အဓိကပညာ၊ အမြဲပညာ။ ။အမြဲပညာရှိမှ အောင်လံထူ၊ ကြိုယူသာသနာ၊ သာသနာ့ တန်ဘိုး လွန်အားကိုး ကောင်းကျိုး နေ့စဉ်ရှာ၊ အကုသိုလ် တသက်၊ မဂ်တချက် ပယ်ဖျက် သုတ်သင်ပါ၊ အကုသိုလ် အနေပ်ရပ် မဂ်နှင့်သတ် အမြတ် ကိုယ့်တွက်တာ၊ အကုသိုလ် အမျိုးမျိုး၊ မဂ်တန်ခိုး အကျိုးမပေးပါ၊ အဲဒါမှ--ဘုရားသာသနာ။

## သမ္ပဇညပဗ္ဗကိုပြခြင်း

မနုဿတ္တဘာဝ, ဒုလ္လဘာဟု၊ အဖန်ဖန် အခါခါ သတိပြု။ ပုနစပရံ ဘိက္ခဝေ၊ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာန, ကာရီ, ဟောတိ။ အာလောကိတေ, ဝိလောကိတေ၊ သမ္မိဉ္ဇိတေ, ပသာရိတေ, ဒေသနာတော် အရေးပညာဉာဏ်နဲ့ ကွေးလို့၊ လက်ကွေး, လက်ဆန့်, ကိုယ်ပိုင်ဉာဏ်မှာ ပေါ်လာဖြန့်၊ တသန့်စီ တသန့်စီခွဲကြ, မမြဲသမျှ ပျောက်ပျက်တာကို၊ တလုံးသေ, တလုံးပေါ် အနိစ္စဆို။ ကွေးစိတ်ကို ဆန့်စိတ် မဟုတ်။ ဆန့်စိတ်ကို ကွေးစိတ်မဟုတ်။ ရုပ်ဓမ္မ ကွေးဆန့်ရာ, နာမ်ဓမ္မ စေခိုင်းမှု, ဖြစ်ပျက်နှစ်ဝ မြင်အောင်ရှု (ဥဒယဗ္ဗယဉာဏ်) ပုဂ္ဂလသတ္တ, ငါမပါ၊ ရုပ်နာမ်နှစ်ဖြာသာ၊ သဗ္ဗေသင်္ခါရာ, ပရတော, ရိတ္တတော, တုစ္ဆတော, သုညတော, အနတ္တတော, အနတ္တာ။ မသိရင် အဝိဇ္ဇာ၊ သိရင်ဝိဇ္ဇာ။ ။ ဝိဇ္ဇာဉာဏ် အမြင်ရှိ လေးသစ္စာ အစဉ်သိပါ၊ အဲဒါမှ အဓိကပညာ, အဓိပညာ။ ။ အဓိပညာရှိမှ အောင်လံထူ, ကြိုယူသာသနာ၊ သာသနာ့တန်ဘိုး, လွန်အားကိုး၊ ကောင်းကျိုး နေ့စဉ်ရှာ။ အကုသိုလ် တသက် မဂ် တချက်, ပယ်ဖျက် သုတ်သင်ပါ၊ အကုသိုလ် အရပ်ရပ်, မဂ်နှင့်သတ်, အမြတ်ကိုယ့်တွက်တာ၊ အကုသိုလ် အမျိုးမျိုး, မဂ် တန်ခိုး, အကျိုးမပေးပါ၊ အဲဒါမှ ဘုရားသာသနာ။

## သဗ္ဗေဓမ္မာ အနတ္တာ အနက်ကိုပြခြင်း

သဗ္ဗေ သုံးဆဲ့ တဘုံ အလုံးစုံကုန်သော။ ဓမ္မာ၊ တေဘုမ္မိက စတုဘုမ္မိက, တရားတို့သည်။ အနတ္တာ၊ အတ္တဟု ဆိုအပ်သော

အသာက်ပိညာဉ် အရှင်မဟုတ်ကုန်။ ဉာတိ၊ ဤသို့ ကမ္မဋ္ဌာန်းခွင်စိတ်၌ မြင်၏။ ယဒါ၊ တေဘူမိကာ ဓမ္မ, စတု ဘူမိက ဓမ္မ အနတ္တာ ဟု ဒိဋ္ဌမြင်ယော အကြောင်အခါ၌။ ပညာယ၊ အနတ္တာ ဝိပဿနာ ဉာဏ်ငါးဖြာကြောင့်။ ပဿတိ၊ နိဗ္ဗာန် တံခါး သောတာပတ္တိ မဂ်တရားကို တွေ့မြင်ရ၏။ အထ၊ထိုနိဗ္ဗာန်တံခါး သောတာပတ္တိ မဂ်တရားကို တွေ့မြင်ရသောအခါ၌။ ဒုက္ခေ၊ ခန္ဓာ, အာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာဝဲ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့ မပျော်မွေ့ဘဲဖြစ်၍ လာလေတော့၏။သော,ဧသော၊ ဤနိဗ္ဗာန်တံခါး သောတာပတ္တိ မဂ်တရားကို တွေ့မြင်ခြင်း,သံသရာဝဲ ဝဋ်ဆင်းရဲ၌ ပျင်းတွဲငြီးငွေ့ မပျော်မွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ဝိသုဒ္ဓိနတ် ဘုရားမြတ်တို့၏ စံရာ ရဟန္တာတို့၏ ဌာန, ပစ္စေက ဗုဒ္ဓတို့၏ ဘုံနန်း, အုံမခန်းဘယ် စင်ကြယ်သန့်ရှင်း, အပြစ်ကင်းသော နိဗ္ဗာန်၏။ မဂ္ဂေါ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပယ်ခွါ၊ သတ်ဖြာ်ဘ် မဂ်မြတ်ဟုခေါ် လမ်းမတော်ကြီး ပေတည်း။

..........:o:..........

## မဂ်,ဖို,ဆိုဒါ ဘာလဲ

(တွေ့ခဲ့,ကြုံခဲ့,ဆုံခဲ့လှတဲ့ ဘဝအစစ်, လူဖြစ်ပြန်၊ ကြားရင်း နရင် ,ဉာဏ်အမြင်ရှင်း၊ အလင်းကိုရကြရန်-၂)ဝိသာခါအရှယ် ငေ့်,ခုနှစ်နှစ်နဲ့လဲ, သောတာပန်။

မဂ်-ဆိုဒ' ဉာဏ်၊ ဖိုလ်, ဆိုဒါ ဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အဝ င်း ရောက်မှ၊ မျက်မှောက်ပြုအပ်တဲ့ နိဗ္ဗာန်။ ။ဉာဏ် အမြင် မရှင်းလို့ အလင်းကို မရဘာ-အမှန်။ ။

## မသိသူကျော်သွား, သိသူဖော်စားတရားတော်

ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတံ ပန ပဿဒယိ၊
ကမ္မေန တံကိဏိတွာန၊ အမတံ ပိဝေထ သာဓဝေါ။

ဘောဂန္တာ၊ ကာမ,ရူပ, အရူပဟု ဘဝဝေဘုံ ဝဋ္ဋဆေး ရုံ၌ ဘောကြုံတွေ့ကြွား အိုး...လူများတို့၊ ဇိနေ့ရာ၊ သုံးဘုံတိုက်နှယ် ရှိရှိသမျှ ရောဂါသယ်ဝေ့ကို ဘယ်လက္ခဏာ, ဘယ်သဘောရယ်လို့ ဓာတ်ကြောကို မြင်ရုံနဲ့ သိနိုင်တဲ့၊ ငါတို့ဗုဒ္ဓ တိကိစ္ဆခေါ် သမားတော်ကြီးသည်။ ဗျာဓိတံ၊ သံသရာ ဟိုထိုထို ဘဝဆီက ခန္ဓာကိုယ်မှာ အလိုလို ပါလာကြတဲ့ တဏှာ ချက်မြစ် ဓမ္မတာ သဘောဟာမို့၊ ဩော်...ကမ္ဘာရောဂါကြီးလို့လဲ ခေါ်လိုလျှင် ခေါ်ကြပေဘော့၊ ကြောက်မက်ဘွယ်ရာ တကဲ့ကို စွဲငြိ၍ နေကြရှာကုန်သော။ ဇနတံ၊ မောင် တို့ နဲ့ မယ်တို့မှာ၊ ကိုယ့်ရောဂါ အမြစ်အရင်း မပြုတ်ကြဘဲ အတွင်း ဓာတ်ငုပ်၍ နေဘာကို သေချာစွာ အဟုတ်မသိကြ သဖြင့် ခလုတ်ထိမှ အမိတ,တဘာနဲ့၊ ဩော်...သဘိ ရ ကြ တော့မယ် ဝေဒနာရှင်သယ်, မောင်တို့နဲ့ မယ်တို့ကို၊ ဒိသွာ၊ တိုက်ကျွေးမဲ့ ကရုဏာ ဆေးချက်ကို ရှာရာတွင် အနာကို မြင်ခါမျှဖြင့် လျင်စွာဘဏ သိမြင်တော်မူသည်ဖြစ်၍။ အမတံ၊ သီလ,သမာဓိ, ပညာ ဟု ဝိဇ္ဇာကျင့်ရိုး, သိက္ခာဆိုတဲ့ ဆေးသုံးမျိုးကို။ ပဿာဒယိ၊ ဆိုင်းဘုတ်နှင့် ကြော်ငြာ၍ အရာရာ တရား ရောင်လင်းစေတို့ သာသနာ ငါးထောင် အတွင်းမှာဖြင့် ဆိုင်ခင်းခါထားတော်မူခဲ့လေပြီ။

သာဓေဝေါ၊ ကိုယ့်ရောဂါကို ပျောက်လိုကြတဲ့ ဒုက္ခသယ် အပေါင်း, သူတော်ကောင်းတို့။ ဗျာဒိတံ၊ လူနတ်, ဗြဟ္မာ သတ္တဝါ မှန်သမျှတို့၏ အတွင်းအနန္တ ရှိနေကြတဲ့ ဝိတိက္ကမ ကိလေသာ။ လွန်ကြူး နေတဲ့ ကိုယ်နှုတ်နှာ, ပရိယုဋ္ဌာန ကိလေသာ။ သောင်းကျန်း နေတဲ့ စိတ်ယုတ်မာ, အနုသယ ကိလေသာ။ ကိန်းဝပ်နေတဲ့ အဝိဇ္ဇာနဲ့, တဏှာ ဆိုတဲ့ ကိလေသာ။ နူနာ, အိုင်းအမာကြီးတို့ကို။ ဇိနော၊ ငါတို့ဗုဒ္ဓ မြတ်ဇိန၏။ ကမ္မေန၊ လျှ, ရှောင်, ပွား, ထင်, မဂ္ဂင်ကျင့်သန် ပါရမီကံကို။ ကိဏိတွာန၊ အဘိုးသက်သာ ပေးခါလှယ်ကူ ဝယ်ယူပြီး၍။ တုမှေ၊ အဆောက်ပြင်းခါ မတန်ဘူးရယ်လို့ မငြင်းလိုက်ကြပါနှင့်၊ အောင့်အီးလိုက်ခါ သောက်ခြင်းငှာ အကြံယူကြပါစို့ရဲ့, ပျောက်ကင်းဘို့ အနာဟာ နလံထူလိုကြ ဂုန်သော သင်သူတော်ကောင်းတို့သည်။ တံ-အမတံ၊ ထိုဓမ္မာ သထ ရသမဟာ ဆေးဝိဇ္ဇာကို။ ပိဝေထ၊ အချိန်တန် အခါ ရောက်ပြီမို့ မြိန်မြိန်ကြီးစားသောက်ကြပါကုန်လော။ ဝါ၊ မြိန် မြိန်ကြီးစားသောက်ကြပါကုန်စို့။ ပိဝေထ၊ ဆေးတော်မြတ် ကဝိန်မှုကို သတိမမူသလို, တော်ရာမှာ ထားသူတို့၊ မသိသူ ကျော်ခါ သွားစေတော့၊ သြော်........သိသူတို့မှာဖြင့် ဖေါ်လို့ သာ စားသောက်ကြရလေကုန်တော့သတည်း။

၁။ လျှ, ရှောင်, ပွား, ထင်၊ ဤလေးအင်
နေ့စဉ်ပြုပါ၊ ဗုဒ္ဓဘာသာ။

၂။ လျှ, ရှောင်, ပွားထင်၊ ဤလေးအင်
နေ့စဉ်ပြုပါ၊ အရိယာ။

၃။ လျှို့၊ ရှောင်၊ ပွား၊ ထင်၊ ဤလေးအင်
နေ့စဉ်ပြုမှ-နိဗ္ဗာန်ရ။

က။ လျှို့ရမယ် ဆိုဒါက၊ အားရှိသလောက်ပေး။
ခ။ ရှောင်ရမယ် ဆိုဒါက၊ ဒုစရိုက်အရေး။
ဂ။ ပွါးရမယ် ဆိုဒါက၊ ဇောဌာသဘော။
ဃ။ ထင်ရမယ် ဆိုဒါက၊ လက္ခဏာရေး။
လျှို့၊ ရှောင်၊ ပွါး၊ ထင်၊ ဤလေးအင်၊ နေ့စဉ် ပြုမှ နိဗ္ဗာန်ရ။

……o……

ဓမ္မဂီတ ၂-ပုဒ်

## အရိပ်သုံးပါးနွားမလယ်၊ ဂျီသူငယ် ကျွန်းစားဖြစ်

နေပူရင်၊ ထီးခမောက်ဆောင်းလို့၊ သစ်ပင် အရိပ်၊ အိမ်ရိပ်မှာခို။ ။အေးရာဌာန မသင်ဘဲနဲ့၊ အလိုလိုဘဲ သိကြသကို။

ကြွေးပူ၊ မြေပူ၊ သေပူ၊ သမီးသား၊ အပူ၊ စီးပွါး အပူ ကဲပူ မဲပူ အမြဲပူ။ ။ပြောပြခက်၊ လောကအတွက်လဲပူ၊ ကြံရာခက်သံသရာ အဆက်လဲပူ။ ။ လင်ပူ၊ မယားပူ၊ ရပ်ရွာပူ၊ နတ်ပြဟ္မာ တွေလဲပူ။ ။ သူ့မှာလဲပူ၊ ကိုယ့်မှာလဲပူ၊ မြို့ရွာမှာလဲပူ၊ အသက်တိုပူ၊ အသက်ရှေ့ပူ၊ ရက်ရှိသ၍လဲပူ။ ။မျက်စိရေးနဲ့ နားရေးကြောင့်လဲပူ။ (အငှါးပူ၊ ကြွားပူ၊ အလကားပူ)အစား အစာရေးနဲ့ သွားလာရေးကြောင့်လဲပူ၊ ဟိုမှာလဲပူ၊ သည်မှာလဲ။ ။

သည်အပူတွေ စိတ်ချရအောင်၊ အရိပ်ကတော့ ဘယ်မှာ ခိုမယ်၊ အရိပ်သုံးသွယ်, နွားမလှယ်, ဂျိသူငယ် ကျွားစာဖြစ် သည့်နွယ်၊ (သေးမင်း,ဝါးဖတ်, ဒလစပ်, မပြတ်ခံရမယ်) မသိ ရင် ဇွတ်တွယ်၊ သိရင်လွှတ်မယ်၊ အဲ—သို့မို့ကြောင့် အပါဒါန် ကိုပယ်။ သမ္ပဒါန်ကို ယူယ်။ မီးငြိမ်းရာ ကေန် ပြည်နိဗ္ဗာန် နယ်။

ဩကာသ လောကပကာ ဒေ္ဒခန္ဓာကျအောင် အရဆောင် လူ့ဘောင်နေပျော်ပြီ၊ နေလဲနေပျော်ပြီ၊ သေလဲသေပျော်ပြီ။ သံသရာ စခမ်းမှာဖြင့် အောက်တန်းလဲ မကျပြီ။ မဂ် ဖိုလ် နိဗ္ဗာန် သုံးတန် ချမ်းသာရေးကိုတော့ အမိကလဲ မပေးနိုင် ပါ၊ အဘကလဲ မပေးနိုင်ပါ၊ ဆွေမျိုးပေါက်ဖော်, အဒေါ် အရည်း, မိကြီး, မိထွေးကလဲ မပေးနိုင်ပါ၊ မောင်ကြီး, မောင် ငယ်၊ တသွယ်ညီအစ်မနဲ့ နှမသားချင်း မျိုးခပင်းကလဲ မပေး နိုင်ပါ။ ။ အတ္တဒီပါ-အတ္တသရဏာ။ ။ ဓမ္မဒီပါ-ဓမ္မသရ ဏာ။ ။ အနည- သရဏာ။ ။ ကိုယ့်ကိုကိုယ်သာ မှီခို အားထားရာ။ ။ ရှင်တော်ဘုရားက ဟောခဲ့မှာ။ ကျမ်းဂန် ဒေသနာ ရှေးစာအရမို့ ( ကိုယ့်ကို ကိုယ်သာ ကျွန်းကြီး ပမာ မှီခိုအားထားရာ ရှင်တော်ဘုရားက ဟောခဲ့မှာ.... ၂ ) ( သမ္မာသဒ္ဒါ၊ ပုဒ်တိုင်းပါ၊ အင္ဂမဂ္ဂင်ါ။ ထိုတရားကိုသာ ပွားများပါ၊ ရောက်ပြွားနိဗ္ဗာန်သာ.... ၂ )မြေကြီး, လက်ဝါး ပုတ်ပြောသေ့ဖိ၊ လွဲသော်လွဲရမည်။ ။ နိဗ္ဗူဌာနီ၊ အမတာ ပြည်၊ မနေ့ပအတည်၊ မြေကြည်....ဘေးပမသိ၊ ရွှေပြည်ကြီး အပြီးရောက်တော့မည်။

....o....

## ကာယဂတာသတိ ဆိုင်ရာဒေသနာကိုပြခြင်း

၁။ ဣဓ ဘိက္ခဝေ ဘိက္ခု
ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဘိက္ခဝေ၊ မင်္ဂလိုဖိုလ်တရား, ယူလိုငြားသည့် အို....ချစ်သား ချစ်သမီးတို့၊ ဣဓ၊ အရိယာ အစားစား ဖြစ်ပေါ်ပွားသည့် သုံးပါးသော ဤသာသနာတော်ကြီး၌။ ဘိက္ခု၊ သံသရာဘေး မျှော်ရှုတွေးလျက် အရေးကြီးစွာ တရားရှာသော ယောဂီ များသည်။ ကာယေ၊ ခြေမှ ခေါင်းဆုံး, တကိုယ်လုံးကို သိမ်းကြုံးဖေါ်ပြ ဤကိုယ်ကာယကြီး၌။ ကာယာနုပဿီ၊ ကောဋ္ဌာသ အရပ်ရပ် ပွားနည်းစုံ ဆင်တပ်လျက် အထပ်ထပ် ရှုပွားလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ အချိန်ရှိသမျှမလစ်ရအောင် နေကြလေတော့၏။

၂။ အင်္ဂပစ္စင်္ဂါနံ ကေသာဒီနဥ္စ၊ ဓမ္မာနံ သမူဟာဋ္ဌေန၊
ကုစ္ဆိတာနံ, အာယာဋ္ဌေနကာယော။

အင်္ဂပစ္စင်္ဂါနဥ္စ၊ အင်္ဂါကြီးငယ် အသွယ်သွယ် တို့၏ရင်း။ ကေသာဒီနံ၊ ဆံပင်, မွေးညှင်း အစရှိကုန်သော။ ဓမ္မာနံ၊ ခေတ်ကြီးလေးပါး ရုပ်တရားတို့၏။ သမူဟာဋ္ဌေန၊ ဆိုင်ရာ စုဆောင်း တည်နေအောင်းတဲ့ အပေါင်းဟူသော အနက် ကြောင့်ရင်း။ ကုစ္ဆိတာနံ၊ မတင့်တယ် ရွံရှာဘွယ်, စက်ဆုတ် ဘွယ်ဖြစ်ကုန်သော သဘောတို့၏။ အာယဋ္ဌေန၊ တည်ရာ မှီရာ ဖြစ်ပေါ်ရာ အနက်ကြောင့်ရင်း။ ကာယော၊ ပညတ် အစားစား ခေါ်ဆိုထားတဲ့ ထင်ရှားသော ကာယ မည် ပါပေ၏။

၃။ ကာယေ ကာယာနုပဿနာ ပဋ္ဌိပဒံ၊ ပဋ္ဌိပန္နော၊
ဘိက္ခု၊ ရူပကာယံ၊ အနိစ္စာ နုပဿနာ ဒိန်၊
သတ္တန္နံ၊ အနုပဿနာနံ ဝသေန အနုပဿတိ။

ကာယေ၊ ခြေမှခေါင်းဆုံး, တကိုယ်လုံးသာ သိမ်းကြုံး
ခေါ်ကြ ကိုယ်ကာယကြီး၌။ ကာယာနုပဿနာ ပဋ္ဌိပဒံ၊
ကောဋ္ဌာသအရပ်ရပ် ပွားနည်းစုံ ဆင်တပ်၍ အထပ်ထပ်ရှုပွား
အကျင့်တရားတွေကို။ ပဋ္ဌိပန္နော၊ အချိန်ရှိသရွေ့ သတိမမေ့ဘဲ
ကျင့်လေ့ ပွားရှုလေ့ရှိသော။ ဘိက္ခု၊ ဘေးကိုရှုတတ် ယောဂီ
မြတ်သည်။ ရူပကာယံ၊ ကောဋ္ဌာသ ထိုထို ပေါင်းစုခိုတဲ့
ဤကိုယ်ကြီးကို။ အနိစ္စာနုပဿနာ ဒိန်၊ မမြဲမှု အတန်တန်
ဉာဏ်ဖြင့်ဝေဘန်၍၊ အဖန်ဖန်ရှုပွားခြင်း အစရှိကုန်သော၊
သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ အနုပဿနာနံ၊ အချိန်တိုင်း
မလပ်မိုက်မှားတွေပြတ်အောင် အထပ်ထပ် ရှုပွားခြင်း ဝိဇ္ဇာ
ဉာဏ်တို့၏။ ဝသေန၊ နေ့ညကြိုးပမ်း ဉာဏ်စဉ်လမ်း၏ အစွမ်း
အားဖြင့်။ အနုပဿတိ၊ သတိနဲ့ ဉာဏ် တွဲယှဉ်ဖန်လျက်
သန်သန်ကြီး ရှုပွားနေတော့၏။

၄။ ကထံ ရူပံ ကာယံ အနိစ္စတော အနုပဿတိ နော
နိစ္စတော၊ ဒုက္ခတော အနုပဿတိ, နော သုခတော၊ အနတ္တ
တော အနုပဿတိ နော အတ္တတော၊ နိဗ္ဗိန္ဒတိ နော နန္ဒတိ
ဝိရဇ္ဇတိ, နော ရဇ္ဇတိ, နိရောဓေတိ, နော သမုဒေတိ, ပဋိနိဿဇ္ဇတိ,
နော အာဒိယတိ။

ကထံ၊ အဘယ်သို့များ ဉာဏ်စဉ်အားဖြင့် ရှုပွား နေပါ
သနည်း။ ရူပကာယံ၊ ခေတ်ကြီး လေးပါး စုတည်နားတဲ့

ထင်ရှားသော ဤကိုယ်ကြီးကို။ အနိစ္စတော၊ ဖြစ်ပျက်ဆောင်ဆွဲ တသဲသဲမို့ မမြဲဖြစ်သောအားဖြင့်။ အနုပဿတိ၊ ကိလေသာဓာတ် ကြားမညှပ်အောင် အထပ်တပ် ရှုပွားနေတော့၏။ နိစ္စတော၊ မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်သော အနေအားဖြင့်။ နောပဿတိ၊ မရှုမကြည့် မမြင်တော့ပါပေ။ ဒုက္ခတော၊ ဖြစ်, တည်, ပျက်, သဲ, ကြိတ်ချေဆွဲ၍ ဆင်းရဲသောအားဖြင့်။ အနုပဿတိ၊ ၏။ သုခတော၊ ယူမှားမိစွာ, မသမာကြောင့် ချမ်းသာသော အနေအားဖြင့်။ နောပဿတိ၊ မရှုမကြည့် မမြင်ရတော့ပါပေ။ အနတ္တတော၊ လွန်စွာအားကိုးဆောင်သည်ပိုးသော်လဲ အစိုးမရသော အနေအားဖြင့်။ အနုပဿတိ၊ ၏။ အတ္တတော၊ ငါ့ကိုယ်, ငါ့ဟာ, ငါ့ခန္ဓာဟု မိစ္ဆာတည်နား အမြင်မှားဖြင့်။ နောပဿတိ၊ မရှုမကြည့် မမြင်တော့ပါပေ။ နိဗ္ဗိန္ဒတိ၊ ရုပ်, နာမ် ပေါ်သ၍ မပျော်မွေ့နိုင်ဘဲ ငြီးငွေ့နေတော့၏။ နောနန္ဒတိ၊ လွန်စွာစုံမက် မခွာရက်အောင် နှစ်သက်ခြင်း မရှိတော့ပါပေ။ ဝိရဇ္ဇတိ၊ ရုပ်နာမ် ပေါ်ထွက် ဆင်းရဲတက်၍ တပ်မက်ခြင်း ကင်းတော့၏။ နောရဇ္ဇတိ၊ လွန်စွာစုံမက် မပြစ်ရက်အောင် တပ်မက်ခြင်း မရှိတော့ပါပေ။ နိရောဓေတိ၊ ခင်မင်တွယ်တာ, မသာယာလို့ တဏှာ ချုပ်ပျောက်နေတော့၏။ နောသမုဒေတိ တဏှာပွားမှု သဘောစုကို မပြုမလုပ်တော့ပါပေ။ ပဋိနိဿဇ္ဇတိ၊ ကိလေသာဝဋ် ဆင့်ဆင့်ကျွတ်အောင် လွတ်လွတ်ကြီး စွန့်ပယ်နိုင်တော့၏။ နောအာဒိယတိ၊ ထပ်ခါထပ်ခါ ဖြစ်ပေါ်လာအောင် မရှာမယူတော့ပါပေ။

........:O:........

၅။ သော တံကာယံ အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟာတိ။ ။ ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟာတိ။ ။ အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟာတိ။ ။ နိဗ္ဗိန္ဒန္တော နန္ဒိံ ပဇဟာတိ။ ။ ဝိရဇ္ဇန္တော ရာဂံ ပဇဟာတိ။ ။ နိရောဓေန္တော သမုဒယံ ပဇဟာတိ။ ။ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟာတိ။ ။

သော ဘိက္ခု၊ မဂ်ဖိုလ်အောင်ပန်း တက်ယူလှမ်းဘို့ လုပ်ငန်းယုံကြည် ထိုယောဂီသည်။ တံကာယံ၊ ကောဋ္ဌာသ ထိုထို ပေါင်းစုသိုတဲ့ ထိုကိုယ်ကြီးကို။ အနိစ္စတော၊ ဖြစ်ပျက်ဆောင်ဆဲ တသဲသဲမို့ မမြဲသော အားဖြင့်။ အနုပဿန္တော၊ ပွားနည်းစုံဆင်တပ် ကိလေသာ မညှပ်အောင် အထပ်ထပ် ရှုပွားနေသည်ရှိသော်။ နိစ္စသညံ၊ မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်သည်ဟူသော အမှတ်အမှားတွေကို။ ပဇဟာတိ၊ အမှန်သိထား သဘောများကြောင့် ပယ်ရှား စွန့်ခွာ လေတော့၏။ ဒုက္ခတော၊ ဖြင့်။ အနုပဿန္တော၊ ရှုသော။ သုခသညံ၊ ရုပ်နာမ်ဖြစ်ရာ လောင်မီးပါနေ၍ ချမ်းသာတယ်ဟူသော အမှတ်အမှားတွေကို။ ပဇဟာတိ၊ ၏။ အနတ္တတော၊ ဖြင့်။ အနုပဿန္တော၊ ရှိသော်။ အတ္တသညံ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ခန္ဓာဟု မိစ္ဆာလှည့်စား အမှတ်မှားတွေကို။ ပဇဟာတိ၊ ၏။ နိဗ္ဗိန္ဒန္တော၊ ရုပ်နာမ်ပေါ်သ၍ မပျော်မွေ့ဘဲ ငြီးငွေ့အောင် ရှုပွား နေသည်ရှိသော် နန္ဒိံ၊ တပ်မက်ခြင်း အလိလိ ပွားများအောင်မှိုတဲ့ နန္ဒီရာဂတွေကို။ ပဇဟာတိ၊ ၏။ ဝိရဇ္ဇန္တော၊ အာရုံပေါ်ထွက် မနှစ်သက်ဘဲ တပ်မက်ခြင်း ကင်းအောင် ရှုပွားနေသည် ရှိသော်။ ရာဂံ၊ လောင်မီးတမျှ ဆွေးမြေ့ကြစေတဲ့ ရာဂ တရားတွေကို။

ပဇဟာတိ၊ ၏။ နိရောဓေန္တော၊ တကျာကွယ်ပျောက် ချုပ်ခြင်းသို့ ရောက်အောင် အထပ်ထပ် ရှုပွားနေသည့် ရှိသော်။ သမုဒယံ၊ တဏှာအစု ပွားစည်းမှုဖြစ်တဲ့ အားပြု ရှာမှီးခြင်းတွေကို၊ ပဇဟာတိ၊ ၏။ ပဋိနိဿဇ္ဇန္တော၊ ကိလေသာဝဋ္ဋဆင့်ဆင့် ကျွတ်အောင် လွှတ် လွှတ် ကြီး စွန့် ပယ် နိုင် သည် ရှိသော်၊ အာဒါနံ၊ ကိလေသာဟူ တဏှာပူတို့ကို ရှာယူခြင်းများကို။ ပဇဟာတိ၊ အမှန်သိထား သဘောများကြောင့်ပယ်ရှား စွန့်ခွာလေတော့၏။

ယောစ ဣမံပဋိပဇ္ဇတိ၊ သောဘိက္ခု နာမဟောတိ။

ယောစ၊ သိက္ခာမဂ္ဂင် ဆောင်ပွားတင်သည့် အကြင်ယောဂါမြတ်သည်ကား။ ဣမံ ပဋိပဒံ၊ နည်းစုံ သင်ကြားအားထုတ်ပွားသည့် ကြိုးစားမှု ဤအကျင့်တွေကို။ ပဋိပဇ္ဇတိ၊ စရဏဝိဇ္ဇာ အစုံပါအောင် ကောင်းစွာ ကျင့်ဆောင်နေတော့၏။ သောပုဂ္ဂလော၊ ပွားနည်းစုံအလုပ်ကြိုးစား အားထုတ်သည့်ထိုပုဂ္ဂိုလ်မြတ်သည်။ ဘိက္ခုနာမ၊ မိုက်မှား အစု ပြိုအောင်ထုခနုရလေသောကြောင့် ဘိက္ခုမည်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေတော့၏။

……:ဝ:…. . .

## (နိဗ္ဗာန်ဆိုတာ ဘာလဲ)

ကိလေသေ မာရေတီတိမော၊ နိဗ္ဗာနံ ဂစ္ဆတီတိဂေါ။
မောစ သော ဂေါစာတိ မဂ္ဂေါ။ ။ ဝိဂြိုဟ် ဝစနတ်ရဲ့
သဘော၊ ကိလေသာသတ်၊ ကံတွေရပ်၊ ချုပ်ပြတ်ဝိပါကော။

စတူဟာပါယေဟိစ၊ ဝိပ္ပမုတ္တော၊ ဒိဋ္ဌိဝိစိကိစ္ဆာ၊ ပဟာနေန၊ ပဟီနာ ပါယဂမနော။ ။ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မော၊ ဝိဒိတဓမ္မော၊ ပရိယောဂဠှဓမ္မော၊ တိဏ္ဏဝိစိကိစ္ဆော၊ ဝိဂတ ကထံကထော၊ ဝေသာရဇ္ဇပတ္တော၊ အပရပစ္စယော။ သောတာပန္နာရဲ့ သဘောအရ၊ ဟောပြသေအချာ။ ။ဟေ်ယ္ယ်ကော သွားကိုလက်ဆွဲ့ သိုးတဲ့လို့ မယားလဲခေါ် အမေဖါလက်တို့၊ ဗျို လို့ လဲအော်၊ ခေါ်ခေါ်ပြီး ပြတော်မူထိုက်တဲ့ ဂုဏ်အင်္ဂါ။ လာကာရှုကြ ဒယာကရုဏာ၊ ဘဂဝါအတုလ သုဂတဒေသနာ။ သာသနာစည်ပင်ရေးမို့၊ ကိုယ်စီ၊ ကိုယ်စီ အသိဉာဏ်ပေးလို့၊ အပါယ်ဘေးနဲ့ ကင်းဝေးဘို့ရာ။ ။ဗုဒ္ဓအစစ်၊ ပွင့်သည့်ခေတ်လူဖြစ်ရတော်တာ။ ။ဓမ္မအစစ် ဟောသည့်ခေတ်၊ လူဖြစ်ရတော်တာ။ သံဃာအစစ် ပေါ်သည့်ခေတ် လူဖြစ်ရတော်တာ။ သာသနာ အစစ်၊ တည်သည့်ခေတ်၊ လူဖြစ်ရတော်တာ။ ။ဟိုဟိုဒီဒီ ဇီဇျာမချွန်နဲ့ သည်မှာလာကွဲ့ နာလှဲ့ပါ၊ သူတော်ကောင်းအကျင့် တန်ဘိုးမြှင့် တဆင့်တက်ပါ အရိယာ။ သူတော်ကောင်း အကျင့် တန်ဘိုးမြှင့် နှစ်ဆင့် တက်ပါ အရိယာ။ သူတော်ကောင်းအကျင့် တန်ဘိုးမြှင့် သုံးဆင့်တက်ပါ အရိယာ။ လူတော်ကောင်းအကျင့် တန်ဘိုးမြှင့် လေးဆင့်တက်ပါ အရိယာ၊ ။အဲ-သို့မို့ကြောင့်-အ ဇီဝဋ္ဌမက သီတင်းကြီးလေပါး ကိုသာ အခါခါရှာပါ။

ပုပြင်တာ ကံ၊ စိမံ တာက စိတ်၊ ရိပ်မိတဲ့ သဘောကို ဘုရားဟောခဲ့တာ။ သာသနာ ဘယ်မှာလဲလို့၊ အာဂမထဲက သဘာဝ ခွဲဝေပါ၊ သီလ ကျင့်မှန်၊ ဒေါသရန်၊ ပယ်လှန် တွန်းခွါ၊ သာသနာ၊ သမာဓိ ကျင့်မှန်၊ လောဘရန်၊ ပယ်

လှန်တွန်းခွါ, သာသနာ။ ပညာကျင့်မှန်, မောဟရန်, ပယ်
လှန်တွန်းခွါ, သာသနာ။ သာသနာ, ဘာသာရေးမို့ ကြီးကြီး
ငယ်ငယ်, နှယ်မရွေးဘဲ အားပေးသင့်လှတာ။

တဆင့်တက်, တချက်လွတ်၊ တ မဂ်, တ နိဗ္ဗာန်ကိုရှာ။
နှစ်ဆင့်တက်, နှစ်ချက်လွတ်၊ နှစ် မဂ်, နှစ် နိဗ္ဗာန်ကိုရှာ။
သုံးဆင့်တက်, သုံးချက်လွတ်၊ သုံး မဂ်, သုံး နိဗ္ဗာန်ကိုရှာ။

ဝိသုဒ္ဓိမဂ္ဂ ကျမ်းခမ္မ၊ လမ်းပြပါတဲ့ ဒေသနာ သေအချာ။ (သီလက္ခန္ဓနှ၊ ဒေါသက္ခန္ဓံ၊ သမာဓိက္ခန္ဓနှ၊ လောဘက္ခန္ဓံ။ ပညက္ခန္ဓနှ၊ မောဟက္ခန္ဓံ၊ ပဓာလေန္တော၊ အမတံ နိဗ္ဗာနံ သစ္ဆိကရောတိ) သဘောမိဘ်ုိရာ၊ ပညာငါးပါး, မဂ်တံတား လျှောက်သွား နေ့စဉ်သာ။ ။ စိတ်ကို စောင့်ရှောက် ကိလေ ပျောက်၊ မျက်မှောက် နိဗ္ဗာန်ပါ။

…….:o…….

ယောဂီရှစ်ခန်း၊ ဥာဏ်စဉ်လမ်း ကြိုးပမ်းနေ့စဉ်ရှာ။ ။ အစမ်းခန့်ဇလေး အမြဲခလေး၊ ပေါင်းခရေး ရှစ်မျိုးသာ။ ။ ယောဂီရှစ်ဖြာ မသိပါ၊ ရောင်ချာလူဝါးသာ။ ။ယောဂီ ကျင့်ပိုင် တက်ယူနိုင်၊ ပန်းတိုင် မဂ်,ဖိုလ်သာ။ ။ လောဘ အယုတ် ပယ်ကြွင်ဖြုတ်၊ အားထုတ်ယောဂီသာ။ ။ ဒေါသ အယုတ် မောဟအယုတ်….။

## ၁-ဗြဟ္မဏယောဂီ

ယဿကာယေန ဝါစာယ၊ မနသာ နတ္ထိဒုက္ကဋံ။
သံဝုတံ တီဟိဌာနေဟိ၊ တမဟံ ဗြူမိ ဗြဟ္မဏံ။ ။

ယသ္မာ ယောဂကြိုးမိန်းမ မဆိုအကြင်ပုဂ္ဂိုလ်အား။ ကာယေန၊ ကာယကံဒွါရကြ ကာယဒွါရဖြင့်ရင်း။ ဝါစာယ၊ ဝစီကံဒွါရကြ ဝစီဒွါရဖြင့်ရင်း။ မနသာ၊ မနောကံဒွါရကြ မနောဒွါရဖြင့်ရင်း။ ဒုက္ကဋံ၊ ဒုစရိုက်အစု မကောင်းမှုကို အားပြုလိုက်စား မိုက်မှားခြင်းသည်။ နတ္ထိ၊ အကဲခတ်ကြည့် ကောင်းမရှိပါပေ။ တီဟိဌာနေဟိ၊ ကိုယ်နှုတ်စိတ်ထား ကံသုံးပါး ဟူသော ဌာနများတို့ဖြင့်။ သံဝုတံ၊ ဒုစရိုက် အဖြာဖြာ မဝင်လာအောင် ကောင်းစွာ စောင့်စည်းလေ့ရှိသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ထူးကို။ အဟံ၊ သုံးဘုံကိုးစား ငါဘုရားသည်။ ဗြာဟ္မဏံ မကောင်းမှုအဝဝ ပယ်ကြဉ်ချတဲ့ ဗြာဟ္မဏ အစစ်ဟူ၍။ ဗြူမိ၊ အသိဉာဏ် ကျယ်ပွား၊ ကျင့်ဆောင်ထားကြဘို့ ဟောကြားတော် မူလိုက်ပါပေသတည်း။ (ဒုစရိုက်ပေါ်က ကြဉ်ပွားကြ ဗြာဟ္မဏ ယောဂီသာ)

## ၂-သမဏယောဂီ

ယောစ သမေတိ ပါပါနိ၊ အဏုံထူလာနိ သဗ္ဗသော။
သမိတတ္တာဟိ ပါပါနိ။ သမဏောတိ ပဝုစ္စတိ။ ။

ယောစ၊ ကောဋ္ဌာသဆင်ခြင် ပွားနည်းစုံဝင်တဲ့ အကြင်ပုဂ္ဂိုလ်သည်ကား။ သဗ္ဗသော၊ နိဝရဏမှကိမ်း အချင်း ခပ်သိမ်းသော။ အဏုံထူလာနိ၊ အငယ်စား၊ အလတ်စား၊ အကြီးစား ဟု မှတ်သားပြောဆိုလေ့ ရှိကြကုန်သော။ ပါပါနိ၊ နိဝရဏ ငါးဖြာ အယုတ်တမာ တို့ကို။ သမေတိ၊ ဈာန်ကြည်မှုရင့် ဈာန်လေးဆင့်တို့ဖြင့်၊ ပယ်လွင့်ငြိမ်းစေတော်၏။ ပါပါနိ၊ နိဝရဏ ငါးပါး၊ ပိတ်ပင်ဆည်းတားတဲ့ အမှားအယုတ်တို့ကို။

သမိတတ္တာဟိ၊ သမိတတ္တာဝေ၊ ပွား နည်းငါး ပါး၊ ကာယဂတာ တရားဖြင့် ပယ်ရှားငြိမ်းစေသည်၏ အဖြစ်ကြောင့်သာလျှင်။ ယောပုဂ္ဂလော၊ ကောဋ္ဌာသအလုပ် ဉာတပရိညာချုပ်တဲ့ ထိုပုဂ္ဂိုလ်ကို။ သမဏောတိ၊ ငါးပါးသော နိဝရဏမတိုးမကြွသဖြင့် သမဏအစစ်ဟူ၍။ ပဝုစ္စတိ၊ ပညာရှိအများသဘောသွားကို ဟောကြားအပ်လေတော့သတည်း။ (ပရိညာငါးဝ ပွားစိက သမဏယောဂီသာ)

## ၃—ဘိက္ခုယောဂီ

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ၊
အသတာစ နသောစတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။

ယဿပုဂ္ဂလဿ၊ ကောဋ္ဌာသကိုပင် ပွားများမှု ယှဉ်နေတဲ့အကြင်ပုဂ္ဂိုလ်အား။ သဗ္ဗသော၊ သူငါပြတ်ကင်း၊ ဉာဏ်ဩရှင်း၍အချင်းခပ်သိမ်းသာ။ နာမရူပသ္မိံ၊ ဖြစ်ပေါ်ငြိမ်းချုပ် ငါ့သူမဟုတ်တဲ့ နာမ်ရုပ်အစားစား၌။ မမာယိတံ၊ ငါ့ကိုယ့်ငါ့ဟာငါ့ဥစ္စာဟု တွယ်တာစွဲမက် မပြတ်ရက်အောင် နှစ်သက်မြတ်နိုးခြင်းသည်။ နတ္ထိ၊ ပရိညာငါး ပညာအားတို့ကြောင့် ထင်ရှားမရှိတော့ပါပေ။ အသတာစ၊ ချုပ်ပျက်ကုန်စဲ တသဲသဲကြောင့်ခိုင်မြဲသော သဘောမရှိသော်လည်း။ နသောစတိ၊ နာမ်ရုပ်ခွဲညှိုး အပုတ်အောင် မစိုးရိမ်တော့ပါပေ။ သသောပုဂ္ဂလော၊ ကောဋ္ဌာသအလုပ် ကြိုးအားထုတ်တဲ့ ထိုပုဂ္ဂိုလ်မြတ်ကို။ဝေ၊ စင်စစ်ဧကန် အမှန်အားဖြင့်။ ဘိက္ခူတိ၊ ကိလေသာစုပြိုအောင် ထုတတ်တဲ့ ဘိက္ခုအစစ်ဟူ၍။ ဝုစ္စတိ၊ သဘာဝဓာတ်ပုံသေမှတ်ဘို့ ဆိုအပ် ဆိုထိုက်လေတော့သတည်း။

၁။ သိက္ခာသုံးဝ၊ သင်ယူကြ၊ သုတမယဉာဏ်။
၂။ သင်ယူလေ့လာ၊ ကြံတွေးပါ၊ စိန္တာမယဉာဏ်။
၃။ နည်းရှိသမျှ၊ ပွားစီးက၊ ဘာဝနာမယဉာဏ်။
၄။ ပွားရမှာ ပျင်း၊ ညဏ်မလင်း၊ စုန်ဆင်း သံသရာ။
၅။ ပညာငါးခု၊ ထပ်ထပ်ရှု၊ ဘိက္ခုယောဂီသာ။ ။

## ၄–ဉာဏယောဂီ

ယောသဥ္စ သုသမာရဒ္ဓါ၊ နိစ္စံ ကာယဂတာသတိ။
အကိစ္စံ တေ နသေဝန္တိ၊ ကိစ္စေသာတစ္စကာရိနော။
သတာနံ သမ္ပဇာနာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။ ။

ယေသဥ္စ၊ သာသနာသုံးအင်၊ ဆောင်ပွါးယှဉ်သည့်၊ အကြင်ယောဂီတို့အား။ နိစ္စံ၊ အချိန်တိုင်းဘဲ လုပ်ငန်းစဲ့လျက်၊ အမြဲအစဉ်ကြီးသာ။ ကာယဂတာ၊ ကောဋ္ဌာသအစဉ် စိတ်၌ထင်အောင်၊ ဆင်ခြင်သည်၏ အစွမ်းဖြင့် ဖြစ်သော။ သတိ၊ အသစ် အသစ် ထပ်ထပ်ဖြစ်သော်သည်း၊ မလစ်မပား၊ သတိ တရားကို။ သုသမာရဒ္ဓါ၊ ပွားနည်းစုံလေ့လာ ဒိဋ္ဌိကွာအောင်၊ ကောင်းစွာ အားထုတ်နေအပ်၏။ တေဘိက္ခူ၊ ကာယဂတာသတိ၊ ပွားနည်းစုံရှိ၍ ဒိဋ္ဌိမမှိ ထိုယောဂီ တို့သည်၊ အကိစ္စံ၊ သာသနာတော်မှ ဗာဟိရ ဖြစ်တဲ့ ကိစ္စပိုပွား ဘမှုများကို။ နသေဝန္တိ၊ တွေ့တိုင်း ရှောင်လွှဲ မပြုဘဲကြောင့် မှိဝဲလေ့ မရှိကုန်၊ ကိစ္စေ၊ သာသနာတော် အောင်ပန်း၊ တက် ယူ လှမ်း နိုင် သည့်၊ လုပ်ငန်းကိစ္စ အာဝဝ၌သာ။ သာတစ္စကာရိနော၊ ကိလေသာ အရပ်ရပ် မနားမကပ်ရအောင် မပြတ် ပြု လေ့ ရှိကြ ကုန် ၏။ သတာနံ၊ နေ့ညဆက်စပ် အချိန်မလပ်အောင်၊ မပြတ်ဆည်းပူး

သတိထူး ရှိကြ ကုန်သော၊ သမ္ပဇာနာနံ၊ ပညာ ငါးအင် ပွား များယှဉ်၍ မျှော်မြင်တိုင်းထွာ၊ ဉာဏ်ပညာရှိကြကုန်သော။ တေသံ၊ ကာယကိုမူတည် နည်းစုံမှီလို့ ယောဂီခေါ်အပ် ထိုသူမြတ်တို့အား။ အာသဝါ၊ ဆင်းရဲဟူသမျှ စုဆုံကျတဲ့ အာသဝတရားတို့သည်။ အတ္ထံ၊ မပေမလိမ်း မတည်ကိန်းနိုင်ဘဲချုပ်ငြိမ်းကွယ်ပျောက်ခြင်းသို့။ ဂစ္ဆန္တိ၊ နည်းစုံပွားကြ သဘာဝကြောင့်၊ မုချပုံသေ ရောက်ရလေကုန်တော့သတည်း။ (ဆဲ့ခြောက်ဆင့်မျှ ဉာဏ်စဉ်ရ ဉာဏယောဂီသာ။)

၁။ အနုဗောဓယောဂီ၊လျှော်စွာသိခြင်း။ ပဋိဝေဓယောဂီ ထိုးထွင်း၍ သိခြင်း။

၂။ ယောဂီရှစ်ပါး ဉာဏ်စဉ်ပွား၊မှတ်သားဆဲ့ခြောက်ဖြာ။

၃။ အကုသိုလ်ယုတ်ပယ်ကြဉ်ဖြုတ်အားထုတ်ယောဂီသာ။

၄။ ပြုကောင်း ပြောကောင်း၊ အကြံကောင်းမှ ဗြဟ္မာခေါ်ကြ ယောဂီသာ။

၅။ ရှက်ကြောက် နှစ်ပါး၊ ကိုယ်ဥ္စနား၊ ပယ်ရှား ဗြဟ္မာ။

၆။ ပုဂ္ဂိုလ်မရွေး၊ ဒုစရိုက်ဘေး၊ ရှောင်ပေး ယောဂီသာ။

၇။ သက်ရှည်ဆင်းလှ၊ ဘေးကင်း၍ မြတ်စွာ့အမျိုး ဘုန်းတန်ခိုး၊ ပြည့်ဖြိုးကြွယ်ဝ ဗြဟ္မာ။

၈။ ကုသိုလ်အစုံ ကောင်းကျိုးဟုံ၊ ပြည့်စုံ ဂဋ္ဌာယ။

၉။ ဒုစရိုက်အဆက်ဆက် ကုန်တိုက်ဖျက် နှစ်သက်ကန္တာယ။

၁၀။ စိတ်ကောင်း အားလုံး အပြည့်ဖုံး၊ နှလုံးကြည်သာ မနာပါ။

၁၁။ မဂ်ဖိုလ်ကောင်းကျိုး ပွားစီးတိုး အားကိုး ဟိတာယ။

၁၂။ အပါယ်လေးရွာ မရောက်ပါ ချမ်းသာသုခါယ။
၁၃။ သတိဉာဏ်ကြွ အမှန်ရ ဉာဏ ယောဂီသာ။
၁၄။ အကြောင်းတိုက်ဆိုံ၊ အကျိုးဟု ပေါ်တုံရုပ်နာမ်သာ။
၁၅။ ရုပ်နာမ်ဓမ္မ သင်္ခါရ အနိစ္စ....ဒုက္ခ....အနတ္တာ။
၁၆။ ဟိတ်ကောင်းသုံးခုတည်လာမှု အနုလောမဉာဏ်။
၁၇။ ယောဂီလုပ်ငန်း၊ ဉာဏ်စဉ်လမ်း၊ ကြိုးပမ်းနေ့စဉ်ရှာ။

## ဒေသနာဓမ္မစက်'ထ'လေးချက်ပိုင်
## နိဗ္ဗာန်တိုင်ဂါထာ

အရဗ္ဘထ နိက္ကမထ၊ ယုဥ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနောသေနံ၊ နာဠာဂါရံဝ ကုဥ္ဇရော။ ။

ဘိက္ခဝေ၊ တေဝိဇ္ဇာခေတ် လူလာဖြစ်ကြတဲ့ အို....ချစ်သား ချစ်သမီးတို့။ တုမှေ၊ အသစ်အသစ် မဂ်ဉာဏ်ဖြစ်အောင် စီစစ် ကြိုးစား သင်ချစ်သား.... ချစ်သမီးတို့သည်။ ဗုဒ္ဓသာသနေ ဘုရားမြတ်စွာ ဆုံးမ ပါတဲ့ သုံးဖြာသော သာသနာတော်မြတ်ကြီး၌။ အာရဗ္ဘထ၊ လွန်ကြူးမှုနောက်ဆုတ်၊ ဒုစရိုက်ပြုတ်အောင် အားထုတ်လိုက်ကြပါကုန်လော့။ အာရဗ္ဘထ၊ သစ္စာငါးချက် ဆောင်ပွားတက်၍ မည်းနက်တန်တန် ဒုစရိုက်ကံတွေကို၊ ပယ်လှန်တိုက်ဖျက် လိုက်ကြပါကုန်လော့။ နိက္ကမထ၊ ခင်မင်သာယာ လွန့်ငယ်တာတဲ့၊ တဏှာလက်တွင်းမှ လွတ်ကင်းဘို့ရာ တင်းတင်းမာမာ နည်းငါးဖြာကို မကွာနေ့ည လေ့လာလိုက်ကြပါကုန်လော့။ ယုဥ္ဇထ၊ ဒိဋ္ဌိငါးဖြာ မြင်မှားကွာအောင် ပညာငါးတန် လုပ်ငန်းမှန်ကို၊ သန်သန်ကြီး ပွား

များလိုက်ကြပါကုန်။ ကုဋ္ဌရော၊ အင်အားပွားစီး ဆင်ပြောင်ကြီးသည်။ နာဂလာဂါရုံ၊ ကြူထရံယှဉ်းယှိအိမ်ဆွေးအိုတွေကို။ ဓုနာတိက္ကဝ၊ မှုန့်မှုန့် ညက်ညက် ပျောက်ကျေပျက်အောင် တိုက်ဖျက်ယှဉ်းသွေ နှင်းခြေဘိသကဲ့သို့။ တုမေ့၊ မဂ္ဂင်အလုပ် နောက်မဆုတ်ရှဲ လောကုတ်နယ်သွား သင်ယောဂီများတို့သည်။ မစ္စုနော၊ သေမင်းသမုတ် သေအောင်လုပ်တဲ့ ကံယုတ်ဖြင့်ပြီး သေမင်းကြီး၏။ သေနံ၊ တကျာအညစ် ဆွဲဆောင်တိုင်းဖြစ်နေတဲ့ သေမင်းစစ်သား ကံယုတ်အစားစားတွေကို။ ဓုနာထ၊ ပဟာန်သုံးချက် အရိယာ လက်နက်ဖြင့်၊ ဆက်ခါ ဆက်ခါ တိုက်ဖျက်လိုက်ကြပါကုန်လော့။ ။

အချိန်မကုန် လူမပန်း နိဗ္ဗာန်ဆို ရွှေဘုံနန်း၊စံမြန်းနိုင်ဘို့ပင်၊ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အမှား ကိုယ်ပြင် အမှောင်ခွင်းလို့ အလင်းကိုဝင်၊ ကိုယ်လင်းချင်ရင် လင်းဘို့ပင်။ ယင်းသို့လျှင် ဘုရားဟော။ အမှားသဘောလဲ စိတ်ကြောင့်ပင်။ အမှန်သဘောလဲ စိတ်ကြောင့်ပင်၊ (မကောင်းအစဉ်... ပြင်ခဏတဲ့) ပြောကြထာဝစဉ်၊ တယ်မဝေးဘူးလွယ်ကလေးနိဗ္ဗာန်ပင်။ ကိုးကွယ်ဆည်းကပ် ဤလေးရပ် ပိုင်းဖြတ်သိညာဏ်သောတာပန်။ ကိုးရမှာက ရတနာ-ကွယ်ရမှာက-ကံသုံးဖြာ-ဆည်းရမှာကကိလေသာ-ကပ်ရမှာက သုံးသိက္ခာ-။

## နောက်ဆုံးမိတ်အိတ်နဲ့ လွယ်သရဏဂုံသုံးသွယ်

(၁) ဗုဒ္ဓံသရဏံဂစ္ဆာမိ။ ။ အဟံ၊ အရိယာ နယ်ကျူးအကျင့်ထူးကို ဆည်းပူး မေ့လျော် ဘုရားတပည့်တော်သည်။ ဗုဒ္ဓံ၊ အမြင်အထင်တွင်မက အကြည် အကျင့် အဆင့်ဆင့်

သောဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ သရဏ၊ ကိုးတာတသွယ်, ကွယ်တာတခြား, ပြည့်စုံအောင် ကြိုးစားတော့သည်ဖြစ်ပါ၍။ ဂစ္ဆာမိ၊ ဆည်းခြင်းသုံးရပ် ကပ်ခြင်းသုံးသွယ်, အဓိပ္ပါယ်ကို နားလည်၍သော ဆည်းကပ်ပါ၏။ အရှင်ဘုရား။ ။ (ဦးတကြိမ်ချ ပူဇော်)

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။ ။ အဟံ၊ အရိယာနယ်ကူး အကျင့်ထူးကို ဆည်ပူးခံမွှ လျော် ဘုရားတပည့်တော်သည်။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန် တရားတော်မြတ်ကို၊ သရဏ၊ ကိုးတာတသွယ်, ကွယ်တာတခြား, ပြည့်စုံအောင် ကြိုးစားတော့သည် ဖြစ်ပါ၍။ ဂစ္ဆာမိ၊ ဆည်းခြင်းသုံးရပ်, ကပ်ခြင်းသုံးသွယ်, အဓိပ္ပါယ်ကို နားလည်၍သော ဆည်းကပ်ပါ၏ အရှင်ဘုရား။ ။ (ဦးတကြိမ်ချ ပူဇော်)

(၃) သံဃံ သရဏံ ဂစ္ဆာမိ၊ အဟံ။ ။အရိယာ နယ်ကူး အကျင့်ထူးကို ဆည်းပူးမွေ့လျော် ဘုရားတပည့်တော်သည်။ သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက် အရိယာ မြတ်သံဃာကို။ သရဏံ၊ 'ကိုး' တာတသွယ် 'ကွယ်' တာတခြား၊ ပြည့်စုံအောင် ကြိုးစားတော့သည်ဖြစ်ပါ၍။ ဂစ္ဆာမိ၊ 'ဆည်း' ခြင်းသုံးရပ် 'ကပ်' ခြင်းသုံးသွယ်,အဓိပ္ပါယ်ကို နားလည်၍သော ဆည်းကပ်ပါ၏ အရှင်ဘုရား။ ။ (ဦးတကြိမ်ချ ပူဇော်)

(သရဏပုဒ်အရ'ကိုး' တာတသွယ်၊ 'ကွယ်'တာ တခြား ပြည့်စုံအောင် ကြိုးစားပုံ။)

(၁) သဒ္ဓါကြည်ညို။ (၂) ရှိခိုးခါရယ်။ (၃) ဆွမ်းသက်နိုး, ကျောင်း,ဆေး, ပစ္စည်းလေးပါးနဲ့ 'ကိုး'ရမယ်။

## ကာယကံ ၃ ပါး, ၄-ပါး

(၁) ပါဏာတိပါတာ ဝေရမဏီ။ ။ သတ်မှုတွေ 'ကွယ်' ရမယ်။
(၂) အဒိန္နာဒါနာ ဝေရမဏီ။ ။ ခိုးမှုတွေ 'ကွယ်' ရမယ်။
(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ။ ။လူ့ကြံ့မှုတွေ 'ကွယ်' ရမယ်။
(၄) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ။ ။သောက်စားမှုတွေ 'ကွယ်' ရမယ်။
(ကာယကံ, ကာယဒွာရိုက်ကိုယ်မိုက်တွေ 'ကွယ်' ရမယ် 'ကို'နဲ့ 'ကွယ်'နဲ့ပေါင်း)

(၁) သဒ္ဒါကြည်ညို။ (၂) ရှိခိုးခါရယ်။ (၃) ဆွမ်းသက်နိုး, ကျောင်း, ဆေး, ပစ္စည်းလေးပါးနဲ့ 'ကိုး' ရမယ်။

## ဝစီကံ ၄-ပါး

(၁) မုသာဝါဒါ ဝေရမဏီ။ လိမ်မှုတွေ 'ကွယ်' ရမယ်။
(၂) ပိသုဏာဝါစာ ဝေရမဏီ။ ။ ဂုံးတိုက်မှုတွေ 'ကွယ်' ရမယ်။
(၃) ဖရုသာဝါစာ ဝေရမဏီ။ ။ ကြမ်းတမ်းမှုတွေ 'ကွယ်' ရမယ်။
(၄) သမ္ဖပ္ပလာပ ဝါစာ ဝေရမဏီ။ ။ ပြိန်ဖျင်း စကားပြောကြားမှုတွေ 'ကွယ်' ရမယ်။
(ဝစီကံ, ဝစီ ဒွာရိုက် နှုတ်မိုက်တွေ 'ကွယ်' ရမယ်။ 'ကိုး' နဲ့ 'ကွယ်'နဲ့ပေါင်း။)

(၁) သဒ္ဒါကြည်ညို။ (၂) ရှိခိုးခါရယ်။ (၃) ဆွမ်းသက်နိုး, ကျောင်း, ဆေး, ပစ္စည်းလေးပါးနဲ့ 'ကိုး' ရမယ်။

## မနောကံ ၃-ပါးနှင့် မိစ္ဆာအာဇီဝ

(၁) အဘိဇ္ဈာ ဝေရမဏီ။ ။ မကောင်း ကြံမှုတွေ 'ကွယ်' ရမယ်။

(၂) ဗျာပါဒါ ဝေရမဏီ။ ။ရန်ညိုးဖွဲ့မှုတွေ 'ကွယ်' ရမယ်။

(၃) မိစ္ဆာဒိဋ္ဌိ ဝေရမဏီ။မှားသောအယူတွေ 'ကွယ်' ရမယ်။

(၄) မိစ္ဆာအာဇီဝါ ဝေရမဏီ။ ။ အသက်မွေး မှားမှုတွေ 'ကွယ်' ရမယ်။

(မနောကံ, မနောဒုစရိုက် စိတ်မိုက်တွေ 'ကွယ်' ရမယ်။
'ကိုး' နဲ့ 'ကွယ်' နဲ့ ပေါင်း)
'ကိုး' တာ တသွယ်၊ 'ကွယ်' တာ တခြား၊ သတိထား ဉာဏ်သွား လိမ်မာစေ....၂။
ကိုးလို့ မကွယ်, လေးအပါယ် ရောက်မယ်ကေန္တ။

## ဂစ္ဆာမိ, ပုဒ်အရ 'ဆည်း' ခြင်းသုံးရပ် 'ကပ်' ခြင်းသုံးသွယ် အဓိပ္ပါယ်မှာ

(၁) ဒေါသ,သည်၊ ဟေတု ပစ္စယ ကမ္မ သတ္တိဖြင့် ငရဲဘုံသို့ ကျေးဇူးပြုတတ်သောကြောင့် 'ဆည်း' ရမည်။ ဒေါသ 'ဆည်း' ချင်လျှင်အဓိသီလကိုကပ် (ဆည်းကပ်) (ဒေါသကိုပင်) ဆည်းချင်လျှင် နေ့စဉ်ကပ်ကြ ဓိသီလ....၂။)

(၂) လောဘ,သည် ဟေတုပစ္စယ ကမ္မသတ္တိဖြင့် ပြိတ္တာဘုံသို့ကျေးဇူးပြုတတ်သောကြောင့် 'ဆည်း' ရမည်။ လောဘ, ဆည်းချင်လျှင် အဓိစိတ္တကိုကပ်(ဆည်းကပ်) (လောဘကိုပင် ဆည်းချင်လျှင် (နေ့စဉ်ကပ်ကြ ဓိစိတ္တ ...၂။)

(၃)မောဟသည်၊ ဟေတုပစ္စယ ကမ္မသတ္တိဖြင့် တိရစ္ဆာန် ဘုံသို့ ကျေးဇူးပြုတတ်သောကြောင့် ဆည်းရမည်။ မောဟ ဆည်းချင်လျှင် အဓိပညာကိုကပ် (ဆည်းကပ်) (မောဟကိုပင် ဆည်းချင်လျှင် နေ့စဉ်ကပ်ပါ ဓိပညာ....၂)။

'ဆည်းခြင်းသုံးရပ်၊ 'ကပ်' ခြင်းသုံးသွယ်၊ အဓိပ္ပါယ် နား လည်ကြပြန် မင်္ဂညာဏ်, ဖိုလ်ပေါက်, နိဗ္ဗာန်ရောက်, သံသရာမှ လွန်ထွက်မြောက်။

-----o-------

## သရဏဂုံဆိုင်ရာဂီတကဗျာ

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ ဓမ္မံသရဏံ ဂစ္ဆာမိ။ သံဃံသရဏံ ဂစ္ဆာမိ။ သဝေမပါ ကိုးဂါထာ နှစ်ခါပြန်မှ ဋ္ဌာရသအစုံ သရဏဂုံသုံးသွယ်။ အဘိ....အတိ....ခရေ....ကော, ဓမ္မော, အဘိ ဓမ္မောအရ အလွန်တရာမှ သိမ်မွေ့နက်နဲ ခက်ခဲ ဆန်းကြယ်၊ ဝိမုတ္တိယုဂခေတ်။ ဟေတုပစ္စယော.... သဘောကျစေဘွယ်၊ (ပေမှာတသီး, ကြီးမှာတသား, ကျားမှာတဘန်) သုံးတန် ဝိရတီ အာဇီဝဋ္ဌမက ဂိဟိဝိနယ သီလက္ခန္ဓနယ်။ (သရဏပုဒ်) အရမယ်။ 'ကိုး' ပုံ 'ကွယ်' ပုံနှစ်စိတ်ကွဲရင် အပါယ်လေးရပ်နဲ့ သေခန်းဖြတ်နိုင်တယ်။ (သိပယ်) အခွံကိုခွာ၊ အကာကိုပစ်၊ အနှစ်ကိုယူ၊ အဆီကိုသုံးရမယ်၊ ဗုဒ္ဓမြတ်စွာ သာသနာဝယ်၊ မသိသူကျော်သွား, သိသူဖေါ်စား ထိုစကားအများ (သတိ) ပြုဘွယ်။

(မြတ်ရာမူလ, မှတ်ခါယူမှ, ယထာဘူတ,နယ်။ စေ့စေ့ တွေးမှ၊ ရေးရေးလေး ပေါ်နိုင်တယ်...၂)၊ သရဏဂုံဆို ထိုတရား ယောင်ခါပွားတော့၊ ဘီလူးစားလဲ လွတ်ရတယ်။

ဗုဒ္ဓဝင်ကျမ်းထွက် လမ်းမပျက် မှန်တကယ်။ ဘာသာမရွေး အကျိုးပေး ဖြူဖွေးပါတဲ့ သာသနာတော်ဝယ်။ လူမျိုးမရွေး အကျိုးပေး ဖြူဖွေးပါတဲ့ သာသနာတော်ဝယ်။ အရွယ်မရွေး အကျိုးပေး ဖြူဖွေးပါတဲ့ သာသနာတော်ဝယ်။ သား, သမီး, မြေးမြစ်အသွယ်၊ ငယ်ရွယ်သူလေးတွေမို့ ကြင်နာတဲ့ အရေးကြောင့် သင်ခါလဲပေးကြရမယ်။ သိ, ယယ်, ပွား, ချုပ် သဘော ဟုတ်, သော ကုပ်နိဗ္ဗာန်နယ်....။

........:ဝ:........

## ဒုစရိုက်ဆယ်ပါး ပေါ်ပုံကား မှတ်သားလေ့လာ ဤသို့သာ

ရှင်, ဒိန်, လေ, မု၊ ပိသုဒ္ဓယ ကေမိစ္ဆာ၊ ငါးထောင်ပါက ဖရုသ ကြမ်းလှ ထိုဝါစာ။ ။ နှစ်ထောင့်ငါးရာမျ၊ ခေတ် သမယဥ္၊ ဖြစ်သ ဘိဇ္ဇာ, ဗျာပါ၊ နှစ်ထောင်ခါရှိ, မှားဒိဋ္ဌိ, ပြေဘိ သမ္ဖပ္ပလာ။ ။ သုပ္ပါဒထယျ ကျမ်းဓမ္မ, ဟောပြသေအချော။ သင်္ခါရမည်ရ, အပုည, ဆယ်ဝ ဒုစရိတာ။ ။ အကြောင်းနှစ်မျိုး အကျိုးနှစ်ခု (သတိပြု) သိမှု သောဘာပန်။

ကမ္မဿ ကာရကောနတ္ထိ၊ ဝိပါကဿ ဝေဒကော၊
သုဒ္ဓ ဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။ ။

မရှိဘာသိ၊ မှားမငြိ၊ ဒိဋ္ဌိမှောင်အောင်းကွာ။ ။ ရုပ်နာမ် သာရှိ, ယုံကြည်ဘိ၊ ဝိစိပြတ်သည်သာ။ ။ ဒုစရိုက်မလုပ် အတ္တပြုတ်၊ နာမ် ရုပ် သိပြန်၊ သောတာပန်။ ။ သိကြား ပြဟ္မာ၊ မြတ်ရှာရှင်ရင်း၊ မဖန်ဆင်း၊ လောမင်း ကိုယ်စီပါ။ လက်ချိုးရေတွက်၊ ထမင်းချက်၊ သေရက်စောင့်နေတာ။ ။ ခန္ဓာပြိုကွဲ၊ သေမှာဘဲ၊ သေရဲအောင်သာ ကြိုးစားပါ။

## သံဝေဂအခြေဥဇ္ဇုရသာမကောသူ့ဖြစ်တွေ

ဟိုယခင်....ရှေးဘဝက၊ ပြေးကြ၊ လွှားကြ၊ ကစားကြတဲ့ ကလေးလူမမယ်၊ ကျောင်းသားအရွယ်၊ ဥတ္တရဆို့၊ ထိုအလောင်းမှာ၊ ကာယကံလဲ၊ မကောင်းခဲ့တယ်၊ ဝစီကံလဲ၊ မကောင်းခဲ့ကယ်၊ မနောကံလဲ၊ မကောင်းခဲ့တယ်၊ အကြောင်းအမြစ်ကလဲ အကျိုးအပြစ် မကင်းတယ်၊ မှန်ခုံတင်ကြည့်.... သင်၏ပုံသို့နှယ်။ ။ သံသရာဝဋ်ဘေး၊ မလွတ်သေးတဲ့အခါဝယ် သတ္တဝါများ၊ သနားသင့်လှတယ်၊ ကျေးသားငယ် တိရစ္ဆာန်မျိုးကို၊ စိတ်အကြံဆိုးနဲ့၊ တံစို့ ထိုးခဲ့ကယ်၊ ဘဝများစွာ ငါးရာ အမှန်ပ တကယ်....ခံရတယ်၊ ညီသယ်၊ ညီမသယ် တူသယ်၊ တူမသယ်၊ ပုပု-ရွှရွှဟူသမျှ တို့ရယ်၊ ဥတ္တရ၊ လိုမပူရအောင်၊ သူက၊ ငါက၊ တွင်တွင် ချင့်လို့၊ ဆင်ခြင်သင့်လေတယ်။

ယုတ်ညံ့ယယ်ရှင်း အခမ့ကင်း၍၊ မှားယွင်း ဖြတ်ပယ်၊ ဖြစ်ပျက် နယ်ကြောက်၊ ညဏ်ထူးရောက်၊ မျက်မှောက်နိဗ္ဗာန်သာ။

ဟီနံဓမ္မံ နသေဝေယျ၊ ပမာဒေန နသံဝသေ၊
မိစ္ဆာဒိဋ္ဌိ နသေဝေယျ၊ နသိယာ လောကဝဍ္ဎနော။

ဘိက္ခဝေ၊ ကိလေသာသတ်၊ နိဗ္ဗာန်ကပ်ဘို့၊ အမြတ်ရှာမို့၊ အို....ယောဂီတို့။ ဟီနံ၊ ယုတ်ညံ့ခြင်း အကြောင်း အပါယ်အောင်းတတ်၍ မကောင်းသည့်သာဖြစ်သော။ ဓမ္မံ၊ ပုထုဇန်ကိုက် ဒုစရိုက် ဖြစ်တဲ့ အမိုက်တရားတွေကို။ နသေဝေယျ၊ တွေ့ကြုံကိုင်းဘဲ ရှောင်ကြဉ်လွှဲ၍ မှီဝဲခြင်း မပြုကောင်းပေရာ။

ပမာဒေန၊ ပရိညာငါးပါး ပွားနည်းများကို ပယ်ရှားမေ့လျော့နေကြသဖြင့်၊ နသံဝသေ၊ ကာမဂုဏ်ဆွဲ၊ အယူသွဲ၍ အကျင့်လွဲအောင် မှိုဝဲခြင်း မပြုကောင်းကြလေရာ။ မိစ္ဆာဒိဋ္ဌိံ၊ မှားယွင်းမှုအတန်တန် လမ်းမမှန်တဲ့ ဖေါက်ပြန်သော မိစ္ဆာ တရားတွေကို။ နသေဝေယျ၊ ပွားနည်းစုံကဲ ပညာတွဲ၍ မှိုဝဲခြင်း မပြုကောင်းကြပေရာ။ ဝါ၊ အပါယ်ဆင်းရဲ ဆောင် ယူ ဆွဲမည်ကြောင့် မှိုဝဲခြင်း မပြုကောင်းကြပေရာ။ လောကဝဍ္ဎနော၊ တဏှာမူလ ကံလေးဝကြောင့် ခန္ဓာ ဟူသမျှ ဆင်းရဲလှတဲ့ လောကကို အကျယ်ပွားစေသည်။ နသိယာ၊ သစ္စာလေးရစ် သဘောစစ်ပါက မဖြစ်သင့်၊ မ ဖြစ် ကောင်း လေရာတော့သတည်း။

ပရိဇိဏ္ဏာ မိဒံရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုရံ၊
ဘိဇ္ဇတိ ပုတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

သဇ္ဇနာ၊ ရာဂပွားစည်း၊ ပယ်ဖြတ်နည်းကို ရှာမှီးလိုလား အို...လူများတို့။ ဣဒံရူပံ၊ သူ့ကိုယ်၊ ငါ့ကိုယ် ထင်တိုင်းဆိုနေတဲ့ ဤကိုယ်ကောင် ရုပ်ခေတ်ကြီးသည်။ ပရိဇိဏ္ဏံ၊ ဆွေးမြေ့ ဟောင်းမြင်း လျှောကျဆင်းအောင် အိုမင်း ရင့်ရော် တတ်ပါပေ၏။ ရောဂနိဍ္ဍံ၊ ခေတ်အားလျော်စွာ ဘေးရောဂါတို့ ဝင်လာမစဲ တသဲသဲနှင့် အမြဲဘည်နားရာ အိမ်ဂေဟာကြီးနှင့် တူလှပါပေ၏။ ပဘင်္ဂုရံ၊ ကြည့်ရှုနေရင်း ပုံစံကင်းအောင် ယိုယွင်း ပျက်စီး တတ်ပါပေ၏။ ပုတိသံ၊ သန့်ရှင်းစင်ကြယ်ဘို့အလုပ် အမြဲတန်း အားထုတ် နေပါ သော်လဲဟောင်ပုပ်နံညှီ၊ မသဒိစရာ အစားစား အဆင့်ဆင့် ပွားလာ

တော့သည်ဖြစ်၍။ ဒေဟော၊ အဖိုနှင့် တူအောင်၊ အမနှင့် တူအောင် ပုံဟန်ဆောင်နေတဲ့ ကိုယ်ကောင်ကာယ ကောဋ္ဌာသ သည်။ ဘိဇ္ဇတိ၊ ပြိုရင်းပြင်ရင်း နိမ့်ကျဆင်းလျက် ချွတ်ယွင်း ပျက်စီးရသည်ဖြစ်လတံ့။ (ဟိ) သဘာဝရင့်ညက်ဖြင့် ချင့်ပါ က အသင့်ကြီးသင့်လှပါပေ၏။ ဇီဝိတံ၊ အဟောင်းကုန်ပျက်၊ အသစ်ဆက်နေတဲ့ ရုပ်သက်၊ နာမ်သက်တွေသည်။ မရဏန္တံ၊ စက်ရပ်တဲ့ ပုံနှုံး ကွဲကြေပျောက်တုံးလျက် သေဆုံးခြင်းသို့ ကပ်ခါ အပြီးသတ်ရရှာလေတော့သတည်း။

........း၀း........

## မဂ္ဂင်ရထား လက်ာ မြန်မာဂါထာ

၁။ မဂ္ဂင်ယာဉ်ကြီး၊ မစီးသူတွေ
ရန်သူ့လက်တွင်း ကျဆင်းရောက်နေ
အို၊နာ၊သေရေး၊ ရန်ဘေးထွေထွေ
မလွတ်ကင်း၊ ဝဋ္ဋခင်းသံသာရှည်။

၂။ မဂ္ဂင်ရထား၊ လိုက်ငြားသူတွေ
ရန်သူ့လက်က၊ လွတ်ရမသွေ
အို၊နာ၊သေရေး၊ ရန်ဘေးထွေထွေ
လွှက်မြောက်ကင်း၊ အောင်ခြင်းနိဗ္ဗူပြေ။

၁။ မဂ္ဂင်ရှစ်ပါး၊ အပေါင်းအား၊ ရထားမှတ်ကြပါ။
၂။ လာကြ၊လာကြ၊ ဝေနေယျ၊ဒီကထွက်မည်သာ။
၃။ တဘူတဘ္ဘ၊ တခါဆိုက်၊ လိုက်ကြပျော်စရာ။
၄။ မဆင်းချင်ဘဲ၊ တရှောက်ထဲ၊ စွဲမြဲလိုက်ကြပါ။

၅။ ဘုတာလေးသွယ်၊ မဂ်လမ်းဝယ်၊ ပျော်ဘွယ်ကောင်း
လှပါ။
၆။ ဉာဏ်ခလုတ်၊ သုံးခွန်းမှတ်၊ ထွက်ခုတ် သွားမည်သာ။
၇။ လက်မှတ်ပါမှ၊ တက်ခွင့်ရ ဗုဒ္ဓ မိန့်အာဏာ။

……:o:……

## မဂ္ဂင်သစ္စာ ပွါးပြီးသိမ်းရန်

ရာဂါဒိ အဂ္ဂိဇာလယေဟိ၊ ဒဍှကာယံ၊ မဟာဇနံ
နိဗ္ဗာပေသိ နရာနာထော၊ အဋ္ဌမဂ္ဂင် ဝါရိနာ
ဧတေန သစ္စဝဇ္ဇေန၊ နိရောဂါဟောန္တုသာဓဝေါ။

ရာဂါဒိ-အဂ္ဂိဇာလေဟိ၊ ရာဂ, ဒေါသ, မောဟ, တရားမီး သုံး ပါး တို့သည် မနား မရပ်, ကြွားမလပ်ကောင် မပြတ်တောက်လောင် မီးလျှံရောင် တို့ဖြင့်၊ ဝဍှကာယံ၊ နေ့ညမစဲအပူသဲ၍ ဆင်းရဲပင်ပန်း မရှင် လန်း သော ကိုယ်ရှိ နေကြကုန်သော။ မဟာဇနံ ပုထုဇန်ဟူ မိုက်ခေါက်ထူတဲ့ နတ်လူအပေါင်းကို၊ ဝါ၊ ပုထုဇန်ဇာတိ, အနွယ်မပြတ်တဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေကို။ နရာ နာထော၊ ဗြဟ္မာ, နတ်, လူ သုံးဘုံ သူတို့ ကြည်ဖြူကိုးစား မြတ်ဘုရားကြီးသည်။ အဋ္ဌမဂ္ဂင်ဝါရိနာ၊ ကိလေသာနှင် နိဗ္ဗာန်ဝင်သည့် မဂ္ဂင် ရေအေးအမြိုက်ဆေးကို တိုက်ကျွေး တော် မူသဖြင့်။ နိဗ္ဗာ ပေသိ၊ အဓိသီလဖြင့် ဒေါသကိုပယ်, အဓိစိတ္တဖြင့် လောဘကိုပယ်၊ အဓိ ပညာဖြင့် မောဟကိုပယ်, ပူမီးကွယ်အောင် ငြိမ်းကြယ်စွာ ဆွတ်ဖျန်းတော် မူလေပြီ။ ဧတေန သစ္စာဝဇ္ဇေန၊ ဤသို့နတ်သံ ဖေါ်ထုတ်ပြန်၍ ဟုတ်မှန်သော စကားသစ္စာ များကို

မြွက်ကြား ပြောဆို ရလေသောကြောင့်။ သာမဝေါ၊ မဂ္ဂသစ္စာ ပွားပြီးဆဲ အခါ၌ ဝိဇ္ဇာတည်အောင်း သင်သူတော်ကောင်းတို့သည်၊ နိရောဂါ၊ ကိလေသာခေတ် ရောဂါပြတ်၍ ဥပါဒ်မတွယ် အန္တရာယ် အပေါင်း မတည် အောင်းဘဲ မကောင်းဟူသမျှ ဘေးဘယတို့ မကျ လွတ်ကင်း ကွယ်ပျောက်ရှင်းကြ ကုန်သည်။ ဟောန္တု၊ မဂ်, ဖိုလ် ဗိဇ ကိုယ်စီရအောင် မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာဖြင့်

## ရတနာသုံးပါးအား ပူဇော်ပုံ

အဟံ၊ ဘုရား တပည့်တော်သည်။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ လောကုတ္တရာ တရား ကိုးပါး, အားလျော်သော ဒါနပါရမီ မင်္ဂလာသုံးပါး၊ သီလပါရမီ မင်္ဂလာသုံးပါး၊ နိက္ခမပါရမီ မင်္ဂလာသုံးပါး၊ ပညာပါရမီ အချုပ်ထား အပ်သော ဤပဋိပတ် အကျင့်တရားဖြင့် ဗုဒ္ဓံ၊ သုံးဘုံထွဋ်ထား, သဗ္ဗညုမြတ်စွာ ဘုရားကို။ ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် တရားတော်မြတ်ကို။ သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန် လေးယောက် ရှစ်ယောက် အရိယာ မြတ်သံဃာကို- ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ
ဇရာမရဏမှာ ပရိမုစ္စိဿာမိ-

အဟံ၊ ဘုရား တပည့်တော်သည်။ ဣမာယ, ပဋိပတ္တိယာ လောကုတ္တရာ တရား ကိုးပါး အားလျော်သော ဒါန ပါရမီ

မင်္ဂလာသုံးပါး၊ သီလပါရမီ မင်္ဂလာ သုံးပါး၊ နိက္ခမပါရမီ မင်္ဂလာသုံးပါး၊ ပညာ ပါရမီ အချုပ်ထားအပ်သော ဤပဋိပတ်အကျင့်တရားကြောင့်။ အဒ္ဓါ၊ မချွတ်မလွဲ။ ဇရာမရဏာမှာ၊ အိုခြင်း၊ သေခြင်း ဘေးခပင်းမှ။ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။ (သာဓု....၃)

ဝိမုတ္တိယုဂ ဓမ္မသဘာဝ အလင်းပြကျမ်းသည်၊ မကျဉ်းမကျယ် ဤဝယ် ပဋ္ဌမဆင့် အဆုံးသတ်ပါပြီ။ ကောင်းမြတ်သော စိတ်ထားဖြင့် ကြည့်ရှုတော် မူနိုင်ကြပါစေသောဝ်။

----:o:-----

# ဓမ္မစက္ကပဝတ္တနသုတ်
## ပါဠိတော်နိဿျ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊ ဣသိပတန နာမကေ၊
မိဂဒါယေ ဓမ္မဝရံ၊ ယန္တံ နိဗ္ဗာန ပါပကံ။

သဟံပတိ နာမကေန၊ မဟာဗြဟ္မုန ယာစိတော၊
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။

နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိ သာဓကံ၊
သဗ္ဗလောက ဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမဟေ။ ။

စတုသစ္စံ၊ ဒု,သ,နိ,မ, ဓမ္မပေါင်းရုံး, ကျင့်သုံးအညီ ပါရမီ မင်္ဂလာ အရိယာတရား, သစ္စာလေးပါးကို ပကာသေန္တော၊ လောကီ, လောကုတ္တရာ ချင်းရာ ၁၂-ပါး ကံကတ္တားဖြင့် အပွားကုန်စင်, အာသဝက္ခယ ကိန်းဝင်အောင် ထင်ရှားစွာ ပြတော်မူတတ်သော။ လောကနာထော၊ လူ သုံး ပါး တို့၏ ကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဟံပတိ နာမကေန၊ သဟံပတိ အမည်ရှိသော။ မဟာဗြဟ္မုန၊ ဗြဟ္မာ ကြီး သည်။ ယာစိတော၊ သုံး မျိုး သုံးစား ကြာအလားသို့ သဒ္ဓါတရား ထက်သန် လက္ခံလိုသူများဗိုလ်လူတို့၏အတွက် အာသဝက္ခယ, ပရိကံကို အသိဉာဏ် ပေးသင့်ကြောင်းဖြင့် ရှေ့တော်မှာ ခဝမ်ညောင်း

လျက် ရှိသေစွာ တောင်းပန် အပ်သည် ဖြစ်၍။ ဣသိပတနေ၊ သီလက္ခန္ဓ, စသည့် ကျေးဇူး ဂုဏ်အ ထူးကို ဆည်းပူး ကြသား, ဘုန်းစသည် အလီလီပေါင်း သူတော် ကောင်း တို့ ကိန်းအောင်းမွေ့လျော် စံပျော်ရာ ဖြစ်၍ ဣသိပတန အမည်ရသော။ မိဂဒါယေ၊ သား ငှက် ခပင်း, ဘေးရန်ကင်းကြောင်း, မင်းကောင်း မင်းမြတ် အာဏာ ခတ်၍ သတ်မှတ် နယ်ကျေး ဖေးမ ပေးရာ မိဂဒါဝုန် ပန်းမျိုးစုံသည့် မြိုင်ရုဂ်၌။ ပဉ္စဝဂ္ဂိနံ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနမ်, အဿဇိဟု ငါးယောက် အစု ပြုနေမှုကြောင့် ခေါ်မှတ်ငြိ, ပဉ္စဝဂ္ဂိ အမည်ရှိကုန်သော။ ဘိက္ခူနံ၊ ခန္ဓာ ဝန်ဘေး အလွန်လေး၍ မြင်တွေး ကြောက်တတ် အဆွေ ခင်ပွန်း သီတင်းသုံးဖော် ဖြစ်ကုန်သော ရဟန်းမြတ်တို့အား။ နိဗ္ဗာနပါပကံ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း ရာမှန် လောကုတ္တရာ, နေရဗာန်သို့ ကေန် ရောက် စေတတ်သော။ ဓမ္မဝရံ၊ ပါရမီ မင်္ဂလာ သစ္စာလေးပါး အခမ်းအနားဖြစ်၍ မြတ်သော။ ယံ ဓမ္မစက္ကံ၊ အကြွင်စတုသစ္စ, ပကာသန ဓမ္မစကြာ ပါရမီ မင်္ဂလာ တရားတော်ကို။ အဒေသယိ၊ ရွှေနှုတ်တော် ကြာ ကုမုဒ်မှ မိန့်ထုတ်၍ ဟောတော်မူပြီ။ ။ သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းဥဿုံ အလုံးစုံ အရပ်ရပ် များလှ သောင်းသောင်း နတ်ဗြဟ္မာ, အပေါင်းတို့သည်။ နန္ဒိတံ၊ နှစ်သက်အပ်သော။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော တေဘုမ္မိက, စတုဘုမ္မိက, လောက၏ အကျိုးစီးပွား အလို့ငှာ။ ဒေသိတံ၊ သာယာမြွက်ဖော်, ဟောကြား တော်မူအပ်သော။ သဗ္ဗသမ္ပတ္တိသာကေံ၊ အလုံးစုံသော လောကီ လောကုတ္တရာ

စည်းစိမ်,ဥစ္စာ ရတနာ ရွှေ, ငွေ အထွေထွေတို့နှင့် ပြည့်စုံခြင်း
ကို ပြီးစေတတ်သော။ တံဓမ္မစက္ကံ၊ ထိုစတုသစ္စ ပကာသန
ဓမ္မစကြာ ပါရမီမင်္ဂလာ တရားတော်ကို။ ဟော၊ အို....ပါရမီ
မင်္ဂလာ, မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် သူတော်စင်.... အရှင်
ကောင်းတို့။ မယံ၊ ခန္ဒါငါးဝ ဒွတ္တိံသကို ကိုယ်ဟုသမုတ်
အကျွန်ုပ်တို့သည်။ ဘဏာမ၊ ဘဝသံသရာ အဏ္ဏဝါမှ မြန်စွာ
ထွက်မြောက် နိဗ္ဗာန်ရောက်အောင် ပြောင်ပြောင်ကြီး ရွတ်ပွား
သရဇ္ဈာယ် ကျင့်ကြံပါကုန်အံ့သတည်း။

## အယုတ်တရားနှစ်ပါးကိုပြခြင်းအကြောင်း

ဧဝံမေသုတံ ဧကံသမယံ၊ ဘဂဝါ ဗာရာဏသိယံ
ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

ဘန္တေ၊ ပဌမသံဂါယနာတင်, ကျေးဇူးတော်ရှင် အရှင်
မဟာကဿပ ကိုယ်တော်မြတ်ဘုရား။ ဣဒံသုတ္တံ၊ ဤစတု
သစ္စ ပကာသန ဓမ္မစက္က ပဝတ္တနသုတ် ပါဠိတော်မြတ်ကို။
မေမယာ၊ အကျွန်ုပ် အာနန္ဒာ မထေရ်သည်။ ဘဂဝတော၊
ဘုန်းတော် ခြောက်ပါး တည်ရှိနားသည့် ဘုရားရှင်
ကိုယ်တော်မြတ်ကြီး၏။ သမ္မုခါ၊ 'ဆည်း' 'ကပ်' ခ, ရောက်
မျက်မှောက် ခံတွင်းတော်မှ။ ဧဝံ၊ ဤသို့ လျှောက်ထား
လတံ့သော နည်းအတိုင်း။ သုတံ၊ ကြားနာလိုက်ရပါသည်
ဘုရား။ သုတံ၊ သောတာပန် တည်လိုက်ရပါသည် ဘုရား။
ဥပလက္ခိတံ၊ မှတ်လိုက် ရပါသည် ဘုရား။ ဥပလက္ခိတံ၊
မြေလက်ခတ်တီး အမြဲမှုချ မှတ်လိုက်ရပါသည်ဘုရား။ ဥပ
ဓာရိတံ၊ ဆောင်လိုက်ရပါသည်ဘုရား။ ဥပဓာရိတံ၊ ပိဋကတ်

ဥပဒေသသူ့အခြေဟု အသေအချာမှတ်သား၍ ဆောင်ထား လိုက်ရပါသည်ဘုရား။ ကော်သမယံ၊ ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့ ဘုရားဖြစ်တော်မူသည်မှ သုံးလခန့်ကာလ တပါးသော အခါသမယ၌။ ဘဂဝါ၊ ရွှေဘုန်းတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ ဗာရာဏသိယံ၊ ဗာရာဏသီ သည် ခေါ်မိုး ပြည်တော်ကြီး၏အနီး၌။ ဣသိပတနေ၊ သီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးကြသား ဘုရား စသည် အလီလီပေါင်း သူတော်ကောင်းတို့ ကိန်းအောင်း မွေ့လျော် စံပျော်ရာဖြစ်၍။ ဣသိပတန အမည်ရသော။ မိဂ ဒါယေ၊ သားငှက် ခပင်း ဘေးရန် ကင်းကြောင်း မင်း ကောင်း မင်းမြတ် အာဏာ ခတ်၍ သတ်မှတ် နယ်ကျေး ဘေးမဲ့ပေးရာ မိဂဒါဝုန် ပန်းမျိုးစုံသည့် မြိုင်ရဂုံ၌။ ဝိဟရ တိ၊ မဟာကရုဏာမြတ်, သမာပတ်ကို အထပ်ထပ် အခါခါ ဝင်စားတော် မူလျက်သာ သီတင်းသုံး နေတော်မူပါ၏ ဘုရား။

တတြာခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ၊ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော၊ အနရိယော အနတ္ထ သံဟိတော ။ ယောစာယံ အတ္တကိလမထာ နုယောဂေါ ။ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

တတြခေါ၊ ထိုဣသိပတန အမည်ရသည့် မိဂဒါဝုန် ပန်းမျိုးစုံသည့် မြိုင်ရဂုံဝယ်, တင့်တယ်စွာလျှ သီတင်းသုံး

နေတော်မူသော အခါသမယ၌။ ဘဂဝါ၊ ရွှေဘုန်းတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ ။ ပဉ္စဝဂ္ဂိယေ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်,အဿဇိ ဟု ငါးယောက် အစု ပြုနေမူကြောင့် ခေါ်မှတ်ညီ, ပဉ္စဝဂ္ဂိ အမည်ရှိကုန် သော။ ဘိက္ခူ၊ ခန္ဓာဝန်ဘေးအလွန်လေး၍မြင်တွေးကြောက် တတ် အဆွေ ခင်ပွန်း, သိတင်းသုံးဘော် ဖြစ်ကုန်သော ရဟန်းမြတ်တို့ကို။ အာမန္တေသိ၊ ရွှေနှုတ်တော်, ကြာကုမုဒ်မှ မိန့်ထုတ်ခေါ်ပြီး ဖြေညှင်းသာယာ ကောင်းမွန်စွာ တိုင် ပင်တော်မူ၏။ ။ ဘိက္ခဝေ၊ ခန္ဓာဝန်ဘေး အလွန်လေး သည်ကို မြင်တွေးကြောက်တတ် အဆွေ ခင်ပွန်း သိတင်း သုံးဘော်ဖြစ်ကုန်သော ရဟန်းမြတ်တို့။ ပဗ္ဗဇိတေန၊ မုတ် ဆိတ် ဆံလို, ဖန်ဝတ်ဆည်း၍ ကိုယ်တည်းပျော်မူ လော ကုတ္တရာလမ်း, လွန်ကြီးပမ်းလျက် ရဟန်းပြုသောသူသည်။ ဣမေဒွေအန္တာ၊ ဤအစွန်းသမုတ်, အယုတ်ခေါ်ပြား တရား နှစ်ပါးတို့ကို။ နသေဝိတဗ္ဗာ၊ မှီဝဲချဉ်းကပ် မကျင့်အပ်ကုန်။ ဒွေအန္တာ၊ အစွန်းသမုတ် အယုတ်ခေါ်ပြား တရားနှစ်ပါး တို့ဟူသည်။ ကတမေ၊ အဘယ်တရားတို့ပါနည်း....။

(၁) ဟီနော၊ စက်ဆုတ်စရာ ယုတ်မာလှစွာသော။ ဂါမ္မော၊ ကာမဂုဏ်လိုက်စား, မြို့ရွာသူ, မြို့ရွာသားတို့၏ အမြဲလက်သုံး ကျင့်ထုံးဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုပုရွရွ မွမွအမှန်, ခန္ဓာကြီးပွား ဒုက္ခများရန်, ပုထုဇန်တို့၏အလေ့ အကျင့်ဖြစ်သော။ အနရိယော၊ ကာမဂုဏ်ကင်း, ကိလေသာရှင်း ၍ စင်ကြယ်ခြင်းရှိသော အရိယာတို့၏ အလေ့အကျင့်

မဟုတ်သော။ အနုတ္တသံဟိတော၊ လောကီ…လောကုတ္တရာ မဘက်, သက်သက် အကျိုး စီးပွားနှင့် မစပ် ယှဉ်သော။ ကာမေသု၊ အဆင်းစသား ငါးပါးအာရုံ ဝတ္ထုကာမဂုဏ်တို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ကာမဂုဏ်ငါးဖြာ, လူချမ်းသာဟု အခါခါစွဲသန် အမှားကြံလျက် ဆန္ဒရာဂပြင်းထန်လှ၍ ကိလေသာ ကာမနှင့် စပ်ယှဉ်သော ချမ်း သာကို သာယာလိုက်စား, အားထုတ်ခြင်းရှိသော။ ယောစာယံ အန္တော၊ အကြင်အစွန်းသမုတ် အယုတ်ခေါ်ငြား တရား လည်းတပါး….။

(၂) ဒုက္ခော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမဖက်, ဆင်းရဲ သက်သက် မျှသာဖြစ်သော။ အနရိယော၊ ကာမဂုဏ်ကင်း ကိလေရှင်း၍ စင်ကြယ်ခြင်းရှိသော အရိယာတို့၏ အလေ့ အကျင့်မဟုတ်သော။ အနတ္တသံဟိတော၊ လောကီ, လော ကုတ္တရာ မဘက်, သက်သက် အကျိုးစီးပွားနှင့် မစပ်ယှဉ် သော။ အတ္တကိလမထာနုယောဂေါ၊ ရေချိုး,မီးလှူ, ဆူးပုံ အိပ်ခြင်း စသော အလုပ်တို့ဖြင့် ရုပ်,နာမ်ဟုဆို မိမိကိုယ်ကို မိမိနှိပ်စက် ညှဉ်းပန်း ညှိုးနွမ်းအောင်သာ အားထုတ်ခြင်း ရှိသော။ ယောစာယံ အန္တော၊ အကြင်အစွန်းသမုတ် အယုတ် ခေါ်ငြား တရားလည်းတပါး….။

ဒွေအန္တာ၊ အစွန်းသမုတ် အယုတ်ခေါ်ငြား, တရားနှစ် ပါးတို့ဟူသည်။ ဣမေ၊ ဤတရားတို့ပါတည်း။

……..:o:……..

# မဇ္ဈိမပဋိပဒါကိုပြခြင်းအကြောင်း

ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ၊ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏ ကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဘိက္ခဝေ၊ ခန္ဓာဝန်ဘေး, အလွန်လေးသည်ကို မြင်တွေး ကြောက်တတ်, အဆွေခင်ပွန်း, သီတင်းသုံးဘော် ဖြစ်ကုန်သော ရဟန်းမြတ်တို့။ ဧတေခေါ ဥဘောအန္တေ၊ ထိုအစွန်းသမုတ် အယုတ်ခေါ်ခြား ကာမသုခလ္လိကာ နုယောဂ၊ အတ္တကိလ မထာ နုယောဂ တရားနှစ်ပါးတို့ကို။ အနုပဂမ္မ၊ တွေ့ကြုံ တိုင်းပင် သတိယှဉ်လျက် စိတ်ထင်သမျှ မပြုမကပ်ကြမူ၍။ တထာဂတေန၊ ဂင်္ဂါယဝါဠုကာ သယမ္ဘူအနန္တ, သမန္တ စက္ခုသဗ္ဗညု အဆက်ဆက်တို့နှင့် မပျက်တူစွာ အသိဉာဏ် လာသော သင်တို့ဆရာ, ငါဘုရားသည်။ ယာမဇ္ဈိမာပဋိပဒါ၊ အကြင် အစွန်းသမုတ် အယုတ်ခေါ်ခြား၊ ကာမသုခလ္လိကာ နုယောဂ၊ အတ္တကိလမထာနုယောဂ တရားနှစ်ပါးတို့၏ အလယ် အလတ်အကျင့်မြတ်ကို။ အဘိသမ္ဗုဒ္ဓါ၊ သဗ္ဗညုတ ဉာဏ လျှံဝင်း, ရောင်အလင်းဖြင့် ဖေါက်ထွင်း၍သာ ရှေးဦးစွာ သိတော် မူအပ်ပြီ။ သာမဇ္ဈိမာပဋိပဒါ၊ ထိုအစွန်းသမုတ် အယုတ်ခေါ်ခြား ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလ မထာနုယောဂ, တရားနှစ်ပါးတို့နှင့် အလယ်အလတ် အကျင့် မြတ်သည်။ စက္ခုကရဏီ၊ သစ္စာလေးတန်, အမှန်မြင်မှု ဉာဏ်

စက္ခုကိုလည်း ပြုတတ်ပေ၏။ ဉာဏကရဏီ၊ သစ္စာဉာဏ် ပွင့်လင်း၍ သိခြင်းကိုလည်း ပြုတတ်ပေ၏။ ဥပသမာယ၊ လက်ရှိပစ္စုပ္ပန်ခန္ဓာ၌, ကိလေသာ ဟောင်း, သစ်, မဖြစ်ဘဲချုပ်ငြိမ်းသော မဂ်ကိစ္စဖြင့် သဥပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအကျိုးငှာ။ ဥပသမာယ, သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ အလောဘ, အဒေါသ, အမောဟ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ စိတ်, စေတသိက်တို့၏ တဆဲ့သေးခါတိုင်တိုင် ငြိမ်းချမ်းသာယာခြင်းအကျိုးငှာ။ အဘိညာယ၊ သစ္စာဉာဏ်ကွန့်မြူး၍အထူးသဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန်တရားမှန်ကို ဧကန်တိတိ ကောင်းစွာ သိခြင်းငှာ။ သမ္ဗောဓာယ၊ သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိ သတိနှင့် အိန္ဒြေ, သမ္ဗောဓိအင်္ဂါကို အကြွ, အညသိစေခြင်းအကျိုးငှာ။ နိဗ္ဗာနာယ ဒုက္ခသိမ်း ခန္ဓာဝန်လက်စ ငြိမ်းတဲ့ အနုပါဒိသေသနိဗ္ဗာန်ဟူသော အကျိုးငှာ၊ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။ သံဝတ္တတိ၊ သန်သန်မာမာ ကောင်းစွာ ဖြစ်၏၊ သံဝတ္တတိ၊ သယမ္ဘူဉာဏ်ဖြင့် သိမ္မိုနက်သလို မပျက်မစီး အပြီးတိုင် ဧကန်အမှန်ဖြစ်၏။

........:o:........

## (မဂ္ဂင်ရှစ်ပါးကိုပြခြင်း)

ကတမာစ သာဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိ

ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ–သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။

ဘိက္ခဝေ၊ ခန္ဓာဝန်ဘေး အလွန်လေးသည်ကို, မြင်တွေး ကြောက်တတ် အဆွေခင်ပွန်း သိတင်းသုံးဘော် ဖြစ်ကုန်သော ရဟန်းမြတ်တို့။ တထာ ဂတေန၊ ဂင်္ဂါယ ဝါဠုကံ သယမ္ဘူ အနန္တ, သမန္တစက္ခု သဗ္ဗညု အဆက်ဆက်တို့နှင့် မပျက်တူစွာ အသိဉာဏ်လာသော သင်တို့ဆရာ, ငါဘုရားသည်။ ယာမဇ္ဈိမာ ပဋိပဒါ၊ အကြွင်းအစွန်း သမုတ် အယုတ်ခေါ်ငြား ကာမသုခလ္လိကာ နုယောဂ, အတ္တကိလမထာ နုယောဂ တရားနှစ်ပါးတို့၏ အလယ် အလတ် အကျင့်မြတ်ကို။ အဘိသမ္ဗုဒ္ဓါ၊ သဗ္ဗညုတဉာဏ်လျှံဝင်း ရောင်အလင်းဖြင့် ပေါက်ထွင်း၍သာ ရှေးဦးစွာ သိတော်မူအပ်ပြီ။ သာမဇ္ဈိမာ ပဋိပဒါ၊ ထိုအစွန်းသမုတ်, အယုတ်ခေါ်ငြား ကာမသုခလ္လိကာ နုယောဂ, အတ္တကိလမထာ နုယောဂ တရားနှစ်ပါးတို့၏ အလယ် အလတ် အကျင့်မြတ်သည်။ စက္ခုကရဏီ၊ သစ္စာလေးတန်, အမှန်မြင်မှု ဉာဏ်စက္ခုကိုလည်း ပြုတတ်ပေ၏။ ဉာဏကရဏီ၊ သစ္စာဉာဏ် ပွင့်လင်း၍ သိခြင်းကိုလည်း ပြုတတ်ပေ၏။ ဥပသမာယ၊ လက်ရှိ ပစ္စုပ္ပန် ခန္ဓာ၌ ကိလေသာ ဟောင်း, သစ် မဖြစ်ဘဲ ချုပ်ငြိမ်းသော မဂ်ကိစ္စဖြင့် သဉပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးငှါ။ ဝါ၊ စိတ်, စေတသိက် တို့၏ တဆဲ့လေးခါ တိုင်တိုင် ငြိမ်းချမ်းသာယာခြင်းအကျိုးငှါ။ အဘိညာယ၊ သစ္စာဉာဏ် ကွန့်မြူး၍

အထူးသဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါး တရားမှန်ကို အကုန်တိတိ ကောင်းစွာသိခြင်းငှာ။ သမ္ဗောဓာယ၊ သဒ္ဓါနှင့်ပညာ, ဝီရိယနှင့်သမာဓိ, သတိနှင့်ဣန္ဒြေ သမ္ဗောဓိ အဖြေကို အကြေ,အညာသိစေခြင်း အကျိုးငှာ။ နိဗ္ဗာနာယ၊ ဒုက္ခခပ်သိမ်း, ခန္ဓာဝန်, လက်စဖြိမ်းတဲ့ အနုပါဒိသေသ နိဗ္ဗာန်ဟူသော အကျိုးငှာ။ သံဝတ္တတိ၊ သယမ္ဘူညာဏ်ဖြင့် သိမှု နှက်သလို မပျက်မစီး အပြီးတိုင် အကုန်အမှန်ဖြစ်၏။

သာမဏ္ဏမှာငွိပဒါ၊ ထိုအစွန်းသမုတ်, အယုတ်ခေါ်ပြော ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာ နုယောဂတရား နှစ်ပါးတို့၏ အလယ်အလတ် အကျင့်မြတ်ဟူသည်။ ကတမာစ၊ အဘယ်တရားတို့ပါနည်း။

အရိယော' ကိလေသာ ဖြူစင်, အရိယာရှင်တို့၏ အမြဲ လက်သုံး ကျင့်ထုံးဖြစ်၍မြတ်သော။ အဋ္ဌင်္ဂိကော၊ အာဇီဝဋ္ဌမက အဓိသီလအဘိ သမ္မာစာရိက အင်္ဂါရှစ်ပါးနှင့် ပိုင်းခြားအပ် သော။ အယမေဝမဂ္ဂေါ၊ ဤနိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်း ခရီးဟောင်းကြီးသည်။ အတ္ထိ၊ စင်စစ်ကေန် အမှန်ရှိ၏။ ဣဒံ မဂ္ဂင်၊ ဤကိလေသာ ဆယ်ပါးကို ပယ်နိုင်ခြင်း အကြောင်း ဖြစ်သော နိဗ္ဗာန် ရောက်ကြောင်း မဂ်လမ်း ခရီးဟောင်းကြီး ဟူသည်။ သေယျထာကတမံ၊ အဘယ်တရားတို့ပါနည်း။

(၁) သမ္မာဒိဋ္ဌိ၊ ဒု,သိ, သ,ပယ်၊ နိ, မျက်, မဂ်,ပွား,လေး ပါးကိစ္စ သဘာဝကို ဒိဋ္ဌကေန် အမှန် မြင်ခြင်း တပါး။ (၂) သမ္မာသင်္ကပ္ပ၊ ဝတ္ထုကိလေ, နှစ်ထွေကာမ ဗျာပါဒ တဖြာ ဝိဟိံသာဟူ.... ဤလေးခုမှ ထွက်မြောက်မှု ရရန်ကို အမှန်ကြံခြင်းတပါ။ (၃) သမ္မာဝါစာ၊ မုသာ, ပိသု, ဖရု

သမ္ဘပ်, ဤလေးရပ် ပယ်ဖြတ်ဖျက်ဖြိုး အမှန်ကိုဆိုခြင်းတပါး။ (၄) သမ္မာကမ္မန္တာ၊ ပါ, ဒိန်, ကာမေ, သုရာမေရဟု လေးထွေပယ်ဖြတ် မပြတ်ရှောင်မှု အမှန်ကို ပြုခြင်းတပါး။ (၅) သမ္မာအာဇီဝေါ၊ ဒုစရိုက်တရား ရှောင်ရှားကြဉ်ဖယ် အမှန်စင်ကြယ်သော အသက်မွေးခြင်းတပါး။ (၆) သမ္မာဝါယာမော၊ လေပါးသမ္မပ္ပဓာန် ညီညွတ်ရန် အလုပ်ကို၊ အမှန်ကြိုးစား အားထုတ်ခြင်းတပါး။ (၇) သမ္မာသတိ၊ ကာယ, ဝေဒနာ, စိတ္တာ, ဓမ္မ, လေးဝအာရုံ ခန္ဓာဘုံကိုအကုန် ထင်လာတ် သတိမှတ်ဖြင့် အမြတ်နိဗ္ဗာန် အစွန်ကို အမှန် ထင်ခြင်းတပါး။ (၈) သမ္မာသမာဓိ၊ အနုသယ ပရိယုဋ္ဌာန် တဖန်ဘာဝ အာတန်ကန်ငြိမ်ရသော နိဗ္ဗာန်၌ မဂ်စိတ်ကို အမှန် တည်ထားရခြင်းတပါး။

ဤဒုံ ဓမ္မဇာတ်၊ ဤသို့ယခုဟောပါပြီ အပ်သော သမ္မပ္ပဓာန် ကာကတ္တားသည်။ မဂ္ဂင်၊ တထောင်ငါးရာ ကိလေသာကို ပယ်ခွာစွန့်ပစ် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး ကိုယ်ကျင့်တရားများပါတည်း။

အယံခေါ်သော ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ၊ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဘိက္ခဝေ၊ တို့၊ တထာဂတေန၊ ဂင်္ဂါယာဝါဋ္ဌကြ သယမ္ဘူ အနန္တ၊ သမန္တစက္ခု သဗ္ဗညု အဆက်ဆက်တို့နှင့် မပျက် တူစွာ အသိဉာဏ်လာသော သင်တို့ဆရာ ငါဘုရားသည်။ ယာမဇ္ဈိမာ ပဋိပဒါ၊ အကြင်အစွန်းသမုဘ် အယုတ်ပေါ် ပြား ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာ နုယောဂ

တရားနှစ်ပါးတို့၏ အလယ်အလတ် အကျင့်မြတ်ကို။ အဘိသမ္ဗုဒ္ဓါ၊ သဗ္ဗညုတ ဉာဏ်လျှံဝင်း ရောင်အလင်းဖြင့်ဖေါက်ထွင်း၍သော ရှေးဦးစွာ သိတော်မူအပ်ပြီ။ ဝါ၊ ဒါနမေတံ မယာဂတမဂ္ဂေါ၊ သီလမေတံ မယာဂတာ မဂ္ဂေါ၊ နိက္ခမံယေဝ ပုရေဒွေ၊ ပါရမီမင်္ဂလာ သဘောဒွေ၍ ကံသုံးပါး, ကံဆယ်ပါး အားလျော်စွာ သိတော်မူအပ်ပြီ။အယံခေါ်သောမဇ္ဈိမာပဋိပဒါ၊ ဤအစွန်းသမုတ် အယုတ်ခေါ်ငြား ကာမ သုခလ္လိကာနုယောဂ၊ အတ္တကိလမထာ နုယောဂ တရား နှစ်ပါးတို့၏ အလယ် အလတ် အကျင့်မြတ်သည်။ စက္ခုကရဏီ၊ သစ္စာလေးတန် အမှန်မြင်မှု ဉာဏ်စက္ခုကိုလည်း ပြုတတ်ပေ၏။ ဉာဏကရဏီ၊ သစ္စာဉာဏ် ပွင့်လင်း၍ သိခြင်းကိုလည်း ပြုတတ်ပေ၏။ ဥပသမာယ၊ လက်ရှိ ပစ္စုပ္ပန် ခန္ဓာ၌ ကိလေသာ ဟောင်း,သစ် မဖြစ်ဘဲ ချုပ်ငြိမ်းသော မဂ်ကိစ္စဖြင့် သဉပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးငှာ၊ ဝါ၊ စိတ်စေတသိတ်တို့၏ တဆဲ့လေးခါတိုင်တိုင် ငြိမ်းချမ်းသာယာခြင်း အကျိုးငှာ။ အဘိညာယ၊ သစ္စာဉာဏ် ကွန့်မြူး၍ အထူးသဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိ သတိနှင့် အိန္ဒြေ, သမ္ဗောဓိအဖြေကို [illegible]ကြွေ,အညာသိခြင်း အကျိုးငှာ။ နိဗ္ဗာနယ၊ ဒုက္ခခပ်သိမ်း, ခန္ဓာဝန်လက်ဖငြိမ်းတဲ့ အနုပါဒိသေသ နိဗ္ဗာန်ဟူသော အကျိုးငှာ။ သံဝတ္တတိ၊ သယမ္ဘူဉာဏ်ဖြင့် သိမှုနက်သလို မပျက်မစီး အပြီးတိုင် ဆောင်အမှန်ဖြစ်၏။

....၀....,

# တေဘုမ္မိက ဒုက္ခသစ္စာကိုပြခြင်း

(၁) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ, သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

(၁)ဘိက္ခဝေ၊တို့ ဇာတိပိ၊ စက်ဆုပ်ဘွယ်ကောင်း မိဝမ်းခေါင်း၌ ကိန်းအောင်းသန္ဓေ, တည်နေရခြင်း သည်လည်း။ ဒုက္ခာ၊ သုံးပါးဝဋ်တွင်း မလွတ်ကင်း၍ ဆင်းရဲရခြင်း၏ အကြောင်းဖြစ်၏။ ဇရာပိ၊ မျက်စိ, နှင့်နား ခါးပါးသွားဆံ ဝါးထရုံသို့ ဖေါက်ပြန်ယိုယွင်း ကိုယ်အဆင်းနှင့် အိုမင်းရခြင်းသည်လည်း။ ဒုက္ခာ၊ သုံးပါးဝဋ်တွင်း မလွတ်ကင်း၍ ဆင်းရဲရခြင်း၏အကြောင်းဖြစ်၏။ ဗျာဓိပိ၊ သွေးနှင့် သလိပ် လေနှင့်သည် ခြေ လေးထွေသရ ဓာတ်လေးဝတို့ မမျှ မညီ ဒေါ် မသာ ကျင်နာဒံခက် ကျိန်းစက်ပူပြင်း ဖျားနာရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲထောင်သောင်း တွေ့ကြုံရခြင်း၏ အကြောင်းဖြစ်၏။ မရဏမ္ပိ၊ အာယုက္ခယဥစ္ဆေဒ နှင့် ဇနကမှိန်, ဇီဝိန် ပြတ်ကင်း သေရခြင်းသည်လည်း။ ဒုက္ခံ၊ သုံးပါးဝဋ်တွင်း မလွတ်ကင်း၍ ဆင်းရဲရခြင်း၏ အကြောင်းဖြစ်၏။ အပ္ပိယေဟိ၊ မချစ်ခင်,မမြတ်နိုး ရန်မိုးစေ့တတ်ကုန်သော သတ္တဝါ ဖို့,မ သင်္ခါရတို့နှင့်။ အပ္ပိယေဟိ၊ လိမ္မာလျင်မြင်ဖြင်း ဆင်းရဲလျှင် အားရ, ကြွယ်ဝက မနာလို, ဗြဟ္မာစိုရ် ဓာတ် ပျက်သော သတ္တဝါ ဖို့,မ

သင်္ခါရတို့နှင့်။ သမ္မယောဂေါ၊ သမ္ပယောဂ သင်္ဂဟ ကလျာဏ မိတ်ဆွေပြုရခြင်းသည်။ ဒုက္ခော၊ ငြိုငြင်မလွှဲ ဆင်းရဲပင်ပန်းလှချေ၏။ ပိယေဟိ၊ ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုးအပ်ကုန်သော သတ္တဝါ ဖို မ သင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရှောင်သွေ တစ်ရွာတကျေး ရပ်အဝေးသို့ ခွဲခွာ၍နေရခြင်းသည်လည်း။ ဒုက္ခော၊ နှလုံးကြေကွဲ ဆင်းရဲပင်ပန်းလှချေ၏။ ယံပိစ္ဆံ၊ အကြင်ဇာတိစသော သဘောတရားတို့သည် ငါ့အား မဖြစ်ပါမူကား ကောင်းလေစွ ဟုပတ္ထနာဆု တောင်းဆိုမှုကို။ နလဗ္ဘတိ၊ မဂ္ဂင်ရှစ်ရပ် မဇ္ဈိမပဋိပတ် အလယ်အလတ် အကျင့်မြတ်နှင့် ကင်း၍ မရအပ်။ တမ္ပိ၊ ထိုမဂ္ဂင်ရှစ်ရပ် မဇ္ဈိမ ပဋိပတ် အလယ်အလတ် အကျင့်မြတ်နှင့်ကင်း၍ ဇာတိစသည် အလီလီဒုက္ခဘေးတို့မှ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်ကို ပတ္ထနာဆုကောင်း၊ တောင်း၍မရခြင်းသည်လည်း။ ဒုက္ခံ၊ သုံးပါးဝဋ်တွင်း မလွတ်ကင်း၍ ဆင်းရဲရခြင်း အကြောင်းဖြစ်၏။ သံခိတ္တေန၊ သခေင်္ပ သရုပ်အကျဉ်းချုပ်သောအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာပိ၊ ဥပါဒါန်လေးပါး၏အာရုံ ဘုံခန္ဓာငါးပါးတို့သည်လည်း။ ဒုက္ခာ၊ သုံးပါးဝဋ်တွင်း မလွတ်ကင်း၍ ဆင်းရဲရခြင်း၏ အကြောင်းဖြစ်ကုန်၏။ ဣဒံ ခေါ၊ နု၊ ဓမ္မဇာတံ၊ ဤသို့ယခုဟောဖော်ပြအပ်သော တရားသဘောသည်။ ဒုက္ခံ၊ ဆင်းရဲစင်စစ် ကေန်အမှန်ဖြစ်သော။ အရိယသစ္စံ၊ အရိယာ ပုဂ္ဂိုလ်တို့ ဟုတ်မှန်စွာသိအပ်သော အရိယာသစ္စာမည်ပါပေ၏။

……ဝ……

## တေဘုမ္မိက သမုဒယ သစ္စာကို ပြခြင်း

(၂) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ– တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ၊ တတြ-တတြာ ဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ, ဘဝ တဏှာ, ဝိဘဝတဏှာ။

(၂) ဘိက္ခဝေ၊ တို့။ ယာယံတဏှာ၊ အကြင် သာယာ နှစ်သက် တပ်မက် တတ်သည့် တဏှာ ခေါက်သည်။ ပေါ နောဗ္ဘဝိကာ၊ တဖန် အသစ်ဘဝကို အခါခါ ဖြစ်စေတတ်၏။ နန္ဒီရာဂ သဟဂတာ၊ အလွန်အမင်း ချစ်ခင် စုံမက် တပ်နှစ် သက်၍ မက်မောခြင်းနှင့် တကွ ဖြစ်၏။ တတြ-တတြာ၊ ထိုထို အာရုံ, ထိုထိုဘုံတို့၌၊ အဘိနန္ဒိနီ။ အလွန် အမင်း ချစ်ခင် စုံမက် တပ်နှစ်သက်ခြင်း ဖြစ်၍နေ၏။ ဝါ၊ ပိုးဟောက် တုံး ကြီး ဖြစ်မလောက် လွန်စွာ နှစ်သက်၍ နေ၏၊ ဣဒံ သော တဏှာ၊ ထိုထို အာရုံ, ထိုထိုဘုံတို့၌ မြူခုန်ပြေးလွှား ကျက် စား သာယာ၍နေသော ဤတဏှာသည်။ သေယျထာ ကာတ မာ၊ အဘယ်တရားတို့ပါနည်း။ ကာမတဏှာ၊ အဆင်းစသော ငါးပါးအာရုံ ဝတ္ထုကာမဂုဏ်တို့၌ ခုံမင်စုံမက် တပ်နှစ်သက်၍ နေသော တဏှာရင်း။ ဝါ၊ ကာမသုဂတိ ခုနစ်ဘုံ၌ တပ်နှစ် သက်၍ နေသော တဏှာရင်း။ ဘဝတဏှာ။ ထိုထိုအာရုံ ထို ထိုဘုံတို့၌ အမြဲကေန် အမှန်တည်သည်ဟု အယူရှိ၍ သဿတ ဒိဋ္ဌိနှင့်ယှဉ်သော တဏှာရင်း။ ဝါ၊ သုဒ္ဓါဝါသ ငါးဘုံ ကြဉ် သော ရူပတဆဲ့တဘုံ၌ တပ်နှစ်သက်၍နေသော တဏှာရင်း။ ဝိဘဝတဏှာ၊ သေသည်မှ နောက် ပျောက်၏ဟု အယူရှိ၍ ဥစ္ဆေဒ ဒိဋ္ဌိနှင့် ယှဉ်သော တဏှာရင်း။ ဝါ၊ အရူပလေးဘုံ၌

တပ်နှစ်သက်၍ဖြေနေသော တဏှာရင်း။ ဣဒ ခေါပန ဓမ္မဇာတ်၊ ဤတဏှာသုံးပါး တပ်မက်ခြင်း သဘောတရားသည်။ ဝါ၊ တဏှာသုံးတန် အရင်းခံ အာဂတာသံနှင့်မြောက်၊ တရားရှစ်ဖြာ ကျွန်တဏှာ ကိုယ်မှာ အပြီးရောက်။ ဖို့ မွေးသည့်မျောက် မ, ကိုချောက်၊ မ, မွေးသည့်မျောက် ဖို့ ကိုချောက်၊ သဒက် သ ပေါက် တွေ့တိုင်းကောက်တတ်သည့် တရားရှစ်ယောက်မြောက် သော ရွေးတွင်းပတ် ကျွန်တဏှာသည်။ ဒုက္ခသမုဒယ၊အမျိုး မျိုးသော ဘဝ၌ ဆင်းရဲကိုရခြင်း၏ အကြောင်း ဖြစ်သော။ အရိယသစ္စ၊ အရိယာပုဂ္ဂိုလ်တို့ ဟုတ်မှန်စွာ သိအပ်သော အရိယသစ္စာမည်ပါပေ၏။

………:o:………

## စတုတ္ထမဂ်ကမ္မ,နိရောဓသစ္စာကိုပြခြင်း

(၃) ဣဒ ခေါပန ဘိက္ခဝေ ဒုက္ခ နိရောဓ အရိယသစ္စ၊ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော။

(၃) ဘိက္ခဝေ၊ တို့။ တဿာယေဝတဏှာယ၊ထိုအမျိုးမျိုး သော အာရုံဘုံဘဝတို့၌ တပ်မက်သာယာ တဏှာလောဘ၏ သာလျှင်။ ယော အသေသ ဝိရာဂ နိရောဓော အကြွင်း ဝိရာဂ မဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက် ချုပ်ငြိမ်းခြင်းသည်ရင်း။ ယော စာဂေါ၊ အကြွင် ရက်စက် အမှန် အမြန် စွန့်ခြင်း သည်ရင်း။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်နောက်ထပ် တဖန် ဘဝအသစ် ဘယ်တော့မှ မဖြစ်ရန် အမှန် စွန့်ခြင်းသည်ရင်း။ ယာမုတ္တိ၊ အကြွင် သုံးပါးသော ဝဋ္ဋတွင်းမှ ကျွတ်လွတ်

ထွက်မြောက်ခြင်းသည်ငင်း။ ယောအနာလယော၊ အကြင်တွယ်တာ ကပ်ငြိ မရှိခြင်းသည်ငင်း။ အတ္ထို၊ စင်စစ် ကောန် အမှန်ရှိ၏။ ။ ဣဒံခေါပန ဓမ္မဇာတံ၊ ဤသို့အသီးသီးပြဆို အပ်ပြီးသော သဘာဝတရားသည်။ ဒုက္ခနိရောဓံ၊ အကျိုး ဘဝဝဋ်ဒုက္ခ ချုပ်ငြိမ်းခြင်းရှိသော။ အရိယသစ္စံ၊ အရိယာ ပုဂ္ဂိုလ်တို့ ဟုတ်မှန်စွာ သိအပ်သော အရိယသစ္စာ မည်ပါ ပေ၏။

.........:၀:.........

## စတုတ္ထမဂ္ဂသစ္စာကိုပြခြင်း

(၄) ဣဒံခေါပန ဘိက္ခဝေ ဒုက္ခ, နိရောဓ ဂါမိနိပဋိ ပဒါ အရိယ သစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာ ဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာ ဝါစာ, သမ္မာ ကမ္မန္တော, သမ္မာ အာဇီဝေါ, သမ္မာဝါယာ မော, သမ္မာသတိ သမ္မာသမာဓိ။

(၄) ဘိက္ခဝေ၊ တို့။ အရိယာ၊ ကိလေသာ ဖြူစင်အရိယာ အရှင်တို့၏ အမြဲလက်သုံး ကျင့်ထုံးဖြစ်၍ မြတ်သော။ အဋ္ဌင်္ဂိကော၊ အာဇီဝဋ္ဌမက, အဓိသီလ, အဘိသမ္မာစာရိက, အင်္ဂါ ရှစ်ဌာနဖြင့် ပိုင်းခြားအပ်သော။ အယမေဝမဂ္ဂေါ၊ ဤနိဗ္ဗာန် ရောက်ကြောင်း မဂ်လမ်း ခရီးဟောင်း ကြီးသည်။ အတ္ထိ၊ စင်စစ်ကောန် အမှန်ရှိ၏။ ဣဒံမဂ္ဂင်္ဂံ၊ ဤကိလေသာဆယ်ပါး ကိုပယ်နိုင်ခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်း ခရီး ဟောင်း ကြီး သည်။ ။ သေယျထ ကတမံ၊ အဘယ်တရားတို့ပါနည်း။

(၁) သမ္မာဒိဋ္ဌိ၊ ဒုက္ခံ၊ သိ၊ သ၊ ပယ် ။ပ။တပါး။ (၂) သမ္မာသင်္ကပ္ပေါ၊ ဝတ္ထု၊ ကိလေ၊ နှစ်ထွေ ကာမ ။ပ။ တပါး။ (၃) သမ္မာဝါစာ၊ မုသာ၊ ပိသု၊ ဖရု၊ သမ္ဖပ်။ ပ ။ တပါး။ (၄) သမ္မာကမ္မန္တာ၊ ပါ၊ ဒိန်၊ ကာမေ၊ သုရာမေရယ ။ပ။ တပါး။ (၅) သမ္မာအာဇီဝေါ၊ ဒုစရိုက်တရားရှောင်ရှား။ ပ။ တပါး။ (၆) သမ္မာဝါယာမော၊ လေးပါးသမ္မပ္ပဓာန် ညီညွတ်ရန်။ပ။တပါး။ (၇) သမ္မာသတိ၊ ကာယ၊ ဝေဒနာ စိတ္တာ၊ ဓမ္မ ။ပ။ တပါး။ (၈) သမ္မာသမာဓိ၊ အနုသယ ပရိယုဋ္ဌာန်။ပ။တပါး။

ဤဒေါ ခေါ်ပန ဓမ္မဇာတ်၊ ဤသို့ အသီးသီး ပြဆို အပ်ပြီး သော မဂ္ဂင်ရှစ်ပါး ယာဉ် ရ ထား ကြီး သည်။ ဒုက္ခ နိရောဓ ဂါမိနိ ပဋိပဒါ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကောန် ရောက်ကြောင်း အကျင့် ကောင်း လမ်းမှန် ဖြစ် သော၊ အရိယာ သစ္စာ၊ အရိယာပုဂ္ဂိုလ်တို့ ဟုတ်မှန်စွာ သိအပ်သော အရိယာသစ္စာမည်ပါပေ၏။

........ ဝ ........

## ဒုက္ခ သစ္စာ၌ (သစ္စ) ဉာဏ်ကိုပြတော်မူခြင်း

(၁-၁) ဣဒံ ဒုက္ခံ အရိယသစ္စန္တိမေ ဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁-၁) ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤလောကီစိတ်၊ စေတသိက ရှစ်ဆဲ့တပါး၊ လောဘ ကြဉ်သော စေတသိက်၊ စေ ပညာသ ငါးဆဲ့ တပါး၊ ရုပ်အဋ္ဌဝီသ နှစ်ဆဲ့ ရှစ်ပါး၊ တရားခြောက်

ဆယ်ခန့်ရှိသော ရုပ်, နာမ်, ဓမ္မ တေဘူမ္မိက ပရမတ္ထ၊ သင်္ခါရ တရား အပေါင်းသည်။ ဒုက္ခံ၊ ဆင်းရဲ စင်စစ် ကောန် အမှန် ဖြစ်သော။ အရိယ သစ္စန္တိ၊ အရိယ သစ္စာဟူ၍။ မေ ယော၊ သင်တို့ဆရာ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ရှေးအဘို၌။ ပုဗ္ဗေ၊ ကုသလံ အကုသလံ, ဇဟံ၊ သမန္တ စက္ခု, သဗ္ဗညုတ ညာဏ်ကို မရမီ ရှေးအဘို့၌ အနနုဿု တေသု၊ ဘယ်သူ ပြော၍ သဘောကုန်စင် သိမြင်ထင်ရှား မည်သူ့ထံမှ အဆင့် စကား အနုမြူလောက်မျှ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ ဓားနှင့် ဆား,ကို လဲ မှားသလို ဖြစ်ကုန်သော ဒုက္ခသစ္စာတရား တို့၌။ စက္ခုံ၊ အမှန်မြင်မှု ဉာဏ်စက္ခုသည်။ ဥဒပါဒိ၊ ဟင်းလင်း ဒိုးယို့ ဥဒဟို ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။ ဉာဏံ၊ မဖေါက်မပြန် အသိဉာဏ်သည်။ ဥဒပါဒိ၊ ဟင်းလင်း ဒိုးယို့ ဥဒဟို ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။ ပညာ၊ ဝေဖန် ပိုင်းခြား, ပညာများသည်။ ဥဒပါဒိ၊ ဟင်းလင်း ဒိုးယို့ ဥဒဟို ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။ ဝိဇ္ဇာ၊ ဖေါက်ခွဲ အမှန် အထူးထူး အပြားပြား ထိုးထွင်း၍ သိသော ဝိဇ္ဇာဉာဏ် သည်။ ဥဒပါဒိ၊ ဟင်းလင်း ဒိုးယို့ ဥဒဟို ထင်ထင် ရှားရှားဖြစ် ပေါ်၍လာလေ၏။ အာလောကော၊ မောဟအဝိဇ္ဇာ,မှောင်ကြီး စွာကို လေးဖြာ မဂ္ဂ ရှစ်ဌာနဖြင့် တစမကြွင်း ပယ်ဖြတ်ရှင်း၍ ဒုက္ခ သစ္စာ၌ သိမြင်ခြင်း ဟူသော နေမင်း လဝါ ပမာမျှ ဉာဏ်တန်ဆောင် ပညာဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ဥဒဟို ဒရစပ် မပြတ် မလပ် စပ်ခါ စပ်ခါ, ထပ်ခါ ထပ်ခါ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။

## ဒုက္ခသစ္စာ၌ (ကိစ္စ) ဉာဏ်ကိုပြတော်မူခြင်း

(၁·၂) တံခေါပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁-၂) ဘိက္ခဝေ၊ တို့။ တံခေါပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုတဏှာ ကြဉ်ထား, ခြောက်ပါး အာရုံ ခန္ဓာဘုံ ပဉ္စက တရာ့ခြောက်ဆယ်ခန့် ရှိသော ရုပ်, နာမ် ဓမ္မ တေဘူမက ပရမတ္ထသင်္ခါရ အရိယသစ္စာကို။ ပရိညေယျန္တိ၊ မဂ်ဖြင့် ပိုင်းခြား။ သိမြင်အပ်သော တရားဟူ၍။ မေမယာ၊ သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ ဓါးနှင့် ဆားကို လဲ့မှားသလို ဖြစ်ကုန်သော ဒုက္ခသစ္စာ တရားတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ ဉာဏံ၊ သည်။ ဥဒပါဒိ၊ ၏။ ပညာ၊ သည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ မောဟ အဝိဇ္ဇာ မှောင်ကြီးစွာကို လေးဖြာမဂ္ဂ ရှစ်ဌာနဖြင့် တစ မကြွင်း ပယ်ဖြတ် ရှင်း၍ ဒုက္ခသစ္စာ၌ သိမြင်ခြင်း ဟူသော နေ့, မီး, လ, ဝါ ပမာမမျှ ဉာဏတန်ဆောင် ပညာဉာဏ် အရောင် အလင်းသည်။ ဥဒပါဒိ၊ ဥဒဟို ဒရစပ် မပြတ် မလတ် စပ်ခါ စပ်ခါ ထပ်ခါ ထပ်ခါ ထင်ထင် ရှားရှား ဖြစ်ပေါ်၍လာလေ၏။

........း၀း........

## ဒုက္ခသစ္စာ၌ (ကတ) ဉာဏ်ကိုပြတော်မူခြင်း

(၁-၃) တံခေါပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ပရိညာတန္တိ၊ မေ ဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ စက္ခုံ ဥဒ

ပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ တို့။တံခေါပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုတဏှာကြည်ထား ခြောက်ပါး အာရုံ ခန္ဓာဘုံပဉ္စက တရားခြောက်ဆယ်ခန့်ရှိသော ရုပ်, နာမ်, ဓမ္မ တေဘူမိကာ ပရမတ္ထ သင်္ခါရ တရား အရိယ သစ္စာကို။ ပရိညာတန္တိ၊ မဂ်ဖြင့် ပိုင်းခြားသိမြင်အပ်သောတရား ပြီးဆုံးပြီဟူ၍။ မေမယာ၊ သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ ဓါးနှင့် ဆားကို လဲမှားသလို ဖြစ်ကုန်သော ဒုက္ခသစ္စာတရား တို့၌။ စက္ခုံ၊ သည်၊ ဥဒပါဒိ၊ ၏။ ဉာဏံ၊ သည်၊ ဥဒပါဒိ၊ ၏။ ပညာ၊ သည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ မောဟ အဝိဇ္ဇာ, မှောင်ကြီးစွာကို လေးဖြာမဂ္ဂ ရှစ်ဌာနဖြင့် တစမကြွင်း ပယ်ဖြတ်ရှင်း၍ ဒုက္ခသစ္စာ၌ သိမြင်ခြင်း ဟူသော နေ, မီး, လ, ဝါ ပမာမမျှ ဉာဏ တန်ဆောင် ပညာဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ဥဒဟို ဒရစပ် မပြတ်မလတ် စပ်ခါ စပ်ခါ ထပ်ခါ ထပ်ခါ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။

## သမုဒယ သစ္စာ၌ (သစ္စ) ဉာဏ်ကိုပြခြင်း

(၂-၁) ဣဒံ ဒုက္ခ သမုဒယံ အရိယ သစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂-၁) ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤအာရုံ အရပ်ရပ် ဘုံသုံးထပ်ကို တပ်မက်သာယာ လောဘတဏှာသည်။ ဝါ၊ တဏှာ

သုံးတန်အရင်းခံ အာ, ကာ,သံ, နှင့်မြောက်၊ တရား့ရှစ်ဖြာ ကျွန်တကျော, ကိုယ်မှာအပြီးရောက်၊ ဖို့ မေးသည့်မြောက် မ ကိုချောက်၊ မ့မေးသည့်မြောက် ဖို့ကိုချောက်၊ သဒက် သပေါက်တွေ့ဟိုင်း ကောက်တတ်သည့် တရား့ရှစ်ယောက် မြောက်သော ရွှေးတွင်းပိတ် ကျွန်တကျောသည်။ ဝါ၊ ပုညာဘိ သင်္ခါရ, အပုညာဘိ သင်္ခါရ, အာနဥ္စာဘိ သင်္ခါရသည်။ ဒုက္ခ သမုဒယ၊ အမျိုးမျိုးသော ဘဝ၌ သိန်းသန်းမက ဆင်းရဲကို ရခြင်း၏ အကြောင်းဖြစ်၍ မကောင်းသော။ အရိယသစ္စန္တိ၊ အရိယသစ္စာဟူ၍။ မေမယာ၊ သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ ဗုလပ္ပစောင်းရမ်း, သဲကမ်းမမြင် မိုးဆံးကောင်းကင်ထက် ကျယ်ဝန်းကုန်သော ဒုက္ခ သမုဒယ အရိယသစ္စာတရားတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ ဉာဏံ၊ သည်။ ဥဒပါဒိ၊ ၏။ ပညာ၊ သည်။ ဥဒပါဒိ၊ ၏။ဝိဇ္ဇာ၊သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ သမုဒယသစ္စာ၌ သိမြင်ခြင်း ဟူသော နေ့မိုးလ,ဝါ ပမာမမျှ, ဉာဏ်တန်ဆောင် ပညာ ဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ဥဒဟို ဒရစပ်, မပြတ် မလပ် စပ်ခါ စပ်ခါ ထပ်ခါထပ်ခါ ထင်ထင်ရှားရှား ဖြစ်ပေါ် ၍လာလေ၏။

## သမုဒယသစ္စာ၌ (ကိစ္စ) ဉာဏ်တော်ကိုပြခြင်း

(၂—၂) တံခါ ပနိဒံ ဒုက္ခသမုဒယ အရိယသစ္စံ ပဟာ တဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂-၂) ဘိက္ခဝေ၊ တို့။ တံခေါ ပနိဒံ ဒုက္ခ သမုဒယံ အရိယသစ္စံ၊ ထိုအာရုံအရပ်ရပ် ဘုံသုံးထပ်ကို တပ်မက်သာယာ လောဘတဏှာ, တည်းဟူသော အရိယ သစ္စာကို။ ဝါ၊ တဏှာသုံးတန် အရင်းခံ အာ, ကာ, သံ, နှင့်မြောက်၊ တရားရှစ်ဖြာ ကျွန်တဏှာ ကိုယ်မှာ အပြီးရောက်။ ဖို့, မွေးသည့်မျောက် မ, ကိုချောက်၊ မ, မွေးသည့် မျောက် ဖို့, ကိုချောက်၊ သဒက်သပေါက် တွေ့တိုင်းကောက်တတ်သည့် တရားရှစ်ယောက်မြောက်သော ရွေးတွင်းပိတ် ကျွန်တဏှာ အရိယသစ္စာကို။ ဝါ၊ ပုညာဘိသင်္ခါရ, အပုညာဘိ သင်္ခါရ အာနေဉ္စာဘိသင်္ခါရ အရိယသစ္စာကို။ ပဟာတဗ္ဗန္တိ၊ မင်္ဂလေးပါးဖြင့် ကြွင်းမဲ့ ဥဿုံ အလုံးစုံကို အကုန်ပယ်အပ်၏ ဟူ၍။ ဝါ၊ အာဇီဝဋ္ဌမက, ဂရုဓမ္မ ပဉ္စင်္ဂ ဩရဘာဂိယ သံယောဇဉ် ငါးပါး, ကိလေသာတရားတို့ကို တဒင်္ဂပဟာန် နှစ်ချက်ဖြင့် ပယ်ထုတ် အပ်၏ဟူ၍။ မေမယာ၊ သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ ဗလပွစောင်းရမ်း သဲကမ်းမြင်မိုဃ်းကောင်းကင်ထက် ကျယ်ဝန်းကုန်သော ဒုက္ခ သမုဒယအရိယသစ္စာတရားတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ ဉာဏံ၊ သည်။ ဥဒပါဒိ၊ ၏။ ပညာ၊ သည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ သမုဒယသစ္စာ၌ သိမြင်ခြင်းဟူသော နေ, မီး, လ, ဝါ ပမာမမျှ ဉာဏ်တန်ဆောင်ပညာဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ဥဒဟို့, ဒရစပ်မပြတ်မလတ် စပ်ခါစပ်ခါ ထပ်ခါထပ်ခါ ထင်ထင်ရှားရှား ဖြစ်ပေါ်၍လာလေ၏။

## သမုဒယသစ္စာ (ကတ) ဉာဏ်တော်ကိုပြခြင်း

(၂-၃) တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂-၃) ဘိက္ခဝေ၊ တို့။ တံခေါပနိဒံ၊ ဒုက္ခ သမုဒယံ အရိယ သစ္စံ၊ ထိုအာရုံ အရပ်ရပ် ဘုံသုံးထပ်ကို တပ်မက် သာယာ, လောဘတဏှာ တည်းဟူသော အရိယ သစ္စာကို။ ဝါ၊ တဏှာသုံးတန် အရင်းခံ အာ,ကာ, သံ,နှင့်မြှောက်၊ တရာ ရှစ်ဖြာ ကျွန်တဏှာ ကိုယ်မှာ အပြီးရောက်။ ဖို, မွေးသည့် မျောက် မ,ကိုချောက်၊ မ, မွေးသည့် မျောက် ဖို, ကို ချောက် သဒက် သပေါက် တွေ့တိုင်း ကောက် တတ် သည့် တရာ ရှစ်ယောက်မြောက်သော ရွေးတွင်းပိတ် ကျွန်တဏှာ အရိယ သစ္စာကို။ ဝါ၊ ပုညာဘိသင်္ခါရ, အပုညာဘိ သင်္ခါရ အာနဉ္ဇာဘိ သင်္ခါရ, အရိယသစ္စာကို။ ပဟီနန္တိ၊ ပင်လေးပါး ဖြင့် ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန် ပယ်အပ်သော ကိစ္စ ပြီးဆုံးပြီဟူ၍။ ပဟီနန္တိ၊ အာဇီဝဋ္ဌမက, အဋ္ဌင်္ဂသီလ, အာ ဇီဝဋ္ဌမက ဒသင်္ဂသီလ, ဥဒ္ဒံဘာဂိယ သံယောဇဉ် ငါးပါးကို ဝိက္ခမ္ဘန ပဟာန်, သမုစ္ဆေဒ ပဟာန် နှစ်ပါးဖြင့် ပယ်အပ် သော ကိစ္စပြီးဆုံးပြီဟူ၍။ မေမယာ၊ သည်၊ ပုဗ္ဗေ၊ ၌။ အန နုဿုတေသု၊ သော။ ဓမ္မေသု၊ ဗလပွ စောင်းရမ်း, သဲကမ်း မမြင် မိုးသည်း ကောင်းကင်ထက် ကျယ်ဝန်း ကုန်သော ဒုက္ခ သမုဒယ အရိယ သစ္စာတရားတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊

၏။ဉာဏံ၊ သည်။ ဥဒပါဒိ၊ ၏။ ပညာသည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ သမုဒယသစ္စာ၌ သိမြင်ခြင်းဟူသော နေ, မီး, လ, ဝါ ပမာမမျှ ဉာဏတန်ဆောင် ပညာဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။

...·····:o:·······

## နိရောဓသစ္စာ၌(သစ္စ)ဉာဏ်တော်ကိုပြခြင်း

(၃-၁)ဣဒံ ဒုက္ခ နိရောဓံ အရိယ သစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု၊ ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၃-၁) ဘိက္ခဝေ၊တို့။ ဣဒံ၊ ဤအသခ်တဓာတ်, နိဗ္ဗာန် မြတ်သည်။ ဝါ၊ မီးတဆဲ့တတန်ငြိမ်းရာမှန်သည့် နေရဗာန် မပူတတ်သော ပါရမီ ကံ ကတ္တား ဆယ်ပါးသည်။ ဒုက္ခနိရောဓံ၊ အလုံးစုံသော ဝဋ္ဋဒုက္ခအပေါင်း ချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စန္တိ၊ အရိယ သစ္စာဟူ၍။ မေမယာ၊သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ ဒုက္ခနိရောဓ အရိယ သစ္စာတရားတို့၌။ စက္ခုံ၊သည်။ ဥဒပါဒိ၊ ၏။ဉာဏံ သည်။ ဥဒပါဒိ၊ ၏။ ပညာ၊သည်။ ဥဒပါဒိ၊၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ ဒုက္ခနိရောဓသစ္စာ၌ သိမြင်ခြင်းဟူသော နေ, မီး, လ, ဝါ ပမာမမျှ ဉာဏတန်ဆောင် ပညာဉာဏ်, အရောင်အလင်းသည်။ ဥဒပါဒိ၊ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လေလေ၏။

## နိရောဓသစ္စာ၌ (ကိစ္စ) ဉာဏ်တော်ကိုပြခြင်း

(၃-၂) တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

(၃-၂) ဘိက္ခဝေ၊ ဟို။ တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်မြတ် တည်းဟူသော အရိယသစ္စာကို။ သစ္ဆိကာတဗ္ဗန္တိ၊ ပရိညာ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဝေါဒါန်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် တို့ဖြင့် ကောန်အမှန် မျက်မှောက် ပြုအပ်၏ဟူ၍။ မေဓယာ၊ သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ ဒုက္ခနိရောဓ အရိယသစ္စာတရားတို့၌။ စက္ခုံ။ သည်။ ဥဒပါဒိ၊ ၏။ ဉာဏံ၊ သည်။ ဥဒပါဒိ၊ ၏။ ပညာ၊ သည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ ဒုက္ခနိရောဓ အရိယ သစ္စာ၌ သိမြင်ခြင်း ဟူသော နေ့, မိုး, လ, ဝါ ပမာမမျှဉာအာဘာန်ဆောင် ပညာဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ထင်ရှားရှား ဖြစ်ပေါ်၍လာလေ၏။

……o………

## နိရောဓသစ္စာ၌ (ကတ) ဉာဏ်တော်ကိုပြခြင်း

(၃-၃) တံခေါ ပနိဒံ ဒုက္ခ နိရောဓံ၊ အရိယသစ္စံ သစ္ဆိကတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု၊ ဓမ္မေသု၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၃-၃) ဘိက္ခဝေ၊တို့။ တံခေါပနိဒံ ဒုက္ခနိရောဓံအရိယ သစ္စံ၊ ထိုအသင်္ခတဓာတ် မြတ်နိဗ္ဗာန် တည်းဟူသော အရိယ သစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့် ကေန်အမှန် မျက်မှောက် ပြုအပ်ပြီ ဟူ၍။ မေမယာ၊သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ ဒုက္ခနိရောဓ အရိယသစ္စာ တရားတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ ဉာဏံ၊သည်။ ဥဒပါဒိ၊၏။ ပညာ၊သည်။ ဥဒပါဒိ၊၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊၏။ အာလောကော၊ ဒုက္ခနိရောဓ၊ အရိယ သစ္စာ၌ သိမြင်ခြင်းဟူသော နေ, မီး လ,ဝါ ပမာမမျှ ဉာဏ ကန်ဆောင် ပညာဉာဏ်, အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လေလေ၏။

## မဂ္ဂသစ္စာ၌(သစ္စ)ဉာဏ်တော်ကိုပြခြင်း

(၄-၁) ဣဒံ ဒုက္ခ နိရောဓ ဂါမိနိပဋိပဒါအရိယသစ္စန္တိမေ ဘိက္ခဝေ၊ ပုဗ္ဗေအနနုဿုတေသု၊ ဓမ္မေသု၊ စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၄-၁) ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤဒါန, သီလ,နိက္ခမ,ပါရမီ မင်္ဂလာ, မဟာသတိပဋ္ဌာန်, မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်သည်။ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန် ဖြစ်သော။ အရိယသစ္စန္တိ၊ အရိယသစ္စာဟူ၍။ မေမယာ၊ သည်။ ပုဗ္ဗေ၊ ၌၊ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ အရိယာ

မဂ္ဂသစ္စာ တရားတို့၌။ ဝါ၊ နိယျာနိက, ဟေတု ဒဿန, အဓိပတေယျ, ဟူသော မဂ်ကိစ္စ လေးပါးတို့၌။ ဝါ၊ ပရိယတ္တိ သာသနာ, အာဒိကလျာဏ, လောကတ္တ စရိယ သီလက္ခန္ဓ, ဒဿပါရမီ မဂ်လာ။ ။ပဋိပတ္တိ သာသနာ, မဇ္ဈေကလျာဏ ဉာတတ္ထစရိယ, သမာဓိက္ခန္ဓ ဒ္ဒဿဉပပါရမီ မဂ်လာ။ ပဋိဝေဓ သာသနာ, ပရိယော သာန ကလျာဏ, ဗုဒ္ဓတ္ထစရိယ ပညာက္ခန္ဓ ဒဿပရမတ္ထပါရမီ မဂ်လာ, ကိလေသာကို ကုန်စေတတ်သော မဂ္ဂသစ္စာ အကျင့် တရား တို့၌။ စက္ခုံ၊ သည်။ ဉဒပါဒိ၊ ၏။ ဉာဏံ၊ သည်။ ဉဒပါဒိ၊ ၏။ ပညာ၊ သည်။ ဉဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ သည်။ ဉဒပါဒိ၊ ၏။ အာလေ ကော၊ မဂ္ဂသစ္စာ၌ သိမြင်ခြင်း ဟူသော နေ့,မိး, လ, ဝါ ပမာမမျှဉာဏ်တန်ဆောင် ပညာဉာဏ် အရောင်အလင်းသည်။ ဉဒပါဒိ၊ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။

## မဂ္ဂသစ္စာ၌ (ကိစ္စ) ဉာဏ်တော်ကိုပြခြင်း

(၄-၂) တံခေါ ပနိဒံ ဒုက္ခ နိရောဓ ဂါမိနိ ပဋိပဒါ အရိယ သစ္စံ ဘာဝေ တဗ္ဗန္တိ မေ ဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿု တေသု ဓမ္မေသု စက္ခုံ ဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ ပညာ ဉဒပါဒိ၊ ဝိဇ္ဇာ ဉဒပါဒိ၊ အာလောကော ဉဒပါဒိ။

(၄-၂) ဘိက္ခဝေ၊ တို့။ တံခေါပနိဒံ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ အရိယ သစ္စံ၊ ထိုဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကောန် ရောက် ကြောင်း အ ကျင့် ကောင်း လမ်း မှန် ဖြစ်သော အရိယသစ္စာကို။ ဘာဝေတဗ္ဗန္တိ၊ ဆ ကော၌ာ သ

ကောန္တရိက, ဒွန္တရိက, အင်္ဂုလ, နာဂဘာသိဝ, နန္ဒိယာဝဋ္ဋ အာဝဋ္ဋဟာရ, သင်္လိက ဗန္ဓတို့ဖြင့် အဖန်တလဲလဲ ပွားများအပ်၏ ဟူ၍။ မေမယာ၊ သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ အရိယမဂ္ဂ သစ္စာ တရား တို့၌။ ဝါ။ နိယျာနိက, ဟေတု, ဒဿန, အဓိပတေယျ ဟူသော မဂ် ကိစ္စ လေး ပါး တို့၌။ ဝါ၊ ပရိယတ္တိ သာသနာ, အာဒိ ကလျာဏ လောကုတ္တ စရိယ, သီလက္ခန္ဓ, ဒသပါရမီ မင်္ဂလာ။ ။ပဋိပတ္တိသာသနာ, မဇ္ဈေကလျာဏ ဥာတတ္တ စရိယ, သမာဓိက္ခန္ဓ, ဒသ ဥပ ပါရမီ မင်္ဂလာ။ ။ပဋိဝေဓ သာသနာ ပရိယောသာန ကလျာဏ, ဗုဒ္ဓတ္တ စရိယ, ပညာက္ခန္ဓ, ဒသ ပရမတ္ထ ပါရမီ မင်္ဂလာ ကိလေသာကို ကုန်စေတတ်သော မဂ္ဂ သစ္စာ အကျင့်တရား တို့၌။ စက္ခုံ သည်။ ဥဒပါဒိ၊ ၏။ ဉာဏံ၊ သည်။ ဥဒပါဒိ၊ ၏။ ပညာ၊ သည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ သည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ မဂ္ဂသစ္စာ၌ သိမြင်ခြင်း ဟူသော နေ့, မီး,လ, ဝါ ပမာမမျှ ဉာဏတန်ဆောင် ပညာဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေ၏။

........ း၀း ........

## မဂ္ဂသစ္စာ၌ (ကတ) ဉာဏ်တော်ကို ပြခြင်း

(၄-၃) တံခေါ ပနိဒံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယာသစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၄-၃) ဘိက္ခဝေ၊တို့။ တံခေါပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြိုက် နိဗ္ဗာန်သို့ ကောန်ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန် ဖြစ်သော အရိယာ သစ္စာကို။ ဘာဝိတန္တိ၊ ဆ ကောဋ္ဌာသ ကေန္တရိက, ဒွန္တရိက, အင်္ဂုသ, နာဂ, ဘာသိဝ, နန္ဒိယာဝဋ္ဋ အာဝဋ္ဋာဟာရ, သင်္ခလိက ဗန္ဓတို့ဖြင့် အဖန်တလဲလဲ ပွားများ အပ်ပြီဟူ၍။ မေမယာ၊ သည်။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ သော။ ဓမ္မေသု၊ အရိယမဂ္ဂသစ္စာတရားတို့၌။ ဝါ၊ နိယျာနိက ဟေတု, ဒဿန, အဓိပတေယျ ဟူသော မဂ်ကိစ္စ လေးပါး တို့၌။ ဝါ၊ ပရိယတ္တိ သာသနာ, အာဒိကလျာဏ, လောကတ္ထ စရိယ, သီလက္ခန္ဓ, ဒသပါရမီ မင်္ဂလာ။ ။ ပဋိပတ္တိသာသနာ မဇ္ဈေကလျာဏ ဉာတတ္ထ စရိယ, သမာဓိက္ခန္ဓ, ဒသဥပ ပါရမီ မင်္ဂလာ။ ။ ပဋိဝေဓ သာသာသနာ,ပရိယောသာနကလျာဏ, ဗုဒ္ဓတ္ထ စရိယ, ပညာက္ခန္ဓ ဒသပရမတ္ထ ပါရမီမင်္ဂလာ,ကိလေသာ ကို ကုန်စေတတ်သော မဂ္ဂသစ္စာ အကျင့်တရားတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ ဉာဏံ၊ သည် ဥဒပါဒိ၊ ၏။ ပညာ၊ သည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊သည်။ ဥဒပါဒိ၊၏။ အာလောကော၊ မဂ္ဂသစ္စာ၌ သိမြင်ခြင်း ဟူသော နေ့, မီး, လ, ဝါ ပမာမျှ ဉာဏတန်ဆောင် ပညာဉာဏ် အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ထင်ရှားရှားဖြစ်ပေါ်၍လာလေ၏။

........း၀း........

# သစ္စာလေးပါးကို ခွဲခြားစိပ်ဖြာ၍ (၁၂)ပါး(၁၆)ပါးစသည်ဖြင့်သိတော်မမူပါက ဘုရားဟု ဝန်မခံသေးပါဟူ၍ မိန့်တော်မူပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာ ကာရံ ယထာ ဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ဘိက္ခဝေ၊ တို့။ ယာဝကီဝဉ္စ ယတ္တကံကာလံ၊ အကြင် တောထွက်တော်မူသည်မှအစ ခြောက်နှစ်တို့ ကာလပတ်လုံး။ မေမမ၊ သင်တို့ဆရာ ငါဘုရားအား။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤမဖေါက် မပြား လေးပါး ကုန်သော အရိယသစ္စာတရားတို့၌။ ဧဝံ၊ ဤသို့ မဆိုင်း ပြဆိုတော်မူပြီးသောအတိုင်း။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် အားဖြင့်၊ သုံးပါးစီ လှည့်လည်၍နေသော။ ဒွါဒသာ ကာရံ၊ လေးပါးသုံးလီဖြစ်၍ ဥတုသုံးလီ ဒွါဒသရာသီ တဆဲ့နှစ်ပါး တူမျှသော အခြင်းအရာ အပိုင်းအခြား ရှိသော။ ယထာ ဘူတံ၊ ပရမတ္ထ နိယာမအားဖြင့် မဖေါက်မပြန် ဟုတ်မှန် တိုင်းသော။ ဉာဏဒဿနံ၊ ပိုင်းခြားထင်ထင် သယမ္ဘူ သဘာဝ သဗ္ဗညုတ ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်းကြည် လင် စင်ကြယ်ခြင်းသည်။ နအဟောသိ၊ မရရှိ မဖြစ်ပေါ် သေးပေ။

ဘိက္ခဝေ၊ တို့။ တာဝတတ္တကံ ကာလံ၊ ထိုသတ္တဝါလေး
သွယ် ဉာဏ်အမြင် မစင်ကြယ်သေး မရသေးသမျှ ကာလ
ပတ်လုံး။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ သဒေဝကေ၊
သမာရကေ၊ ငါးထပ်နတ်ပြည် ဝသဝတ္တိ မာရ်နတ် ပြည်နှင့်
တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မပြည်နှင့် တကွ ဖြစ်
သော။ လောကေ စကြာဝဠာ အနန္တ ဩကာသ လောက
၌။ သဿမဏ ဗြဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားနှင့် တကွ ဖြစ်
သော။ သဒေဝ မနုဿာယ၊ ဗြဟ္မာနတ်လူ သုံးဘုံ သူနှင့်
တကွဖြစ်သော။ ပဇာယ၊ သတ္တလောက ဟူသမျှ တို့၏ အ
လယ်၌။ အနုတ္တရံ၊ အတုမရှိ ဝိသုဒ္ဓိပါရဂူ သယမ္ဘူ သဗ္ဗညု
တို့၏ အရာသာ ဖြစ်သော။ သမ္မာ သမ္ဗောဓိံ မဖေါက်မပြန်၊
အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတ ဉာဏ် အမှန်ကို၊ အဘိ
သမ္ဗုဒ္ဓေါတိ၊ ပိုင်နိုင်စွာဘိ ထိုးထွင်း၍ ငါရပြီ, ငါသိပြီဟူ၍
နေဝပစ္စညာသိံ၊ ရဲရဲတင်းတင်း ဝန်ခံခြင်းအမှုကို ပြုတော်မမူ
သေးပေ။

……:O:……

## သမ္မာသမ္ဗုဒ္ဓဘုရားဟု ဝန်ခံတော်မူခြင်း

ယတော စခေါ ဘိက္ခဝေ ဣမေသု စတူသု အရိယ
သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏ
ဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ
လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြဟ္မဏိယာ
ပဇာယ သဒေဝ မနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိံ
အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ဘိက္ခဝေ၊ တို့။ ယတော စခေါ ယဒါ ကာလေ၊ အကြင် တရားသုံးခုနှစ် သက္ကရာဇ်အကြို ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့၌ကား၊ မေမမ၊ သင်တို့ဆရာ ငါဘုရားအား။ ဣမေသု စတူသု၊ အရိယသစ္စေသု၊ ဤမဖေါက်မပြား လေးပါး ကုန်သော၊ အရိယသစ္စာ တရားတို့၌။ ဧဝံ၊ ဤသို့မဆိုင်း ပြဆိုတော်မူပြီးသောအတိုင်း။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, အားဖြင့် သုံးပါးစီ လှည့်လည်၍ နေသော၊ ဒွါဒသာကာရံ၊ လေးပါး သုံးလီဖြစ်၍ ဥတုသုံးလီ ဒွါဒသရာသီ တဆဲ့နှစ်ပါး တူမျှသော အခြင်းအရာ အပိုင်းအခြားရှိသော။ ယထာဘူတံ၊ ပရမတ္ထ နိယာမ အားဖြင့် မဖေါက်မပြန် ဟုတ်မှန်တိုင်းသော၊ ဉာဏဒဿနံ၊ ပိုင်းခြား ထင်ထင် သယမ္ဘူ သဘာဝ သဗ္ဗညုတ ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ အလွန် သန့်ရှင်းကြည်လင် စင်ကြယ်ခြင်းသည်။ ဝါ၊ အဘာတ်, အမှတ်, အတတ်, သုံးပါး စကား အဓိပ္ပါယ် အသွယ်သွယ်ကို သည့်နှုယ်ယူလျှင် သည်နှုယ်ထင်ဟု ဆင်ခြင် နှိုင်းချိန်တတ်သော သဗ္ဗညုတ မဇ္ဈိမဉာဏ် မကျွိုင်သည်။ ဝါ၊ ယထာဘူတ၊ စတုသစ္စ ဉာဏ်တော်သည်။ ဝါ၊ သူ့စိတ်ကိုလို ကိုယ့်စိတ်နှင့်နှော ယထာဘူတ ဉာဏ်တော် သဘောသည်။ အဟောသိ၊ ထင်ထင်ရှားရှား ဖြစ်ပေါ်၍လာလေပြီ။

ဘိက္ခဝေ၊ တို့။ အထတသ္မိံ ကာလေ၊ ထိုသမန္တစက္ခု သဗ္ဗညုတဉာဏ် အမြင် သန်သောအခါ၌။ အဟံ၊ မသေ၍ကျန် သင်တို့ထံသို့ လာသော ငါဘုရားသည်။ သဒေဝကေ၊ သမာရကေ၊ သော။ သဗြဟ္မကေ၊ သော။ လောကေ၊ ၌။

သဿမဏာ ပြဟ္မဏိယာ၊ သော။ သဒေဝ မနုဿာယ၊ သော။ ပဇာယ၊ ဌ။ အနုတ္တရံ၊ သော။ သမ္မာ သမ္ဗောဓိံ၊ ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ပိုင်နိုင်စွာဘိ ထိုးထွင်း၍ ငါရပြီ ငါသိပြီ ဟူ၍။ ပစ္စညာသိံ၊ ရဲရဲ တင်းတင်း ဝန်ခံခြင်း အမှုကို ပြုတော်မူပြီ။

## ပစ္စဝေက္ခဏာဉာဏ်ကိုပြတော်မူခြင်း

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။

ဘိက္ခဝေ၊ တို့။ မေမမ၊ သင်တို့ဆရာ ငါ ဘုရားအား။ ဉာဏဉ္စ ပနဒဿနံ၊ သစ္စာလေးတန် ဆဲ့ခြောက်တန်၌ အမှန် သိမြင်တတ်သော ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ဟင်းလင်းဒိုးယို ဥဒဟို ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာလေပြီ။ မေ၊ သင်တို့ဆရာ ငါဘုရား၏။ ဝိမုတ္တိ၊ ကိလေသာ ညှတ်ကွင်းတို့မှ၊ ရှင်းရှင်းကြီး လွတ်သော အရဟတ္တဖိုလ် ဉာဏ် တော်သည်။ အကုပ္ပါ၊ မချပိုင်ပိုင် တည်တန့်ခိုင်၍ ဆန့်ကျင် ဘက်ဖြစ်သော လောကတရားတို့ကြောင့် မပျက်စီးနိုင်တော့ပေ။ မေမမ၊ သင်တို့ဆရာ ငါဘုရား၏။ အယံဇာတိ၊ ဆင်းရဲစင်စစ် ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်သော ဖြစ်ခြင်း ပေတည်း။ ဝါ၊ သချိုင်္ဂုနှစ်ဆယ်ကျော်နှင့် သက်တမ်း ကမ္ဘာ တသိန်း အဆုံးဖြစ်သော အဖြစ်တော်, ဇာတ်ဆုတော်, ဘဝ တော်ပေတည်း။ ဒါနိဣဒါနိ၊ ယခုအခါ သမယ၌။ ပုနဗ္ဘဝေါ၊ တဖန်အသစ်။ ဘဝဖြစ်ဘို့ အရေးသည်။ နတ္ထိ၊ မရှိ

ပုံသေမရှိတော့ချေ။ ဣတိ၊ ဤသို့။ ဉာဏဒဿနံ၊ သဗ္ဗညုတ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ဟင်းလင်းဒိုးယို့ ဥဒဟို ထင်ထင် ရှားရှား ဖြစ်ပေါ်၍လာလေပြီ။

## ပဉ္စဝဂ္ဂီငါးဦးအထူးနှစ်သက် (သာဓု) ခေါ်လျက် အရှင်ကောဏ္ဍည ပဌမသောတာပန်တည်ခြင်း

ဣဒ မဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ၊ ဣမသ္မိံစ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗတံ နိရောဓ ဓမ္မန္တိ။

ဘဂဝါ၊ ဘဂဝန္တ ပါရဂူ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဣဒံ ဝစနံ၊ ဤဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ အစဖြာသော စတုသစ္စ ပကာသန ဓမ္မစကြာ ပါဠိမိ မင်္ဂလာ တရားတော်ကို။ အဝေါစ၊ အစရှေးဦး မိန့်ကျူး မြွက်ကြားတော်မူလေ၏။

ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်း မြတ်တို့သည်။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါး တည်ရှိနားသည့် ဘုရားရှင် ကိုယ်တော် မြတ်ကြီး၏။ ဘာသိတံ၊ ထုတ်ဖေါ် ဟောပြ ဒေသနာတော် ဓမ္မကို။ အတ္တမနာ၊ အရိယ သစ္စာ ဉာဏ်မှာပွင့်လင်း အသိရှင်း၍ ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍။ ဝါ၊ သကပ်, ဒြပ်, လိန်, သချ်ာ, ကာရက

မုချအနက် ငါးပါးကို ထင်ထင်ရှားရှား သိ, ကြား, နားလည် ကြကုန်သည်ဖြစ်၍ အဘိနန္ဒုန္တိ၊ သာဓု- သာဓု- သာဓု ဟူ၍ ရိုသေညွတ်နူး အထူးသဖြင့် ချီးကျူး နှစ်သက် ကြလေကုန် သတည်း။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤ ဂါထာမဘက် အမေးအဖြေ သက်သက် ဖြစ်သော ဓမ္မစကြာ ဒေသနာတော် ကို။ ဝါ၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ အားဖြင့် ရှစ်ခါတိုင်တိုင် ဝေဘန်တော် မူအပ် သော ဓမ္မစကြာ ဒေသနာတော်ကို။ ဘညမာနေ၊ ဝေဘန် ခွဲခြား၍ ဟောကြားတော် မူအပ်သည် ရှိသော်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင် ကောဏ္ဍညအား။ ဝိရဇံ၊ အပါယ် ရောက်ကြောင်း ကိလေသာ မြူအပေါင်းမှ ကင်းဝေးသော။ ဝီတမလံ၊ ဝိစိကိစ္ဆာ, အဝိဇ္ဇာနှင့်, သက္ကာယ ဒိဋ္ဌိ ကြောင့် ဖြစ်သော။ တေဘူမိက သင်္ခါရ သေဆေး ကံ ကတ္တား ငါ့ဆယ် ဘေးမှ ကင်းဝေးသော။ ဓမ္မစက္ခုံ၊ သစ္စာလေး ချက် တပြိုင်နက်သိ သောတာ ပတ္တိ ဉာဏ်မျက်စိသည်။ ဝါ၊ တတြာယမာဒိ တတြာ ဘိရတိမိစ္ဆေယျ ဟူသော သဒ္ဓါနုသာရီ, ဓမ္မာနုသာရီ, စူဠ, တရုဏ, ကောမိဇ ကောလံ ကောလ, သတ္တက္ခတ္တုပရမ, ဟူသော၊ ဓမ္မပဒသမ္ဘောဓပရာယန ဓမ္မစက္ခု (၇) ပါးသည်။ ဥဒပါဒိ၊ ဟင်းလင်း ဒိုးယို, ဥဒဟို ထင်ထင် ရှားရှား ဖြစ်ပေါ်၍ လာလေ၏။ ယံကိဉ္စိ၊ အလုံးစုံသော တေ ဘူမိက ရုပ်, နာမ်ဟူသမျှ သင်္ခါရ ကံ, ကတ္တား ငါးဆယ်သည်။ သမုဒယ ဓမ္မံ၊ လျှပ်စစ်ပမာ လျင်မြန်စွာဖြစ်ခြင်း ဖြစ်တတ်သော

သဘောရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ရုပ်,နာမ် ဟူသမျှ တေဘူမ္မိက ကုသိုလ်, အကုသိုလ်, သင်္ခါရ တရား အပေါင်း သည်။ နိရောဓ ဓမ္မန္တိ၊ ချုပ်ပျောက်တတ်သော သဘောရှိ၏ ဟူ၍။ ဝါ၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ ပစ္စုပ္ပန်, အတိတ်, အနာ ဂါတ် ကာလ သုံးရပ် ဆက်မပြတ်, ဒရစပ် ဖြစ်၍ ဖြစ်၍ ပျက်၏ ဟူ၍။ ဥဒပါဒိ၊ ဟင်းလင်း ဒိုးယို, ဥဒ္ဒဟို ထင်ထင် ရှားရှား ဖြစ်ပေါ်၍ လာလေ၏။

## ဘုမ္မစိုးနတ်တို့ဟစ်ကြွေး ဆူညံကောင်းချီး ပေးသောအသံ

ပဝတ္တိတေစ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိ ပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာ ဝါ ကေနစိဝါ လောကသ္မိန္တိ။

ဘဂဝတာ၊ ဘုန်းတော် ခြောက်ပါး တည်ရှိ နားသည့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဓမ္မစက္ကေ၊ စတုသစ္စ ပကာ သန ဓမ္မစကြာ ပါရမီ မင်္ဂလာ တရားတော်ကို။ ပဝတ္တိတေစ ပန၊ တိပရိဝဋ္ဋ ဒွါဒ သာကာရ ဉာဏ်ကိုယ ကျင့်ထုံးကို စိတ် ဒုံးဒုံးချ ကံ ကိစ္စဖြင့် တစ မကျန် ဝေဘန် ပိုင်းခြား၍ ဟောကြား နားလည် စေအပ်သည် ရှိသော်ကား။ ဘုမ္မာ ဒေဝါ၊ မြေကိုအုပ်စိုး, ဘုမ္မာစိုးနတ်တို့သည်။ သဒ္ဒ ၊ ကောင်းချီး နှုမော် သာဓု ခေါ်လျက်။ တပ္ပိုင်နက် ကြွေးကြော်သော

အသံကို။ အန္နဿာဝေသုံ၊ ညီညာဖြဖြ ဆူညံ ကြအောင် ကောင်းချီးနှုမော် သာဓုခေါ်လျက် တပြိုင်နက် ကြွေးကြော် ကြလေ ကုန်၏။ ကံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော် ကြလေ ကုန်သနည်း ဟူမူကား။ ဘောဓွေ္တာ၊ သဒ္ဒါ သီလ, သုတ, စာဂ ါ, ပညာတာဝ ငါး၄ာနဂုဏ်, ပြည့်စုံတို့ ရှောင်း အိုး, နတ်များအပေါင်းတို့။ ဘဂဝတာ၊ ဘုန်းတော် ခြောက်ပါး တည်ရှိနားသည့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်။ ဗာရာဏသိယံ၊ ၌။ ဣသိပတနေ၊ သော။ မိဂဒါ ယေ၊ ၌။ သမဏေနဝါ၊ ရဟန်းသည်၎င်း။ ဗြဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေနဝါ၊ နတ်ပြည် ငါးထပ်, နတ်သည် ၎င်း။ မာရေနဂါ၊ ဝသဝတ္တိမာရ်နတ်သည်၎င်း။ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်၎င်း။ လောကသ္မိံ၊ စကြာဝဠာအနန္တ သြကာသ လောက၌။ ကေနစိဝါ၊ တစုံတယောက်သော ပုဂ္ဂိုလ်သည် ၎င်း။ အပ္ပဋိဝတ္တိယံ၊ တားဆီးကန့်ကွက် နှုတ်ကမြွက်၍ မုချ ပိုင်ပိုင် အပ်နှဖ ါးလောက်မျှ မဟော စွမ်းနိုင်သော။ အနုတ္တ ရံ၊ အတုမရှိ, ဝိသုဒ္ဓိပါရဂူ သယမ္ဘူ သဗ္ဗညုဘုံ၏ အရာသာ လျှင်ဖြစ်သော။ ဓမ္မစက္ကံ၊ ဉာဏ်စတုသစ္စပကာသန ဓမ္မစကြာ ပ ါရမီ မင်္ဂလာတရားတော်ကို။ ပဝတ္တိတံ၊ တိပရိဝဋ္ဋ ဒွါဒသာ ကာရ, ကရဏီယ ကျင့်ထုံးကို စိဘ်ဒုံးဒုံးချ ကံ ကိစ္စဖြင့် တစမကျန် ဝေဘန်ပိုင်းခြား၍ ဟောကြား နားလည်စေတော် မူပေပြီ၊ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ ညီညာဖြဖြ ဆူညံ ကြအောင် ကောင်းချီးနှုမော် သာဓုခေါ်လျက် တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

……… ႏ၀ႏ ………

## စတုမဟာရာဇ် နတ်ပြည်မှအစ အကနိဋ္ဌ ဗြဟ္မာ့ပြည်ကျအောင် ဟစ်ကြွေးဆူညံ ကောင်းချီးပေးကြသောအသံ

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စတုမဟာရာဇိကာဒေဝါ သဒ္ဒမနုဿာဝေသုံ၊ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ ယာမာဒေဝါ တုသိတာ ဒေဝါ နိမ္မာနရတိဒေဝါ ပရနိမ္မိတ ဝသဝတ္တီ ဒေဝါ ဗြဟ္မ ကာယိကာဒေဝါ သဒ္ဒမနုဿာဝေသုံ။ ။ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိန္တိ....။

ဘုမ္မာနံဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးနှုမော်သာဓုခေါ်လျက် တပြိုင်နက် ကြွေးကြော်ကြသော အသံကို။ သုတွာ၊ သေချာ ဂရုဏာ ကြားကုန်ကြ၍။ စာတုမဟာရာဇိကာ ဒေဝါ၊ စာတုမဟာရာဇ် နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးနှုမော် သာဓုခေါ်လျက် တပြိုင်နက် ကြွေးကြော်ကြသော အသံကို။ အနုဿာဝေသုံ၊ ၏။ စာတုမဟာရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ်နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးနှုမော်သာဓုခေါ်လျက် တပြိုင်နက်ကြွေးကြော်သောအသံကို။ သုတွာ၊ သေချာ ဂရုဏာ ကြားကုန်ကြ၍။ တာဝတိံသာ ဒေဝါ၊ တာဝတိံသာနတ်တို့သည်။ ယာမာဒေဝါ၊ ယာမာနတ်တို့သည်။ တုသိတာဒေဝါ၊

တုသိတာနတ်တို့သည်။ နိမ္မာနရတိဒေဝါ၊ နိမ္မာနရတိနတ်တို့သည်။ ပရနိမ္မိတ ဝသဝတ္တိဒေဝါ၊ ပရနိမ္မိတဝသဝတ္တိနတ်တို့သည်။ ဗြဟ္မကာယိကာ၊ ဗြဟ္မာပြည်၌ ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးနှုမော် သာဓုခေါ်လျက် ဟပ္ပိုင်နက် ကြွေးကြော်ကြသော အသံကို။ အနုဿာဝေသုံ၊ ညီညာဖြိုဖြို ဆူညံကြအောင် ကောင်းချီးနှုမော် သာဓုခေါ် လျက် အဆင့်ဆင့် ကြွေးကြော်ကြလေကုန်၏။ ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကြ လေကုန်သနည်း။

ဘောဓ္တော၊ သဒ္ဓါ, သီလ, သုတ, စာဂါ, ပညာတာဝ ငါး၌ာနဂုဏ် ပြည့်စုံတုံရှောင်း အို....နတ်များ အပေါင်းတို့။ ဘဂဝတာ၊ ဘုန်း တော် ခြောက် ပါး တည်ရှိ နားသည့် ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ ဗာရာဏသိယံ၊ ၌။ ဣသိပတနေ၊ သော မိဂဒါယေ၊ ၌။ သမဏေနဝါ၊ ငှင်း။ ဗြဟ္မဏေနဝါ၊ ငှင်း။ ဒေဝေနဝါ၊ ငှင်း။ မာရေနဝါ၊ ငှင်း။ ဗြဟ္မုနာဝါ၊ ငှင်း။ လောကသ္မိံ၊ ၌။ ကေနစိဝါ၊ ငှင်း။ အပ္ပဋိဝတ္တိယံ၊ သော။ အနုတ္တရံ၊ သော။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တိတံ၊ ပြီ။ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ ညီညာဖြိုဖြို ဆူညံကြအောင် ကောင်းချီးနှုမော် သာဓုခေါ် လျက် အဆင့်ဆင့် ကြွေးကြော်ကြလေကုန်၏။

... ....ះဝး........

# မဟာပထဝီမြေကြီးသွက်သွက်ခါဟီး ကောင်းချီးပေးခြင်း

ဣတိဟ တေန ခဏေန တေနလယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အယဉ္စ ဒသ သဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတု ရဟောသိ၊ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ ॥

ဣတိဟ၊ ဤသို့လျှင်။ တေနခဏေန၊ ထိုသို့ကြေးကြော်သော ခဏဖြင့်။ တေနလယေန၊ ထိုသို့ ကြေး ကြော်သော လယဖြင့်။ တေန မုဟုတ္တေန၊ ထို သို့ ကြေး ကြော်သော တမုဟုတ္တဖြင့်။ ယာဝ ဗြဟ္မ လောကာ၊ အကနိဋ္ဌ ဗြဟ္မာ ပြည်တိုင်အောင်။ သဒ္ဒေါ၊ ဟစ်ကြေးဆူညံ တပြိုင်နက်ကြေး ကြော်သော အသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ အဆင့်ဆင့်ပေး၊ ပျံနှံ့၍ တက်လေ၏။ အယဉ္စ ဒသ သဟဿီ လောက ဓာတု၊ ဤစကြာဝဠာ အပေါင်း လောကဓာတ် တိုက်တသောင်း သည်လည်း။ သံကမ္ပိ၊ အောက်သို့နိမ့်၍ တသိမ့်သိမ့်တုံ အ ကုန်လှုပ်လေ၏။ သမ္ပကမ္ပိ၊ အထက်သို့ခုန် သွက် သွက် တုံ အောင် အကုန်လှုပ်လေ၏။ သမ္ပဝေဓိ၊ ထိုမှဤမှ ယောင်လဲ့ သလို နွဲ့ကာ, နွဲ့ကာ လေးမျက်နှာ တို့မှလည်း သွက်သွက်ခါ တုံလှုပ်လေ၏။ ဒေဝါနံ၊ နတ်ဗြဟ္မာ တို့၏။ ဒေဝါနုဘာဝံ၊ များစွာ အဖုံဖုံ နတ်ဗြဟ္မာ တို့၏ တန်ခိုး အလုံး စုံ ကို။ အတိက္ကမ္မ၊ အုပ် စိုး သိမ်းခြုံ လွှမ်း မိုး ကုန်၍။ လောကေ၊

စကြာ ဝဠာ အပေါင်း လောကဓာတ် တိုက်တသောင်း၌။ အပ္ပမာဏော၊ နှိုင်းယှဉ်ဘွယ်ရာ ဥပမာ မရှိသော။ ဥဠာရော၊ ကြီးကျယ် ပြန့်ပြောလှစွာသော။ သြဘာသော၊ ဓမ္မစကြာ ဒေသနာ ဉာဏ်တော်ကြောင့် ဖြစ်သည့် နီလ, ပီတ, လောဟိတ, သြဒါတ စသော ကိုယ်တော် အရောင်အလင်း သည်။ ပါတုရဟောသိ၊ မီးရောင်, နေရောင်, လရောင်မက ထွန်းပကာ, အရှိန်မပျက်ဘဲ တထိန်ထိန် တလက်လက် အံ့မခန်းဘွယ် ဆန်းကြယ်လှစွာ ဖြစ်ပေါ်၍ လာလေသတည်း။

……:o:……

## အရှင်ကောဏ္ဍည ဘုရားချီးကျူးဘွဲ့ထူး ရတော်မူခြင်း

အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ အညာသိ ဝတဘော ကောဏ္ဍညော, အညာသိ ဝတဘော ကောဏ္ဍညောတိ၊ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညော တွေ့ဝ နာမံ အဟောသိ။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး တည်ရှိနားသည့် ဘုရားရှင် ကိုယ်တော် မြတ်ကြီး သည်။ ဣမံဥဒါနံ၊ ဤသို့မြွက်ကြား ဥဒါန်း စကားတော်ကို။ ဥဒါနေသိ၊ ဝမ်းမြောက် ဝမ်းသာ အထူးသဖြင့် ကျူးရင့်တော်မူ၏။ ကိံ ဥဒါနေသိ၊ အဘယ်သို့ ကျူးရင့်တော် မူသနည်း ဟူမူကား။ ဘော၊ အို... လူရော နတ်ပါ ဗြဟ္မာ အပေါင်း များထောင်သောင်းတို့။ ကောဏ္ဍည ၊ ရှေးဦးအစ ကောဏ္ဍည

သည်။ သတ္တာနိ၊ ဆဲ့ခြောက်အနက် လေးချက်သတ္တာ နက်နဲ ထွာတို့ကို။ ဝတ၊ စင်စစ်ကေန် မဖေါက် မပြန်။ အညာသိ၊ ကိပရိဝဋ္ဋဒွါဒသာ ကာရဖြင့် ကရဏီယ ကျမ်းရိုး ဆဲ့နှစ်ပါးကို ထင်ရှားစွာ သိလေပြီ။ ဘော၊ တို့။ ကောဏ္ဍညော၊သည်။ သတ္တာနိ၊ တို့ကို။ ဝတ၊ မင်စစ်။ အညာသိ၊ ပြီ။ ဣတိ၊ ဤသို့။ ဥဒါနံ ဥဒါနေသိ၊ ဝမ်းမြောက် ဝမ်းသာ အထူးသဖြင့် ကျူးရင့်တော်မူ၏။ ဣတိဟ၊ ဤသို့လျှင်။ ဣဒံ၊ ဣမိနာ ဥဒါနေန၊ ဤသို့မြွက်ကြား ဥဒါန်းစကားတော် အားဖြင့်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင် ကော ဏ္ဍ ည အား။ အညာသိ ကောဏ္ဍညော တွေ၀ နာမံ။ အရှင် အညာသိ ကောဏ္ဍညဟူသော အမည် သည်သာလျှင်။ အဟောသိ၊ ဂုဏ်နှင့် အမည်တော် ဆီဒလျော်အောင် ဖြစ်ပေါ်၍ လာလေသတည်း။

……:၀:……

## အရှင်ကောဏ္ဍညရှင်ရဟန်းအဖြစ်ကို လျှောက်ထားခြင်း

အထခေါ၊ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟ ဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံ ကထော ဝေသာရဇ္ဇပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒန္တိ။

အထခေါ်၊ ထိုသို့မြောမြူပ် ပယ်လှန်, သောတာပန် ဖြစ်ပြီး သောအခါ၌။ ၀ါ၊ ထိုသို့ပဋ္ဌမ အရိယာ သောတာပတ္တိ တတြာယမာဒိ ဖြစ်ပြီးသောအခါ၌။ အာယသ္မာ အညာသိ ကောဏ္ဍညော၊ ပဋ္ဌဝင်တွင် ရှေးဦး တင်၍ လျင်မြန်ဆောစွာ လေးသစ္စာကို ယထာဓမ္မာ, ဟောပြတိုင်းပင် သိမြင်လွယ်တတ် ဂုဏ်သကပ်ကြောင့် ရအပ်သော အမည်ထူးရှိသော အရှင် ကောဏ္ဍည မထေရ်သည်။ ဒိဋ္ဌဓမ္မော သစ္စာလေးတန်တရားမှန်ကို ကေန်တိတိ ကောင်းစွာ သိမြင် အပ်ပြီး သည်ဖြစ်၍။ ပတ္တဓမ္မော၊ သစ္စာလေးတန် တရားမှန်ကို ကိုယ်တိုင်မျက်မှောက် ရောက်အပ်ပြီး သည်ဖြစ်၍။ ဝိဒိတဓမ္မော၊ သစ္စာလေးတန်တရားမှန်ကို သဘောကုန်စင် ကောင်းစွာထင်မြင်အပ်ပြီးသည်ဖြစ်၍။ ပရိယောဂါဠ္ဌဓမ္မော၊ အောက်ထက် ပြန်လှန်ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်အပ်ပြီးသော ပရမတ္ထ ပါရမီမင်္ဂလာ သစ္စာတရား ရှိသည့်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ တဆဲ့ခြောက်ပါးရှုပ်ပါ ကင်္ခါကင်းလွတ် ကွာပြီးသည်ဖြစ်၍။ ဝိဂတ ကထံ ကထော၊ သို့လော,သို့ဖလော တွေးတော ယုံမှားငြင်းခုန်တတ်သော စကားမှ ကင်းသည်ဖြစ်၍။ ၀ါ၊ ရုပ်,နာမ် ပရမတ်နှင့် သတ္တဝါ ပညတ်ကို အတတ်သိပြီးသည်ဖြစ်၍ သတ္ထု သာသနေ၊ မြတ်စွာဘုရား၏ သာသနာတော် သုံးပါး အဆုံးအမ စကား၌။ ဝေသာရဇ္ဇပ္ပတ္တော။ ကြောက်ရွံ့မှုကင်း ရဲရင့် ခြင်းသို့ရောက်အပ်ပြီးသည်ဖြစ်၍။ ၀ါ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိ သင်္ခါရဟု ဆိုအပ်သော တေဘုမ္မကလောက ဓမ္မတာ ကုသိုလ် အကုသိုလ်ကံ အပါဒါန် တရားငါးဆယ်ကို စွန့်ပစ်ပယ်ခွာ ပါရမီမင်္ဂလာ မဟာ သတိပဋ္ဌာန်

မဟာဗောဓိ ပက္ခိယတရား ပွါးများခြင်းသို့ ရောက် အပ် ပြီး သည်ဖြစ်၍" အပရပ္ပစ္စယာ၊ မျက်မှောက်ကိုယ်တိုင် ပိုင်ပိုင် သိမြင် ဆင်ခြင်ပွါးများ အားထုတ် အပ်သောကြောင့်၊ သုံး လူ့ ထုဋ္ဌထား မြတ်စွာဘုရားမှတပါး သူတပါး တို့အား ယုံကြည်ကိုးစား အားထားရာ မရှိသည်ဖြစ်၍။ ဘဂဝန္တံ၊ ဘုန်းတော် ခြောက် ပါး တည် ရှိ နား သည့် ဘု ရား ရှင် ကိုယ် တော်မြတ်ကြီးကို။ တေ ဝဂ္ဂိနံ၊ ဤသို့သော စကားကို။ အဝေါစ၊ ရှိသေ ဝပ် တွား လျှောက် ထား တောင်း ပန် လေ ၏။ ကိံ အဝေါစ၊ အဘယ်သို့ လျှောက်ထား တောင်းပန် သနည်း ဟူမူကား။ ဘန္တေ၊ ရွှေဘုန်းတော် သခင် အရှင်မြတ်ဘုရား။ အဟံ၊ အညာသိဝတ ဘွဲ့ထူးရသည့် ကောဏ္ဍည ဟု နာမမှည့် ခေါ် ဘုရား တပည့် တော်သည်။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါး တည် ရှိနား သည့် ဘု ရား ရှင် ကိုယ် တော် မြတ် ကြီး၏။ သန္တိကေ၊ ဆည်းကပ် ခစား ထံတော်ပါး၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏ ဘုရား။ ဥပသမ္ပဒံ၊ အရိယာန္တ ပုဒ်အရ ထုတ်ပြမိန့်ဆို ထိုထို များစွာ ထောင့်ငါးရာ ဟူ ကိလေသာ ရန်သူကို သတ်တတ်တဲ့ ရဟန်းမြတ် အဖြစ်ကို။ လဘေယျံ၊ ရလိုပါသည်ဘုရား၊ ဣတိ၊ ဤသို့။ အဝေါစ၊ ရှိသေ ဝပ်တွား လျှောက်ထား တောင်းပန်လေ၏။

……:၀:……

## ဧဟိဘိက္ခူခေါ်တော်မူခြင်း

ဧဟိ ဘိက္ခူတိ ဘဂဝါ အဝေါစ သွာက္ခာတော ဓမ္မော စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ ယာတိ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသိ။

ဘဂဝါ၊ ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိ ဣဒံ ဝစနံ၊ ဤဆိုလတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူလေ၏။ ကိံ အဝေါစ၊ အဘယ်သို့ မိန့်ဆိုတော်မူလေသနည်း ဟူမူကား။ ဘိက္ခု၊ ခန္ဓာဝန်ဘေး အလွန်လေးသည်ကို မြင်တွေ့ ကြောက်ထိတ် အဆွေခင်ပွန်း သိတင်းသုံးဘော် ဖြစ်ပေသော ရဟန်းမြတ်။ ဧဟိ၊ ငါဘုရား၏ အနီးအနား ထံတော်ပါးသို့ လျင်လျား မကြာ လာခဲ့ပါလော့။ မယာ၊ သင်တို့ ကိုးစား ငါဘုရားသည်။ ဓမ္မော၊ စ,လယ်,အဆုံး သုံးပါးလုံးစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံပေလတ် ပရမတ္ထ ပါရမီ မဂ်လာ သစ္စာလေးဝ ကရဏီယကျမ်းရိုး ကျင့်ရိုး ကျင့်ခန်း မဂ်ဖိုလ် နိဗ္ဗာန်လမ်း တရားတော်မြတ်ကို။ သွာက္ခာတော၊ ကောင်းစွာသပ်ယပ် ဟောကြားတော်မူအပ်ပြီ။ ဒုက္ခဿ၊ သံသရာဝဲ ဘောဘုမ္မိက ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ ကိစ္စတုံး၍ အဆုံးဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှာ။ သမ္မာ၊ မဖေါက်မပြန်အမှန် ကောင်းစွာ။ ဗြဟ္မစရိယံ၊ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်တရားကို။ စရ၊ အထက် မဂ်သုံးပါး ပြီးဆုံး သွားအောင် လျင်လျား မြန်စွာ ကျင့်ကြံပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ ရွှေနှုတ်တော်မှ ထုတ်ဟသံချီ မိန့်ဆိုတော်မူလေ၏။

တဿအာယသ္မတော ထိုအရှင် အညာသိ ကောဏ္ဍညအား॥ သာ ဝဥပသမ္ပဒါ၊ ထိုဧဟိ ဘိက္ခု ခေါ်တော်မူသည်နှင့် တပြိုင်နက် ရှစ်ချက် ပရိက္ခရာ ပြည့်စုံစွာ ဆင်မြန်းလျက် မြင့်မြတ်သော ရဟန်းအဖြစ် သည်သာလျှင်॥ အဟောသိ၊ မုချပုံသေ ဖြစ်တော်မူလေသတည်း॥ (ဓမ္မစက္က ပဝတ္တနသုတ္တံ နိဋ္ဌိတံ)

## ပဒက္ခိဏာနိ ကတွာနဖြင့်
## ကိုယ်ကောင်းမှ ခေါင်းမရွေ့ ဓမ္မဏ္ဍာပို့နိဂုံး

ယေဇနာ၊ ရှစ်ပါးသော မဂ္ဂင် လုပ်ငန်းဝင်ကြတဲ့ အကြင်သူတော်ကောင်း တို့သည်॥ ပဒက္ခိဏာနိ၊ မွန်မြတ်သော အဓိသီလ သိက္ခာ၊ မွန်မြတ်သော အဓိ စိတ္တ သိက္ခာ၊ မွန်မြတ်သော အဓိပညာ သိက္ခာတို့ကို၊ ကတွာန ဆောက်တည်ပွားများ ဉာဏ်ရွှေ့သွားဖြင့် ကြိုးစား အားထုတ် နောက်မဆုတ်ဘဲ ပြုလုပ်ကြကုန်သည်ဖြစ်၍॥ ပဒက္ခိဏော၊ အရိယာဇာတ် ခိုဝင်ကပ်နိုင် သဖြင့် မွန်မြတ်လှကုန်သော॥ အတ္ထေ၊ ငါးအာရုံသိမ်း ဒွ မလိမ်းဘဲ တည်ကိန်း မဂ်တရား အကျိုးထူး အစားစားတို့ကို॥ လဘန္တိ၊ အားထုတ်တိုင်းပင် တည်နားယှဉ်လျက် ပေါ်လွင်ရရှိကြလေကုန်၏॥ အတ္တလဒ္ဓါ၊ အာနိသင် အစားစား တည်ရှိနားသဖြင့် ထင်ရှားရရှိ ကြကုန်သော॥ သုခိတာ၊ အဓိ သုံးဖြာသာသနာကြောင့် ချမ်းသာခြင်း ရှိကြကုန်သော॥ တေဇနာ၊ အရိယာနည်းတူ အကျင့်ပြုကြသည့် ထို သူ တော် ကောင်း တို့သည်॥ ဗုဒ္ဓ သာသနေ၊ မြတ်စွာဘုရား တည်ထောင် ထားခဲ့တဲ့ သုံးပါးသော သာသနာတော် မြတ်ကြီး၌॥ ဝိရူဠှာ၊ အတွင်းအပြင် လွန်ကြည်လင်၍ စည်ပင်ပြန့်ပွား မဂ်, ဖိုလ် နားအောင်

တက်သွားနိုင် ကြကုန်သည်ဖြစ်၍။ သဗ္ဗေဟိ၊ မိဘက်, ဘဘက် အနွယ် ဆက်သည့် အောက်ထက်နှစ်စုံ ခပ်သိမ်း ကုန်သော။ ဥဘတိဘိ၊ လောကီဆွေးမျိုး လောကုတ္တရာဆွေမျိုး ပွားစီး တိုး လာသည့် အမျိုးကောင်း အမျိုးမြတ်တို့နှင့်။ သဟ၊ သာသနာ ကြည်ဖြူ လုပ်ငန်းတူလျက် အတူတကွသာ။ အရောဂါ၊ ပိန်း ကြာဖက်တွင် ရေမတင်ဘိသကဲ့သို့ ကြည်လင် သန့်ရှင်း အနာ ရောဂါ ကင်းကြကုန်သည်။ သုခိတာ၊ အပါဒါန် အပါဒီ ဘေးမသိဘဲ ခိုင်တည်ချမ်းသာ, မြေစွာရှိကြကုန်သည်။ဟောန္တု ဘုရားတန်ခိုး, တရားတန်ခိုး, သံဃာ့တန်ခိုး အကျင့် တန်ဘိုး ကြောင့် မင်္ဂဉာဏ်တိုး၍ အမျိုးမျိုးသာ အကျိုးထူးတွေဖြစ်ကြ ပါစေကုန်သတည်း။

........း၀း........

# ပြဟ္မကာယောဂီ၏ ဝိတိသို့ပြဆိုခြင်း

ယေပုဂ္ဂလာ၊ ကိလေသာနှင့်, နိဗ္ဗာန်ဝင်လိုသည် အကြောင်း ပုဂ္ဂိုလ်တို့သည်၊ ကာယဒုစရိတာဒီနိစ၊ ကာယက မိုက်မှား၊ ကာယဒုစရိုက်တရားစသည်တို့ကိုရှင်၊။ ဝါကာယဒုစရိုက်၊ ဝစီ ဒုစရိုက်၊ မနောဒုစရိုက်တို့ကိုရှင်း၊ ရာဂါဒီ ကိလေသာနိစ၊ ရာဂ စသား ကိလေသာ အစားစားတို့ကိုရှင်း။ ဓမ္မာဝုဓေန၊ မဂ္ဂင် ရှင်ပါး ဆောင်ကျင့်ပွားရမည့် ထင်ရှားသော လက်နက်ကောင်း ကြီးများဖြင့်။ ယုဇ္ဇန္တိ၊ တွေ့ရာမှာဆိုင် ပညာကိုင်လျက် အနိုင် တိုက်ထုတ် ဝင်ကုန်၏။ ဇာတိတာသွာ၊ ထို့ကြောင့်။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်မြတ်တို့သည်။ ယောဂီ၊ ယောဂီ မည်ကုန်၏။ (ကာယဒုစရိတာဒီနိစ၊ ရာဂါဒိ ကိလေသာနိစ၊ ဓမ္မာဝုဓေန။

ယုဇ္ဇန္တိတိ ယောဂီ) ဟောသည့် ဝိဂ္ဂိုဟ်အရ သဘာဝကိုသာ ရှာ။ ဒုစရိုက် အဖြာဖြာ ကိလေသာ အမြစ်ပြုတ်အောင်တိုက် ထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ သဘောအညီ ဟောသည့် ခေတ်မှာ။ ယောဂီ အစစ်တွေပါ၊ ဒုစရိုက် အဝဝ ပယ်ကြဉ်ချ ဖြဟ္မဏ ယောဂီပါ။ သတ်မှုအဝဝ ပယ်ကြဉ်ချ ဖြဟ္မဏ ယောဂီပါ။ ခိုးမှုအဝဝ ပယ်ကြဉ်ချ ဖြဟ္မဏ ယောဂီပါ။ လွန်ကြူးမှု အဝဝ ပယ်ကြဉ်ချ ဖြဟ္မဏယောဂီပါ။ သောက်စားမှုအဝဝ ပယ်ကြဉ်ချ ဖြဟ္မဏ ယောဂီပါ။ ဟောဒီနေရာ သာကေနဲ့ အာဂမ လိုတာ။ ဂေါတမီ မိထွေး အသိပေးဘို့ရာ ဘဂဝါ ထွင်ရွှေသေနင်းကို ဝပ်စင်း လျှောက်ပန်ထွာ (ယဿ ကာယေန ဝါစာယ မနသာ နတ္ထိဒုက္ကဋံ) တဲ့။ အဟုတ်အမှန် ပယ်ကြဉ် ချိုးလျှင် တကာယ်ပင် အကျိုးလဲ ပြည့်ဝမှာ။ ရှိကြတဲ့ဆိုင်းဘုတ် ဝိုင်းဖြုတ်ကြ ခပ်မြန်မြန်, မဂ္ဂင်ရှစ်ထံ ဆောင်ပွားပြန် နာမံ ဘွဲ့သစ် လေးမည်ဖြစ်, မလစ်မလပ်, အားထုတ်ကြ။ သက်ရှေ ဆင်းလှ ဘေးကင်းပ၍ မြတ်စွာအမျိုး ဘုန်းတန်ခိုး ပြည့်ဖြိုး ကြွယ်ဝဖြဟ္မဏ။ ၁။ ကုသိုလ်အစုံ ကောင်းကျိုးဟုံ ပြည့်စုံလွှာ ယ။ ၂။ ဒုစရိုက်အဆက်ဆက် ကုန်တိုက်ဖျက် နှစ်သက် ကန္တာ ယ။ ၃။ စိတ်ကောင်းအားလုံး, အပြည့်ဖုံး, နှလုံးကြည်သာ မနေပါ။ ၄။ မင်္ဂိုလ်ကောင်းကျိုး, ပွားစီးတိုး, အားကိုး ဟိ တာယ၊ ၅။ အပါယ်လေးရွာ မရောက်ပါ ချမ်းသာ သုခါယ။ ဒုပါပကုန်စင်, ဝါစာ, ကမ္မတ္တ, အာဇီဝမဂ္ဂင်၊ အဓိသီလသိက္ခာ တပ်ဆင်။ အဒေါသ ဟော်တပ်ပိုင်ရှင်, ဒေါသ ကိလေသာကိုနှင်, ငြိမ်းချမ်းရေးလမ်းစဉ်, ဒေါသကွာယနိဗ္ဗာန်ကိုဝင်။

……:o:……

## လေးအိမ်စု ဆရာတော်၏ သိက္ခာ(၃)ပါး ကန်တော့ခန်းကို လင်္ကာဖြင့် ပု, ဒိ, အာတိုင် ပြဆိုခြင်း

၁။ သဗ္ဗပါပဿ အကရဏံ၊ တော်ဗုဒ္ဓါန သာသနံ စာမမ္မက္ခန် သဘောလာအရ ဩကာသက သီလကျင့်စဉ် ကိုယ်မှိုက်,နှုတ်မှိုက်, စိတ်မှိုက် ပယ်ကြဉ်၊ ကာယကံ, ဝစီကံ မနောကံ ဖြူစင်။ ဝါစာ, ကမ္မန္တ, အာဇီဝ,မဂ္ဂင်၊ အဓိသီလ သိက္ခာ တပ်ဆင်၊ အဒေါသ ဟိတ်ပိုင်ရှင်၊ ဒေါသကိလေသာကိုနှင့်။ အို,နာ ဘေးမှကင်းဝေး စင်၊ ဒေါသကွယ် နိဗ္ဗာန်ကိုဝင်၊ ဘေးမဲ့ အေးမြ ထာဝစဉ်။

၂။ ကုသလဿ ဥပသမ္ပဒါ တော်ဗုဒ္ဓါန သာသနံ စာမမ္မက္ခန် သိသာကြဘို့ ဣမာယက တဗ္ဗကျင့်စဉ်၊ ဒွတ္တိံသ သမာပတ် ကိုဝင်။ သမ္ပမ္ပခါန်၊ သတိပဋ္ဌာန် သမာဓိချာန်ယှဉ်၊ ဝါယမ, သတိ, သမာဓိ, မဂ္ဂင်၊ အဓိ စိတ္တ သိက္ခာ တပ်ဆင်၊ အလောဘ ဟိတ်ပိုင်ရှင်၊ လောဘ ကိလေသာကိုနှင့်၊ ပဋိသန္ဓေနေခြင်း ဘေးမှ ကင်းဝေးစင်။ ရာဂကွယ် နိဗ္ဗာန်ကိုဝင် ဘေးမဲ့ အေးမြ ထာဝစဉ်။

၃။ သစိတ္တ ပရိယောဒပနံ တော်ဗုဒ္ဓါန သာ သနံ။ စာမမ္မက္ခန်မှတ်စေကြဘို့၊ သဗ္ဗေကာစ ပု, ဒိ, အာကျင့်စဉ်၊ ဇောဋ္ဌာသစု လက္ခဏာ ရှုထင်၊ သစ္စာ, ဝိတက်, မပျက် သိမြင် ဒိဋ္ဌိ သင်္ကပ်, နှစ်ရပ်မဂ္ဂင်၊ အဓိပညာ သိက္ခာတပ်ဆင်။ အမောဟ [illegible] ကိလေသာ ကိုနှင့်၊ သေခြင်းဘေးမှကင်း [illegible] နိဗ္ဗာန်ကိုဝင်၊ ဘေးမဲ့ အေးမြ ထာဝစဉ်။

[illegible] ကမ္ဘာအေး၊ ရန်ကုန်။

သရာစိန်

## အကျယ်ကို အလိုရှိပါက

မန္တလေးမြို့-စတုဘုမ္မိက-မဂ္ဂင်ရိပ်သာ
သာသနာပြု-ဝိပဿနာ-သင်တန်းပြ ကမ္မဋ္ဌာနာစရိယ
ကျေးဇူးရှင်—နံ့ယောဆရာတော်ဘုရားကြီး
ပြုစုရေးသားတော်မူသော-ဒွတ္တိံသာလောက ဒီပနီ ကျမ်းကြီးမှာ
ကြည့်ရှုတော်မူကြပါ။

---

အဖုံးရိုက်-ကာလာမောင်ဝင်း